# ကြေးမုံ
The Mirror Daily
Established in 1957



**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည် သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)



၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 March 2021 ၁၀၃၁၉


# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၆


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



သာစည်မြို့နယ် ဟံဇားတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေမှုကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ



အမ်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)တွင် ဒေသခံပြည်သူများအား လက်ခံကုသပေးစဉ်။

နေပြည်တော် မတ် ၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၂၇၇၈ ဦး၊ အတွင်းလူနာ ၄၀၁၃ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊

စာမျက်နှာ ၃ ကော်လံ ၃ သို့ ■

## ကြေးမုံ ယနေ့ ဖတ်စရာ


(၁၈)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (18th ASEAN Military Intelligence Meeting-AMIM-18) ကျင်းပ

စာမျက်နှာ » ၃


စေတနာမှန်း သိနားလည်နိုင်တဲ့ ဉာဏ်ပညာများနဲ့ နိုင်ငံ့အကျိုးကို ရှေးရှုကာ ပူးပေါင်းပါဝင်နိုင်ကြစေ

စာမျက်နှာ » ၆

အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်

စာမျက်နှာ » ၁၀





# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## ကြေးမုံ

## တည်ငြိမ်အေးချမ်းမှုဖြင့် အကျိုးစီးပွားဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်(၉)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လျင်လျင်မြန်မြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာတွင် မြို့နယ်အများစုအား တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်ပြီဖြစ်သည်။ အချို့မြို့နယ်အနည်းငယ်တွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်ဖျက်ဆီးတိုက်ခိုက်သတ်ဖြတ်မှုများရှိနေသဖြင့် စစ်အုပ်ချုပ်ရေးထုတ်ပြန်ကာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်တွင် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများသည် တိုင်းပြည်၏ပုံရိပ်ကို ထိခိုက်စေပြီး မည်သည့်နိုင်ငံကမျှ မနှစ်သက်သောလုပ်ရပ်များဖြစ်သည်။ ပြည်သူအများစုသည် တည်ငြိမ်အေးချမ်းရေးကိုလိုလားပြီး အေးချမ်းစွာနေထိုင်လုပ်ကိုင်လိုကြသည်။ သို့သော် အကြမ်းဖက်ဆူပူဖျက်ဆီးလိုသူများက လမ်းပေါ်ထွက် ဆူပူအကြမ်းဖက်မှုများပြုလုပ်နေဆဲဖြစ်၍ အများပြည်သူအကျိုးငှာ တည်ငြိမ်အေးချမ်းမှုဖြစ်လာအောင် စိတ်ရှည်သည်းခံပြီး အသက်သာဆုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်တို့ကို အားလုံးနားလည်လာအောင် ပြည်သူအချင်းချင်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းပြည်မတည်မငြိမ်မှု ကြာရှည်လာသည်နှင့်အမျှ လူမှုစီးပွားလုပ်ကိုင်မှုများ အခက်အခဲများစွာ ကြုံတွေ့လာရသည်။ အထူးသဖြင့် အခြေခံပြည်သူအများစု စားဝတ်နေရေး ကျပ်တည်းခက်ခဲလာကြသည်။ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အလုပ်အကိုင်များပွင့်လန်းလာရေး၊ အေးချမ်းစွာလုပ်ကိုင်စားသောက်နေထိုင်ရေးကို ရှေးရှုကြရမည်ဖြစ်သည်။ မိမိတို့လိုလားသော ရည်မှန်းချက်များကို ငြိမ်းချမ်းစွာအဖြေရှာကြရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ ချမှတ်ထားသည်။

အဓိကမှာ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောင်လည်ရေးဖြစ်သည်။ ပြည်သူများအားလုံး စားဝတ်နေရေးအဆင်ပြေပါက လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ ဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးဖြစ်၍ မူလအခြေအနေသို့ ပြန်လည်မရောက်နိုင်သေးသော်လည်း လိုအပ်သောလုံခြုံရေးကို ဆောင်ရွက်ပေးပြီး ပြန်လည်ဖွင့်လှစ်နိုင်ရန် မှာကြားထားပြီးဖြစ်သည်။ လုပ်ငန်းများပြန်လည်လည်ပတ်ရာတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးမှာ အရေးကြီးသဖြင့် နေရောင်ခြည်လျှပ်စစ်ဓာတ်အားကဲ့သို့ အခြားနည်းလမ်းများဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုသောနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်နေသည်။ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်တည့်မတ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။ အားပေးကူညီကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ထုတ်ပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ချေးငွေများကို လက်တွေ့အကျိုးဖြစ်ထွန်းအောင် မှန်မှန်ကန်ကန် သုံးစွဲသွားရန်လိုအပ်သည်။ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်လျက်ရှိပြီး ပုဂံ၊ မန္တလေး၊ ကျိုက်ထီးရိုး၊ ငပလီ၊ ချောင်းသာဒေသများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာပြီး မြို့နယ်အလိုက် ဖြစ်ပွားနှုန်းလျော့ကျလာသည်မှာ ကောင်းသောလက္ခဏာဖြစ်သည်။ မကြာမီကာလတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာဖြစ်သည့် နှစ်သစ်ကူးကာလသို့ ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်သစ်ကူးကာလတွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးစည်းကမ်းများနှင့်အညီ ပြည်သူများပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေစဉ် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက်လည်း မျက်ခြည်မပြတ်ဆောင်ရွက်နေသည်။ လက်ရှိအခြေအနေတွင် ပွဲလန့်တုန်းဖျာခင်းလိုသည့် အကြံအစည်များကိုလည်း သတိထားရမည်ဖြစ်သည်။ နှောင့်ယှက်ဖျက်ဆီး သွေးထိုးလှုံ့ဆော်မှုများကိုလည်း သတိထားကာ ကာကွယ်သွားကြရမည် ဖြစ်သည်။

အကြောင်းကြောင့် အကျိုးဖြစ်လာသော မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကို ဓမ္မဓိဋ္ဌာန်ကျကျ သေချာစွာရှုမြင်သုံးသပ်ဆင်ခြင်ပြီး တိုင်းပြည်အကျိုးစီးပွား၊ မိမိတို့အကျိုးစီးပွား၊ မိမိတို့ရည်မှန်းချက်များ မနစ်နာအောင် ဆောင်ရွက်ကြရန် လိုအပ်သည်။ တိုင်းပြည်အရေးကို ဥပဒေနှင့်အညီ အမြင်ရှင်းရှင်းဆောင်ရွက်ကြရန်လိုအပ်သည်။ အေးအေးချမ်းချမ်းဖြင့် အေးအတူပူအမျှ လက်တွဲဆောင်ရွက်မည်ဆိုသည့်စိတ်ထား ထားရှိရန်လိုအပ်သည်။ တည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းကာ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်အောင် ဆောင်ရွက်နေသောလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ပြည်သူအားလုံးတို့အား လေးစားစွာ တိုက်တွန်းအပ်ပါကြောင်း။ ။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၆-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၅၅၄ | ၅,၁၅၂,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅၉၂ | ၂,၀၆၉,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၂.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၃၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၅၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၈.၀၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၃၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၆.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၅၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့်ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# (၁၈)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (18th ASEAN Military Intelligence Meeting–AMIM–18) ကျင်းပ




**နေပြည်တော် မတ် ၁၆**

(၁၈)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (18th ASEAN Military Intelligence Meeting – AMIM–18) ကို အွန်လိုင်းဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

**ပါဝင်ဆွေးနွေး**

အဆိုပါ ဗီဒီယိုကွန်ဖရင့်တွင် မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံမှ Colonel Haji Mohammad Muluddin Bin Awang Haji Latif နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကမ္ဘောဒီးယားနိုင်ငံမှ Lieutenant General Hun Manith နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှားနိုင်ငံမှ Major General Andjar Wiratma နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုနိုင်ငံမှ Major General Thongvanh Chanthavong နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားနိုင်ငံမှ Lieutenant General Datuk Ahmad Norihan Bin Jalal နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်နိုင်ငံမှ Brigadier General Charlton Sean Gaerlan နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူနိုင်ငံမှ Brigadier General Ng Chad–Son နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းနိုင်ငံမှ Lieutenant General Natee Wongissares နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်နိုင်ငံမှ Lieutenant General Pham Ngoc Hung နှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆွေးနွေးကြသည်။

ဦးစွာ 18th ASEAN Military Intelligence Meeting (AMIM–18) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Colonel Haji Mohammad Muluddin Bin Awang Haji Latif က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် “ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper)”ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအလိုက် အလှည့်ကျဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံထောက်လှမ်းရေးအရာရှိငယ်များ အပြန်အလှန် ခရီးစဉ်ဖလှယ်ရေးကိစ္စရပ်များ၊ အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်း တည်ထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ယင်းနောက် AMIM–18 ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Colonel Haji Mohammad Muluddin Bin Awang Haji Latif က အပိတ်မိန့်ခွန်းပြောကြားပြီး 19th ASEAN Military Intelligence Meeting (AMIM–19) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ Lieutenant General Hun Manith ထံသို့ ဥက္ကဋ္ဌတာဝန်များအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ Lieutenant General Hun Manith က လွှဲပြောင်းလက်ခံမှုမိန့်ခွန်းပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ ရှေ့ဖုံးမှ**

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**■ တိုင်းဒေသကြီးမှ**

ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၂၉၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၇၆၇ ဦး စုစုပေါင်း ၅၀၆၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများနှင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများ တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၈၄၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၈၆၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၄၇၀၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံ တက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် မတ် ၁၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်များကို အခြေအနေအရ လွှဲပြောင်းရယူခဲ့ရပြီးနောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်ကို သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ယိမ်းယိုင်မှုမရှိအောင် ကိုယ်စီကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်အပေါ် အထူးပင်ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ် (၅)ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးယန္တရား၏ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏မူဝါဒများ အောင်မြင်စေရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ခေတ်အဆက်ဆက် မည်သည့်အစိုးရ၊ မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ် ကျရာအခန်းကဏ္ဍမှာ တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံမှာကြားပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၃ ဦးနှင့် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၉၄ ဦး စုစုပေါင်းဝန်ထမ်း ၁၂၇ ဦးတို့အတွက် ဆန်၊ စားသုံးဆီ၊ ကြက်ဥနှင့် ကြက်သွန်များ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အခြေခံမော်တာအပ်ချုပ်စက် သင်တန်းဆင်းပွဲနှင့် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဖွင့်ပွဲ ကျင်းပ

**ဘားအံ မတ် ၁၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲနှင့် အဆင့်မြင့်မော်တာအပ်ချုပ်စက် သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ လှာကမြင် (ကွက်သစ်) ပြည်နယ်ကျေးလက်ရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တာအပ်ချုပ်စက် သင်တန်းထူးချွန်ဆုရရှိသူ သုံးဦးအား ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်တို့က မော်တာအပ်ချုပ်စက်တစ်လုံးစီ ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြကာ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့သင်တန်းဆင်းသည့် အခြေခံမော်တာအပ်ချုပ်စက်သင်တန်းကို သင်တန်းသူ ၁၇ ဦးဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၁၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး စက်နင်းလေ့ကျင့်ခြင်း၊ အခြေခံစက်ချုပ်ရိုးများလေ့ကျင့်ခြင်း၊ ပေကြိုးပေတံ အခေါ်အဝေါ်နှင့် ကိုယ်တိုင်းနည်းများ သင်ကြားပေးခြင်း၊ ကလေးဝတ်ဘောင်းဘီ၊ မိန်းမဝတ်ရင်စေ့အင်္ကျီ၊ ရင်ဖုံးအင်္ကျီ၊ စကတ်ထဘီ၊ လေးလွှာစကတ်ချုပ်နည်းများကို သင်ကြားပေးခဲ့ကာ အဆိုပါသင်တန်းသူ ၁၇ ဦးအား အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းအနေဖြင့် မတ် ၁၅ ရက်မှ ဧပြီ ၁၉ ရက်အထိ လေးပတ်ကြာ ထပ်မံဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခမ်းအနားအပြီးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အခြေခံမော်တာအပ်ချုပ်စက်သင်တန်းဆင်း သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် ကန်နီကြီးတဲတိုက်ရှိ ဒေသခံပြည်သူများ သောက်သုံးရေ အခက်ကြုံနေ၍ ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး မတ် ၁၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကန်နီကြီးတဲတိုက်ရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ မတ် ၁၅ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်များဖြင့် သွားရောက်ပြီး သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကန်နီကြီးတဲတိုက်သည် အိမ်ခြေ ၄၃ လုံး၊ လူဦးရေ ၂၀၀ ကျော်ခန့်ရှိပြီး ဒေသခံပြည်သူများမှာ သောက်သုံးရေအတွက် စက်ရေတွင်းနှင့် မြေသားမိုးရေလှောင်ကန်မရှိသည့်အတွက် အနီးဝန်းကျင် ကျေးရွာများသို့ သွားရောက်၍ သောက်သုံးရေဝယ်ယူသုံးစွဲရပြီး ယခုလို ပွင့်လင်းရာသီချိန်ရောက်သည့်အခါတွင် သောက်သုံးရေအတွက် နှစ်စဉ် အခက်ကြုံတွေ့နေရကြောင်း သိရသည်။

ကျေးရွာနေပြည်သူများက သောက်သုံးရေ အခက်ကြုံတွေ့နေရသည့်အတွက် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပရဟိတရေလှူအဖွဲ့မှ ဦးဝင်းမင်းထွန်းနှင့် ချိတ်ဆက်၍ သောက်သုံးရေ လာရောက်လှူဒါန်းပေးရေး အကူအညီတောင်းခံခဲ့သဖြင့် ယမန်နေ့ နံနက်ပိုင်းက သောက်သုံးရေ ကုသိုလ်ရှင်များ၏ လှူဒါန်းမှုအစီအစဉ်ဖြင့် ဦးဝင်းမင်းထွန်းဦးဆောင်သော ပရဟိတရေလှူအဖွဲ့က သောက်သုံးရေဂါလန် ၁၆၀၀ ကို အိမ်ခြေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် သောက်သုံးရေ အခက်ကြုံတွေ့ပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဦးဝင်းမင်းထွန်း ဖုန်း - ၀၉၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများအနေဖြင့်လည်း သောက်သုံးရေ ကုသိုလ်ပြုလှူဒါန်းလိုပါက အထက်ပါ ဖုန်းနံပါတ်အား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်ဇုန်များမှ ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးအား ယနေ့ မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(MHA) မှ မန္တလေးဇုန်၊ ပုဂံ၊ ပြင်ဦးလွင်ဇုန်ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မိတ္ထီလာ၊ ရမည်းသင်းမှ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။





**ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ခေါ်ယူရခြင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဟိုတယ်များကာလကြာရှည်စွာ ပိတ်ထားရခြင်းကြောင့် လုပ်ငန်းရှင်များ အခက်အခဲများရှိနေသည်ကို သိရှိရပါကြောင်း၊ ယခု အခါနိုင်ငံတော်၏ ချမှတ်ထားသော လုပ်ငန်းစဉ် (၅)ရပ်မှ တတိယ အချက်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွား ရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစား သွားမည်ဟူသောအချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ယာဉ်လိုင်းများပြန်လည် ပြေးဆွဲခြင်းနှင့် ဈေးများပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်းများ ကို ဟန်ချက်ညီဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အမြန်ဖြေရှင်းပေးပြီး တိုင်းဒေသကြီးတိုးတက်ရေးနှင့် သာယာလှပရေး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း သဘာဝအလှ၊ သဘာဝအပန်းဖြေနေရာများ များစွာရှိပြီး ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းနှင့် အပန်းဖြေနေရာ လိုင်စင်ချထားမှုများ နှောင့်နှေးကြန့်ကြာမှုမရှိရေးအတွက် ဖြေလျှော့မှုများ ပြုလုပ်ပေး ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၄) ဦးသိန်းဌေးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ဟိုတယ်လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ခရီးစဉ် ဒေသများ ဖော်ထုတ်မြှင့်တင်ခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေများ အား Powerpoint ဖြင့် ရှင်းလင်းတင်ပြသည်။

၎င်းနောက် တက်ရောက်လာသူများက အသင်းအဖွဲ့ကိစ္စရပ်များ၊ လိုင်စင်ကိစ္စရပ်များ၊ အခွန်အခကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်လုပ်ငန်းများအား ကိုဗစ်-၁၉ ကာကွယ်ရေး Version 2.0 နှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ ရသည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင် များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိ စေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်း များကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော် သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေ များကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမ များ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်နှင့် ချင်းပြည်နယ် ဟားခါး၊ တီးတိန်၊ ဖလမ်း၊ တွန်းဇံ၊ ထန်တလန်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ က သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ် တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက် ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စေတနာမှန်း သိနားလည်နိုင်တဲ့ ဉာဏ်ပညာများနဲ့ နိုင်ငံ့အကျိုးကို ရှေးရှုကာ ပူးပေါင်းပါဝင်နိုင်ကြစေ

ကိုထွန်းခင်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းက သိင်္ဂါလငှက်မျိုးမှာဖြစ်ပြီး ဟိမဝန္တာတောအလယ်မှာ မိုးလုံလေလုံလှပတဲ့ အသိုက်ကို ဆောက်ပြီးနေပါတယ်။ မိုးအဆက်မပြတ်ရွာတဲ့ တစ်နေ့မှာ မျောက်တစ်ကောင်ဟာ မိုးရေတွေရွဲစို ခိုက်ခိုက်တုန်နေပြီး သစ်ကိုင်းတစ်ကိုင်းကို မိုးခိုနေရပါတယ်။

**လူကဲ့သို့ အသိဉာဏ်ပညာမရှိ**

သိင်္ဂါလငှက်ကမြင်တော့ အဆွေမျောက် သင်သည် ဦးခေါင်း၊ ခြေလက်မှအစ လူနဲ့ တူပါလျက် ဘာကြောင့် အိမ်မရှိသလဲလို့ မေးပါတယ်။ မျောက်က သိင်္ဂါလငှက်အား ငါရဲ့ ဦးခေါင်း၊ ခြေလက်တို့ဟာ လူနဲ့တူပါတယ်။ ဒါပေမယ့် ငါ့မှာ လူကဲ့သို့ အသိဉာဏ်ပညာ မရှိပါလို့ ပြန်ပြောပါတယ်။

> **နိုင်ငံကို အရေးပေါ်အခြေအနေကြေညာထားတဲ့ ယခုအချိန်မှာလည်း နိုင်ငံကောင်းဖို့ တပ်မတော်က စိတ်စေတနာမှန်နဲ့ လုပ်ဆောင်နေခြင်းဖြစ်တယ်၊ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မည်မဟုတ်ဘဲ အမျိုးဘာသာသာသနာ ရေရှည်တည်တံ့စေရေးအတွက် ဦးလည်မသုန် ကြိုးပမ်းတည်ဆောက်နေခြင်း ဖြစ်တယ်လို့ အားလုံးက စိတ်ချလက်ချ ယုံကြည်ပြီး စိတ်ဝမ်းမကွဲပြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုင်ငံကောင်းကျိုးအတွက် ပူးပေါင်းလုပ်ဆောင်ဖို့ တာဝန်ကျေကြဖို့လိုပါတယ်။**

သိင်္ဂါလငှက်လည်း အဆွေမျောက် အိမ်မရှိဘဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းရှိမည်မဟုတ်။ သင်သည် မိမိခွန်၊ မိမိအားကို အသုံးပြုပြီး အချမ်းနဲ့ လေဒဏ်ကို ကာကွယ်နိုင်တဲ့ အိမ်တစ်ခုကို တည်ဆောက်ပါလို့ တိုက်တွန်းပါတယ်။

**ဉာဏ်ပညာနည်းသူကို ဆုံးမမိ**

မျောက်က “မိုးလုံလေလုံထဲနေပြီး ငါ့ကို ဆုံးမနေတယ်” ဟုဆိုကာ ငှက်ကို ရန်ပြုတိုက်ခိုက်ဖို့ ပြေးလာပါတယ်။ ငှက်လည်း ပျံထွက်ပြီး တစ်နေရာမှာ နားနေရပါတယ်။ ငှက်ကို မမိတဲ့အတွက် မျောက်လည်း စိတ်ဆိုးဒေါသထွက်ကာ အသိုက်ကို မှုန့်မှုန့်ညက်ညက်ခြေကာ ဖျက်ဆီးခဲ့ပါတယ်။ ဉာဏ်ပညာနည်းသူကို ဆုံးမမိတဲ့အတွက် ငှက်ရဲ့အသိုက်လည်း ပျက်စီးသွားခဲ့ရပါတယ်။

ဒါကြောင့် နားထောင်လေ့မရှိတဲ့၊ စိတ်ဆိုးဒေါသထွက်လွယ်တဲ့ လူမိုက်ကို ဆိုဆုံးမမိရင် မိမိရဲ့အကျိုးကို ပြန်ပြီးတောင်ဖျက်ဆီးတတ်တာကို ဒီပုံပြင်လေးက သက်သေပြနေပါတယ်။ စေတနာဆိုတာ သူတစ်ပါးကောင်းကျိုးကို လိုလားတာလို့ အဓိပ္ပာယ်ရပြီး ကောင်းစေချင်တဲ့ စိတ်စေတနာနဲ့ ဆိုဆုံးမသော်လည်း ဉာဏ်ပညာနည်းတဲ့အခါ သူ့အတွက်ပြောလို့ ပြောမှန်းမသိ၊ ကိုယ့်အတွက် ပြောလို့ပြောမှန်းမသိ အကောင်းကိုအဆိုးထင်ကာ စေတနာအမှားတွေလည်း ဖြစ်တတ်တယ်ဆိုတာ သတိပြုမိဖို့ ညွှန်ပြနေပါတယ်။

ဒ့ါအပြင် စိတ်ဆိုတာ ပြောင်းလဲတတ်တဲ့ သဘောရှိပါတယ်။ ဒါကြောင့်လည်း လူ့စိတ်ဟာ မျောက်စိတ်လိုပဲလို့ ဆိုကြတာဖြစ်ပါတယ်။ အခုကောင်းနေပေမယ့် ခဏနေ ဆိုးချင်ဆိုးတာ ဖြစ်ပါတယ်။ အကောင်းပြောနေပေမယ့်လည်း ကိုယ့်စိတ်နဲ့ အကြောင်းမတိုက်ဆိုင်တဲ့အခါ စိတ်ဆိုးဒေါသဖြစ်မိတတ်ပါတယ်။

**အကျိုးပေးလည်း ထက်သန်မှာဖြစ်**

ဒါပေမယ့် ပြောတဲ့သူ၊ ဆိုဆုံးမတဲ့သူကလည်း စေတနာမှန်ဖို့ လိုအပ်ပါတယ်။ စေတနာမှန်ရင် အကျိုးပေးတယ်ဆိုတဲ့စကားလည်း ရှိတာကြောင့် စေတနာနဲ့ လုပ်တဲ့အလုပ်တစ်ခုဟာ အကျိုးပေးလည်း ထက်သန်မှာဖြစ်ပါတယ်။ “စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ” စေတနာဟာ ကံလို့မြတ်စွာဘုရားရှင် ဟောကြားခဲ့ပါတယ်။

စေတနာကောင်းရင် ကံကောင်းမှာ ဖြစ်ပါတယ်။ စိတ်စေတနာဆိုးရင်လည်း ဆိုးတဲ့စိတ်စေတနာအတိုင်းပဲ အကျိုးပေးမှာ ဖြစ်ပါတယ်။ ကိုယ်ထားတဲ့ စေတနာ အတိုင်းအဆပမာဏအတိုင်း ပြန်လည်ခံစားရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ စေတနာနဲ့ ပြောဆိုလိုက်ပေမယ့်လည်း ဖော်ပြခဲ့တဲ့ ပုံပြင်ထဲက ငှက်ငယ်လို ခံလိုက်ရတဲ့ဖြစ်စဉ်တွေများလာတော့ စေတနာက လူတိုင်းနဲ့မတန်ဘူး၊ ထားသင့်မှ ထားတော့မယ်ဆိုတဲ့ အသိတစ်ခုလည်း ရလာပါတယ်။

သူကောင်းမှ ကိုယ်ကောင်းမယ်ဆိုတဲ့ စိတ်မျိုး မထားသင့်ပါဘူး၊ ကိုယ်က စေတနာထားလိုက်လို့ အဲဒီလူက ကိုယ့်အပေါ်အကောင်းမထင်၊ စေတနာ ရောင်ပြန်မဟပ်ရင်လည်း ကိုယ့်စေတနာက အခြားတစ်ဖက်ကပြန်ပြီး အကျိုးခံစားရပါတယ်၊ ဘာပဲဖြစ်ဖြစ် စေတနာထားပါလို့ သက်ကြီးဝါကြီးတွေ ဆုံးမဖူးတာ မှတ်မိနေပါတယ်။

**နားလည်ခွင့်လွှတ်နိုင်မှာဖြစ်**

စေတနာနဲ့အတူ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားဆိုတဲ့ ဗြဟ္မစိုရ်တရားတွေလည်းပါဖို့ လိုပါတယ်။ ဒါမှသာ စေတနာနဲ့ လုပ်ကိုင်ဆောင်ရွက်ပေမယ့်လည်း နားမလည်နိုင်တဲ့သူတွေနဲ့ တွေ့ဆုံရတဲ့အခါ သို့မဟုတ် စေတနာအမှားတွေကြောင့် နားလည်မှုတွေလွဲတဲ့အခါမှာ ရန်လိုမုန်းတီးမှုတွေ မရှိဘဲ နားလည်ခွင့်လွှတ်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အချုပ်အခြာပိုင် နိုင်ငံတစ်ခုဖြစ်ပြီး လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါတယ်။ နိုင်ငံတွေတိုင်းမှာ ကြုံတောင့်ကြုံခဲ အခြေအနေတစ်ခုဖြစ်တဲ့ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနဲ့ စုဖွဲ့ထားတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့၊တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ တိုင်းရင်းသားပြည်သူတွေရဲ့ လိုလားချက်ဖြစ်သလို နိုင်ငံအပေါ်ဖြစ်စေချင်တဲ့ စိတ်စေတနာတွေလည်း ဖြစ်ပါတယ်။

**သစ္စာစောင့်သိဖို့ လိုအပ်**

မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြသူတွေသာမက ကမ္ဘာကြီးရဲ့ မည်သည့်အရပ်ဒေသမှာ ရောက်ရှိနေထိုင်သည်ဖြစ်စေ မြန်မာပြည်ဖွား တိုင်းရင်းသားတွေအားလုံးဟာ မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေနိုင်ငံတစ်ခု၊ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါရပ်တည်စေချင်တဲ့ စိတ်စေတနာရှိကြပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ အချင်းချင်းအကြား ညီညွတ်မှုတတဲ့ သဟဇာတဖြစ်မှုတွေ လိုအပ်ပါတယ်။ ပြည်သူတွေ တာဝန်သိဖို့၊ အသိပညာအတတ်ပညာတွေ ပြည့်ဝဖို့၊ စည်းကမ်းကျနဖို့၊ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ကျေပွန်ဖို့၊ သစ္စာစောင့်သိဖို့ လိုအပ်ပါတယ်။

တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စိတ်စေတနာတွေကတော့ နိုင်ငံသားတိုင်းမှာ ရှိကြတာမှန်ပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင်လည်း ကြိုးစားချင်ကြပါတယ်။ လောကကောင်းကျိုး၊ လူသားတွေရဲ့ ကောင်းကျိုးကို တိုးတက်ဖွံ့ဖြိုးအောင် အပြုသဘောဘက်မှ မေတ္တာ၊ စေတနာနဲ့ ပါဝင်ရွက်ဆောင်သယ်ပိုးသူဟာ လောကတ္ထစရိယာကို ဖြည့်ကျင့်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ မှန်ကန်တဲ့ စိတ်စေတနာဖြစ်ဖို့၊ လုပ်ရပ်တွေမှန်ကန်ဖို့ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေ လိုပါတယ်။ သားစဉ်မြေးဆက် အနာဂတ်ကောင်းကျိုးအတွက် ရှေးရှုဦးတည်ကာ စေတနာထားလျက် အသက်ကိုနှင်းဆက်ပြီး ရှေ့ကမြန်မာတွေ တာဝန်ကျေခဲ့ကြပါတယ်။

**တာဝန်ကျေကြဖို့လို**

နိုင်ငံကို အရေးပေါ်အခြေအနေကြေညာထားတဲ့ ယခုအချိန်မှာလည်း နိုင်ငံကောင်းဖို့ တပ်မတော်က စိတ်စေတနာမှန်နဲ့ လုပ်ဆောင်နေခြင်းဖြစ်တယ်၊ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မည်မဟုတ်ဘဲ အမျိုးဘာသာသာသနာ ရေရှည်တည်တံ့စေရေးအတွက် ဦးလည်မသုန် ကြိုးပမ်းတည်ဆောက်နေခြင်း ဖြစ်တယ်လို့ အားလုံးက စိတ်ချလက်ချ ယုံကြည်ပြီး စိတ်ဝမ်းမကွဲပြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုင်ငံကောင်းကျိုးအတွက် ပူးပေါင်းလုပ်ဆောင်ဖို့၊ တာဝန်ကျေကြဖို့လိုပါတယ်။

စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ဖို့၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ဖို့နဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံတွေအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာကျင့်သုံးဖို့ဆိုတဲ့ နိုင်ငံရေးဦးတည်ချက် ၃ ရပ်အပါအဝင် စီးပွားရေး၊ လူမှုရေးဦးတည်ချက်တွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ကာ ကြိုးစားဆောင်ရွက်နေပါတယ်။

နိုင်ငံကောင်းကျိုးအတွက် စိတ်စေတနာမှန်နဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကို အနာဂတ်ခေါင်းဆောင်ဖြစ်လာကြမယ့် ချစ်လှစွာသော လူငယ်အပေါင်းတို့က စေတနာမှန်း သိနားလည်နိုင်တဲ့ ဉာဏ်ပညာများနဲ့ နိုင်ငံအကျိုးကို ရှေးရှုကာ အပြုသဘောဆောင် ပူးပေါင်းပါဝင်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

> **နိုင်ငံကောင်းကျိုးအတွက် စိတ်စေတနာမှန်နဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကို အနာဂတ်ခေါင်းဆောင်ဖြစ်လာကြမယ့် ချစ်လှစွာသော လူငယ်အပေါင်းတို့က စေတနာမှန်း သိနားလည်နိုင်တဲ့ ဉာဏ်ပညာများနဲ့ နိုင်ငံအကျိုးကို ရှေးရှုကာ အပြုသဘောဆောင် ပူးပေါင်းပါဝင်နိုင်ကြပါစေဟု**

## “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရား၊ စေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေး ခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေး မြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော် ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများ နှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်း များနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက် ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်



**နေပြည်တော် မတ် ၁၆**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်း များနှင့် ဘာသာရေးကျောင်းများတွင် အဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိစစ်သည် အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ် အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း နှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ် မြို့၊ မိုင်းဖြတ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ခြောက်ကျောင်းသို့ ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်း များကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရောဝတီ တိုင်းဒေသကြီး ပုသိမ်မြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း များနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၂ ကျောင်းရှိ သံဃာ တော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများ ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ ကောင်းမှုလျှံ ဘုန်းတော်ကြီးကျောင်း၊ ဆိုက်ခေါင်ဘုန်းတော်ကြီးကျောင်း နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ညိုတောရ စာသင် တိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို တပ်မတော်မှ ဆေးအဖွဲ့ များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၆**

တပ်မတော်က တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ နှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများ အား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင် ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၅ ရက် နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နှင့် လောက်ကိုင်မြို့အတွင်းရှိ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူ များကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အေးသာ ယာမြို့၊ ဟိုပုံးမြို့၊ ကလောမြို့၊ အောင်ပန်းမြို့ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မိုးနဲမြို့၊ မောက်မယ်မြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ ကျိုင်းတောင်းမြို့နှင့် ကယား ပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး



ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ် နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့၊ မိုင်းဖြတ်မြို့နှင့် မိုင်းခတ်မြို့များ အတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ် နေရာ အသီးသီး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော် ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဌာန ဆိုင်ရာ ဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြု များပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင် ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ က သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

## တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဇီးကုန်းမြို့နှင့် သာယာဝတီမြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား မတ် ၁၃ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အဖွင့်အမှာစကားပြောကြားပြီး တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❁ ကျောဖုံးမှ**

၂၀၁၅ ခုနှစ်တွင် ပဉ္စမအကြိမ်ဟူ၍ (၅)ကြိမ်အထိ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆဋ္ဌမအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ဆဋ္ဌမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရာတွင် ငြမ်းဆင်ခြင်းနှင့် ရွှေဆိုင်းများကို တင်ဒါစနစ်ခေါ်ယူခြင်းအား ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ ငြမ်းထိုး/ငြမ်းဆင်လုပ်ငန်းစတင်ခြင်းကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိလည်းကောင်း၊ စေတီတော်မှ ရွှေဟောင်း(မိုက်ထုတ်)လုပ်ငန်းနှင့် အထွေထွေပြုပြင်ရေးကို နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ ရွှေသင်္ကန်းနှင့် ရွှေစင်ရွှေသား ကပ်လှူရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိလည်းကောင်း၊ အရန်ကာလအဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ငြမ်းဖျက်သိမ်းခြင်းလုပ်ငန်းကို မတ် ၁ ရက် မှ ၂၅ ရက်အထိလည်းကောင်း လျာထားသတ်မှတ်ထားရှိကြောင်း သိရသည်။

ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် နှစ်လက်မပတ်လည်ရွှေဆိုင်းကြီး ၂၇၉၄၇ ဆိုင်းခန့် ကုန်ကျမည်ဖြစ်ပြီး ထီးတော်ဘုံငါးဆင့်တွင် ရွှေဆိုင်းကြီး ၁၀၀ ခန့်၊ ငှက်ပျောဖူးတော်တွင် ၁၃၈၄ ဆိုင်းခန့်၊ ကြာမှောက်၊ ကြာလှန်၊ ရွဲနှင့် ဖောင်းတို့တွင် ၆၈၆၃ ဆိုင်းခန့်၊ ပန်းဆွဲ(သပိတ်မှောက်)တွင် ၆၂၁၂ ဆိုင်းခန့်၊ ခါးတော်ပတ်တွင် ၁၆၃၇ ဆိုင်းခန့်၊ ခေါင်းလောင်းတော်တွင် ၆၃၅၈ ဆိုင်းခန့်၊ ဂေါ်တွင် ၁၄၀၉ ဆိုင်းခန့်၊ ကြေးဝန်းငါးဝန်းတွင် ၃၉၅၇ ဆိုင်းခန့်၊ ငြမ်းပေါက်ဖာ ၂၇ ဆိုင်း စုစုပေါင်း ရွှေဆိုင်းကြီး ၂၇၉၄၇ ဆိုင်းခန့် ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်သည့်အပြင် အရံစေတီတော် ၁၂၁ ဆူကိုလည်း ရွှေဆေးသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် ယာယီထိန်းသိမ်းထားသည့် ကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် လမ်း ၉၀ ထောင့်တို့၌ မတ် ၇ ရက် နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်သူအင်အား ၅၀၀၀ ခန့်က လမ်းများပိတ်ဆို့၍ ဆူပူဆန္ဒပြမှုများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းနှင့်အညီ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါဆူပူဆန္ဒပြသူများအနက်မှ အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၁၉ ဦးတို့ကို ယာယီဖမ်းဆီးထိန်းသိမ်းခဲ့သည့်သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါထိန်းသိမ်းထားသူများအား စိစစ်ခဲ့ရာတွင် ပတ်ဝန်းကျင်၏ စေ့ဆော်မှု၊ ဆူပူဆန္ဒပြသူများ၏ လှုံ့ဆော်စည်းရုံးခံရမှုနှင့် စားဝတ်နေရေးအထောက်အပံ့ရယူလိုမှုစသည့် အခြေခံအကြောင်းအရာများကြောင့် CDM လှုပ်ရှားဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရပြီး အထူးသဖြင့် နိုင်ငံရေးအရောင်အသွေးမရှိသော အပြစ်မဲ့နုငယ်သည့် ကျောင်းသား ၁၄ ဦးနှင့် ကျောင်းသူ ၁၂ ဦးတို့အား စိစစ်တွေ့ရှိခဲ့သည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအား မတ် ၁၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားသည့်နေရာမှ အောင်မြေသာစံမြို့နယ် နန်းမြို့အတွင်းသို့ ပြန်လည်ခေါ်ဆောင်ကာ စိတ်အပန်းဖြေစေရန် ဘုရားဖူးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ နန်းမြို့တွင်း လှည့်လည်ပြသခြင်း၊ ဗဟုသုတရဖွယ်စာအုပ်၊ စာစောင်များ ဖတ်ရှုစေပြီး ကောင်းမွန်စွာ နေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယနေ့တွင် အဆိုပါကျောင်းသား ကျောင်းသူ ၂၆ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆုံးမအမှာစကားများ ပြောကြားပြီး ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် သိမ်းဆည်းထားသည့် ကိုယ်ပိုင်ပစ္စည်းများကို စာရင်းအတိုင်း ပြန်လည်လွှဲပြောင်းပေးအပ်ပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်အပ်နှံစေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်

မောင်သောမန

နိုင်ငံတစ်နိုင်ငံ၏ အသွင်ကူးပြောင်းမှုဖြစ်စဉ်များအနက် အဓိကအားဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု (Political Transition) ဖြစ်စဉ်သည် အရေးအကြီးဆုံးဖြစ်ပါသည်။ မျက်မှောက်ကာလတွင် ဒီမိုကရေစီကို လူတိုင်းလူတိုင်း၊ နိုင်ငံအများစု ထောက်ခံအားပေးလာကြသည်။ ဒီမိုကရေစီသည် သဘောတရားအားဖြင့် အာဏာရှင်စနစ်ကျင့်သုံးမှုမှ ဒီမိုကရေစီဘက်သို့ ကူးပြောင်းလာခြင်း၊ ဒီမိုကရေစီမဟုတ်သည့် အခြေအနေမှ ဒီမိုကရေစီအခြေအနေသို့ ပြောင်းလဲလာခြင်းကို ဆိုလိုကြသည်။

၂၀ ရာစုနှောင်းပိုင်းကာလတွင် ကမ္ဘာပေါ်၌ ဒီမိုကရေစီအပြောင်းအလဲများ သိသိသာသာ ဖြစ်ထွန်းလာပါသည်။ ၁၉၇၀ ပြည့်နှစ်လယ်ပိုင်းက အနောက်ဥရောပ၌ လက်ယာစွန်းအာဏာရှင် (ပေါ်တူဂီ၊ ဂရိ၊ စပိန်) အပြောင်းအလဲ၊ ၁၉၈၀ ပြည့်နှစ်တွင် လက်တင် အမေရိက နိုင်ငံများ၏ ဒီမိုကရေစီအပြောင်းအလဲ၊ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် အရှေ့ဥရောပနှင့် ဆိုဗီယက်အပြောင်းအလဲ စသည်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်များပေါ်ပေါက်ခဲ့ပါသည်။

**အရွေ့တစ်ခုသို့ ပြောင်းလဲ**

၁၉၇၄ ခုနှစ်တွင် ကမ္ဘာပေါ်တွင် နိုင်ငံ ၃၉ နိုင်ငံသာ ဒီမိုကရေစီနိုင်ငံဖြစ်ခဲ့ရာမှ ယနေ့ကာလတွင် ဒီမိုရေစီနိုင်ငံပေါင်း တစ်ရာကျော်ရှိလာပြီဖြစ်သည်။ Freedom House အဖွဲ့၏ သတ်မှတ်တိုင်းတာမှုအရ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်၌ နိုင်ငံပေါင်း ၁၂၅ နိုင်ငံသည် ရွေးကောက်ပွဲဖြင့် တည်ထောင်သော ဒီမိုကရေစီစနစ် ရှိနေပြီဖြစ်သည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုများမှာ ခက်ခဲကြမ်းတမ်းကြသော်လည်း ကောင်းမွန်သော အရွေ့တစ်ခုအဖြစ် ပြောင်းလဲခဲ့သည်ကို ယနေ့ကာလတွင် လက်တွေ့မြင်တွေ့နေရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီ အပြောင်းအလဲ၏ နောက်ဆက်တွဲအဆက်ဟု ဆိုရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်လာခဲ့သော မြန်မာ့နိုင်ငံရေးအခြေအနေသည် ကမ္ဘာ့ဒီမိုကရေစီ အပြောင်းအလဲတွင် စိန်ခေါ်မှုကြီးမားစွာဖြင့် လိုက်ပါလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပြည်သူလူထုစီးပွားရေး ကျပ်တည်းမှုကို အကြောင်းပြု၍ တစ်ပါတီစနစ်ကို ဖြိုဖျက်ရာမှ ကမ္ဘာ့နိုင်ငံများနည်းတူ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့သည်။

**ဒီမိုကရေစီ စတင်အသက်ဝင်**

မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ကမ္ဘာ့နိုင်ငံများတွင်ဖြစ်စေ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို အစိုးရဟောင်းခေါင်းဆောင်များက စတင်အုတ်မြစ်ချပေးခဲ့ပြီး နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ (အတိုက်အခံ အင်အားစုများအပါအဝင်)တို့က တောင့်တင်းခိုင်ခံ့သည့် ဒီမိုကရေစီအိမ်ကြီးဖြစ်အောင် ဆက်လက်တည်ဆောက်ကြရပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် ရှေ့ပိုင်းကာလများက ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့် အလှမ်းဝေးခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ ဒီမိုကရေစီစနစ်ကို စတင်ထိတွေ့လာခဲ့သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အကျယ်ဖွင့်ဆိုလျှင် ကျမ်းတစ်ဆူမက ရှုပ်ထွေးများပြားကျယ်ပြန့်လှသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်အကောင်အထည်ဖော်သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ အကျဉ်းချုပ်မျှ စေ့ငုကြည့်သင့်ပေသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ယခင်ဆိုဗီယက်ယူနီယံ၏ ခွဲထွက်နိုင်ငံများ တော်လှန်ရေး၊ မဝေးလှသောကာလများက ဖြစ်ပေါ်ခဲ့သည့် နိုင်ငံအပြောင်းအလဲအရေး၊ အာရပ်နွေဦး ဒီမိုကရေစီ ပြောင်းလဲရေးတို့ကို ညွှန်းဆိုသော်လည်း မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်နှင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံများအရ ပြောင်းလဲလာခဲ့ခြင်းဖြစ်ပါသည်။

**ရိုးသားစွာအာဏာတည်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် ၂၁ ရာစု မြန်မာ့ဒီမိုကရေစီ အကူးအပြောင်း၏ အစဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အောင်မြင်မှုရှိသည်၊ မရှိသည်ကို ဒီမိုကရေစီ ကနဦး ဆောင်ရွက်မှုဖြစ်စဉ်များအား အကဲဖြတ်ရှုမြင်နိုင်ပါသည်။ ဦးစွာ ဒီမိုကရေစီစနစ်ကို စနစ်တကျထိန်းကျောင်း မောင်းနှင်ပေးနိုင်ရေး၊ လွတ်လပ်ပွင့်လင်းပြီး သန့်ရှင်း၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ စိတ်ရင်းစေတနာမှန်ကန်ပြီး ရိုးသားဖြောင့်မတ်သည့် အာဏာရပါတီဖြစ်ရေးတို့သည် အရေးကြီးသောအချက်များဖြစ်ပါသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရသည့် ဒီမိုကရေစီအသွင်ကူးပြောင်းပေးမည့် အစိုးရလက်ထက်တွင် ပြည်ပရောက် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအရေး လှုပ်ရှားခဲ့ကြသူများ အိမ်ပြန်လာနိုင်ကြသည်။ လမ်းမပေါ်ထွက် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လာနိုင်ကြသည်။ အသင်းအပင်းဖွဲ့စည်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည်။ သမဂ္ဂများ ဖွဲ့စည်းခွင့်ရလာကြသည်။ "စာပေကင်ပေတိုင်"ဟု ကင်ပွန်းတပ်ခေါ်ဝေါ်ကြသည့် စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့သည်။ နှစ်ပေါင်း ၅၀ ခန့်ကင်းကွာခဲ့သည့် လွတ်လပ်သည့် သတင်းစာများ၊ ဂျာနယ်များ အမြောက်အမြား ပေါ်ထွက်လာခဲ့သည်။ အစိုးရနှင့် လူပုဂ္ဂိုလ်တို့ကို ပွင့်ပွင့်လင်းလင်းဝေဖန်သည့်စာများ ရေးသားလာနိုင်ကြသည်။

**အခွင့်အရေးများနှင့် ကူးပြောင်း**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ပြုလုပ်လာနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပေါ်ပေါက်လာသည်။ ဥပဒေပြုရေးနှင့် ပြည်သူ့ရေးရာမူဝါဒဆွေးနွေးမှုများတွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများထံမှ တိုင်ပင်နှီးနှော အကြံဉာဏ်ရယူနိုင်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ မရှိသလောက် လျော့နည်းကျဆင်းလာခဲ့သည်။ အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်၊ သက်သာခွင့်များပေးနိုင်ခဲ့သည်။ ဝန်ထမ်းများကို လစာတိုးပေးနိုင်ခဲ့သည်။

စီးပွားရေးတွင် ကာလရှည်ကြာထိန်းချုပ်ထားသော မိုဘိုင်းဖုန်းဝန်ဆောင်မှုများ ပေးနိုင်ခဲ့သည်။ လက်ကိုင်ဖုန်းဆင်းကတ်တစ်ကတ်လျှင် ကျပ်တစ်ထောင့်ငါးရာဖြင့် ပြည်သူအားလုံး သုံးစွဲနိုင်ခဲ့သည်။

**၂၀၁၉ ခုနှစ် မေလ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်တစ်ဦး ရှင်းလင်းပြောကြားခဲ့သည်များကို မှတ်မိကြဦးမည်ဖြစ်သည်။ တိုင်းပြည်ခေါင်းဆောင်တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် နိုင်ငံခြားသား အကြံပေး ၉၂ ယောက်ကို နိုင်ငံ့ဘဏ္ဍာငွေဖြင့် ခန့်အပ်ခဲ့သောကိစ္စဖြစ်သည်။ ထိုအကြံပေးများအတွက် တစ်နှစ်လျှင် အသုံးစရိတ် ကျပ် ၂ ဒသမ ၅ ဘီလီယံကျော်၊ ငါးနှစ်အတွက် ကျပ် ၁၀၂ ဒသမ ၅ ဘီလီယံကျော်သုံးစွဲခဲ့သည်။ ထိုသို့သုံးစွဲခဲ့သော်လည်း နိုင်ငံအတွက် ထူးထူးခြားခြား ဖြစ်ဖြစ်မြောက်မြောက် တိုးတက်မှု ရှိ / မရှိကို ယထာဘူတကျကျ ဝေဖန်ပိုင်းခြားတတ်သည့် စာဖတ်သူများ အသိဆုံးပင်ဖြစ်မည်။**

ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှု ဒဏ်ကိုခံကာ ကားတင်သွင်းခွင့်မူဝါဒကို ဖွင့်ပေးခဲ့သည်။ အလယ်အလတ်လူတန်းစားများအထိ အားလုံးကားစီးနိုင်ကြသည်။ သံတမန်များ၊ နိုင်ငံတကာခေါင်းဆောင်များ မြန်မာနိုင်ငံသို့ ရောက်လာကြသည်။ နိုင်ငံတကာ အထောက်အပံ့အကူအညီများ ကမ်းလှမ်းလာခဲ့ သည်။ ပြည်သူအများစု မနှစ်သက်၊ လက်မခံသော မြစ်ဆုံစီမံကိန်းကို ရပ်တန့်ခဲ့သည်။ နိုင်ငံတကာပိတ်ဆို့မှုများ၊ ဒဏ်ခတ်မှုများ ရပ်ဆိုင်း၍ ပုံမှန်ဆက်ဆံမှုများ ထူထောင်လာကြသည်။ နောက်ဆုံးတွင် ရွေးကောက်ပွဲတွင် အနိုင်ရသည့် NLD ပါတီကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အနှောင့်အယှက်မရှိ ချောမွေ့ဖြောင့်ဖြူးစွာ အာဏာလွှဲပြောင်းပေးခဲ့သည်။

**ပြဿနာများဖြင့်စခန်းသိမ်း**

NLD ပါတီ၏ နောက်ခံသမိုင်းကြောင်းကို အားလုံးသိကြပြီးဖြစ်၍ အကျယ်မရှင်းပြလိုတော့ပါ။ အာဏာရအစိုးရဘဝတွင် ဖြစ်ပေါ်ခဲ့သည့် အရေးကြီးကိစ္စအချို့ကို အကျဉ်းမျှ တင်ပြလိုပါသည်။ တိုတောင်းလှသည့် ငါးနှစ်တာကာလအတွင်းမှာ NLD သည် နိုင်ငံတော်အား မည်သို့ဖြတ်သန်းခဲ့သည်ကို လူပုဂ္ဂိုလ်မျက်နှာမကြည့်ဘဲ လက်တွေ့အခြေအနေမှန်ကို စေ့ငုကြည့်လျှင် မှတ်မှတ်ထင်ထင် တွေ့မြင်နိုင်မည်ဖြစ်သည်။ NLD သည် တာထွက်လည်း မကောင်း၊ ပန်းဝင်လည်း မကောင်းခဲ့ပါ။ NLD ပါတီ စတင်နိုင်ငံ့တာဝန်ယူသည့် ၂၀၁၆ ခုနှစ်မှ စတင်၍ ပြဿနာဆိုးနှင့်ကြုံခဲ့ရပြီး သက်တမ်းကုန်ဆုံးပြီး ရွေးကောက်ပွဲဝင်ပြီးသည့်အခါတွင်လည်း ပြဿနာများနှင့် စခန်းသိမ်းခဲ့ရပါသည်။

၂၀၁၆ ခုနှစ်မှစတင်၍ အရှေ့အလယ်ပိုင်းဒေသအစွန်းရောက်များ ကျောထောက်နောက်ခံပြုထားသည့် အကြမ်းဖက်သမားများက မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်လုံခြုံရေးကင်းစခန်းများကို တိုက်ခိုက်လာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ထိခိုက်သေဆုံးခဲ့ကြသည်။ ထို့နောက် လူ့အသိုက်အဝန်း နှစ်ခုအကြားတွင် ကြီးမားသည့် ပဋိပက္ခများဖြစ်ပေါ်လာပြီးနောက် အိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ ကူးပြောင်းထွက်ခွာသွားကြသည့် ဒုက္ခသည်ပြဿနာကြီး ပေါ်ပေါက်လာခဲ့သည်။ ယင်းကို အကြောင်းပြု၍ အနောက်နိုင်ငံများနှင့် OIC နိုင်ငံများက ဝင်ရောက်စွက်ဖက်လာခဲ့သည်။ ရခိုင်ပြည်နယ်အရေးကို တောက်လျှောက်ဖြေရှင်းလာခဲ့ရသည်။ ထိုသို့ဖြေရှင်းရသည့်အထဲတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်း ၂၀၀၀ ကျော်ဝေးသည့် ဂမ်ဘီယာနိုင်ငံငယ်လေးက တရားစွဲသဖြင့် ICJ ခုံရုံးတွင် သွားရောက်ဖြေရှင်းခဲ့ရသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

**ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲ**

ရခိုင်ပြည်နယ် ပဋိပက္ခဖြေရှင်းရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်နှစ်ရပ်ကို စိတ်ကြိုက်ရွေးချယ်အသုံးပြုခဲ့သည်။ ပထမအကြိမ် ကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်အတွက် ကုန်ကျငွေကျပ် ၃၆၈ သန်း၊ ဒုတိယအကြိမ် ဖိလစ်ပိုင်သံအမတ်ကြီး ခေါင်းဆောင်သည့် ကော်မရှင်အတွက် ကုန်ကျငွေကျပ် သန်း ၂၉၀ လွှတ်တော်တွင် အတည်ပြုခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့သည်။ ICJ တွင် တရားရင်ဆိုင်နိုင်ရန်အတွက် ပြည်ပရှေ့နေငှားရမ်းခ၊ တည်းခိုခ၊ ထွက်ဆိုစာတမ်းပြုစုခ စသည့်သုံးစွဲကုန်ကျစရိတ် ကျပ်သန်း ၆၈၀ အပြင် အသွားအပြန်ခရီးစရိတ် ကျပ်သန်း ၃၅၀ ကျခံသုံးစွဲခဲ့သည်။ ICJ အမှုသည် လုံခြုံရေးတပ်ဖွဲ့များနှင့် သက်ဆိုင်ပြီး အမှုရင်ဆိုင်ရန် ရက်ပေါင်း ၈၀ ကျော် အချိန်ရသော်လည်း တပ်မတော်နှင့်သော်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း ညှိနှိုင်းတိုင်ပင်ခဲ့ခြင်းမရှိကြောင်း သိရသည်။


**နိုင်ငံခြားအကြံပေးများခန့်ထား**

၂၀၁၉ ခုနှစ် မေလ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်တစ်ဦး ရှင်းလင်းပြောကြားခဲ့သည်များကို မှတ်မိကြဦးမည်ဖြစ်သည်။ တိုင်းပြည်ခေါင်းဆောင်တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် နိုင်ငံခြားသားအကြံပေး ၉၂ ယောက်ကို နိုင်ငံ့ဘဏ္ဍာငွေဖြင့် ခန့်အပ်ခဲ့သောကိစ္စ ဖြစ်သည်။ ထိုအကြံပေးများအတွက် တစ်နှစ်လျှင် အသုံးစရိတ် ကျပ် ၂ ဒသမ ၅ ဘီလီယံကျော်၊ ငါးနှစ်အတွက် ကျပ် ၁၀၂ ဒသမ ၅ ဘီလီယံကျော်သုံးစွဲခဲ့သည်။ ထိုသို့သုံးစွဲခဲ့သော်လည်း နိုင်ငံအတွက် ထူးထူးခြားခြား ဖြစ်ဖြစ်မြောက်မြောက် တိုးတက်မှုရှိ/မရှိကို ယထာဘူတကျကျ ဝေဖန်ပိုင်းခြားတတ်သည့် စာဖတ်သူများ အသိဆုံးပင်ဖြစ်မည်။

နိုင်ငံခြားသားစီးပွားရေးပညာရှင် အကြံပေးချက်အရ အခွန်တိုးကောက်ရေး၊ မီတာခ တိုးကောက်ရေးတွင် အလုပ်ဖြစ်ခဲ့သည်။ နိုင်ငံခြားသား ၉၂ ယောက်အတွက် တစ်လစားစရိတ် ကျပ်သန်း ၃၀၀၀၀ ပေးချေရသည်။ လစာ၊ အသုံးစရိတ်၊ ထောက်ပံ့ကြေး ကုန်ကျငွေများအားလုံးကို နိုင်ငံတော်၏ ဘတ်ဂျက်နှင့် အရေးပေါ် ပြည်ပချေးငွေများမှ ကျခံရသည်ဟု သိရသည်။ အများအမြင်တွင် နိုင်ငံတော်ကို မြန်မာများက အုပ်ချုပ်စီမံနေသည်ဟု ဆိုသော်လည်း လက်တွေ့တွင် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်ဖြင့် အုပ်ချုပ်စီမံနေသည်ကို ပြည်သူများအနေဖြင့် သိမြင်နိုင်ခြင်းမရှိပေ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးတင်ပြချက်အရ သိရှိကြရမည်ဖြစ်သည်။ တိုင်းပြည်အတွက် ထိရောက်သောအကျိုးစီးပွားမဖြစ်ဘဲ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးခဲ့ရသည်။ တိုင်းတစ်ပါး နိုင်ငံခြားသားများ အကျိုးဖြစ်ခဲ့သည်။ တိုင်းပြည်ကို စီမံအုပ်ချုပ်မှုညံ့ဖျင်းမှုများ၊ မိမိကိုယ်ကို အထင်ကြီးမှုနှင့် တိုင်းပြည်အပေါ်ထားရှိသည့် သဘောထားမှန်ကန်မှုမရှိမှုတို့ကြောင့် တိုင်းပြည်ပုံရိပ် ကျဆင်းစေခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

# AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသုံးပြုမှုကို ဥရောပနိုင်ငံ ၁၅ နိုင်ငံက ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်




**ဘရပ်ဆဲလ် မတ် ၁၆**

ဥရောပနိုင်ငံ ၁၅ နိုင်ငံသည် ကာကွယ်ဆေးထိုးနှံပြီးသည့် ပြည်သူတချို့တွင် သွေးခဲမှုပြဿနာ ကြုံတွေ့ခဲ့ရကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အီတလီနိုင်ငံ၌ ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းများက ရောမနှင့် လာဇီယိုဒေသတို့ရှိ ကာကွယ်ဆေးထိုးနှံမှုစင်တာ ၃၀ ကျော်အား မတ် ၁၆ ရက်တွင် ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ပြင်သစ်နိုင်ငံကလည်း မတ် ၁၆ ရက်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဥရောပဆေးဝါးအေဂျင်စီ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာကော်မတီက လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်အတွက် မတ် ၁၈ ရက်တွင် အထူးအစည်းအဝေးတစ်ရပ်ကျင်းပရန် စီစဉ်ထားကြောင်း ဥရောပဆေးဝါးအေဂျင်စီက ပြောကြားခဲ့သည်။

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကမူ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကြောင့် သေဆုံးမှုဖြစ်ရပ်တစ်စုံတစ်ရာမျှ အတည်ပြုနိုင်ခြင်းမရှိသည့်အတွက် AstraZenca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ဆက်လက်ဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံများအား တောင်းဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**




# ဥရောပတစ်လွှား၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ကိုးသိန်းကျော် ရှိလာ

**ပါရီ မတ် ၁၆**

ဥရောပတစ်လွှားတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၉၀၀၁၈၅ ဦး ရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းများမှ ရယူထားသည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ထို့အပြင် ရုရှားနှင့် တူရကီနိုင်ငံတို့ အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၅၂ ခုပါဝင်သည့် ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အတည်ပြုလူနာပေါင်း ၄၀၀၈၃၄၃၃ ဦးရှိလာကြောင်း သိရသည်။

လက်တင်အမေရိကနှင့် ကာရစ် ဘီယံဒေသတွင် ၇၂၁၅၈၁ ဦး၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတွင် ၅၅၈၁၁၀ ခန့်နှင့် အာရှတိုက်တွင် ၂၆၃၂၅၀ ခန့် စသည်တို့မှာ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့ရာ ဥရောပတိုက်သည် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုအများဆုံးဒေသ ဖြစ်လာခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က ဥရောပတိုက်၌ ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်လျှင် ၃၀၀၀ နှုန်းဖြင့် သေဆုံးခဲ့ရာ ယခင်သီတင်းပတ်များက သေဆုံးမှုနှင့် နှိုင်းယှဉ်ကြည့်ပါက သေဆုံးမှု ၂ ဒသမ ၃ ရာခိုင်နှုန်း ခန့် ကျဆင်းလာသည်ကို တွေ့ရသည်။

လက်ရှိအချိန်အထိ ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၂၆၃၅၂၇ ဦးရှိပြီး ၎င်းတို့အနက် ၁၂၅၅၈၀ ခန့်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ရာ ဗြိတိန်သည် ဥရောပတွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့် နိုင်ငံဖြစ်လာသည်။ ထို့အတူ အီတလီ၊ ရုရှား၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့သည် ဥရောပ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့် နိုင်ငံများအဖြစ် အသီးသီးရပ်တည်လျက်ရှိသည်။

အဆိုပါ ငါးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူသည် ဥရောပတိုက်၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူအားလုံး၏ ထက်ဝက်ထက် ပိုမိုများပြားကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်းသန်း ၁၂၀ ကျော်ရှိပြီး ၎င်းတို့အနက် ၂ ဒသမ ၆၆ သန်းနီးပါး သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ဇင်ဘာဘွေနိုင်ငံ လက်ခံရရှိ

**ဟာရာရီ မတ် ၁၆**

ဇင်ဘာဘွေနိုင်ငံသည် တရုတ်နိုင်ငံက လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ်ကို လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါ ကာကွယ်ဆေး ဒုတိယအသုတ်တွင် ဇင်ဘာဘွေအစိုးရက ဝယ်ယူထားသည့် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သယ်ဆောင်လာသည့် စင်းလုံးငှားလေယာဉ်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ရောဘတ်ဂါဘရီယယ် မူဂါဘီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ကာကွယ်ဆေးများအား ဇင်ဘာဘွေသမ္မတ အမ်နန်ဂါ့ဂွာ၊ ကျန်းမာရေးဝန်ကြီး ချီဝမ်ဂါ၊ ဇင်ဘာဘွေနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ရှောင်ချွန်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ဇင်ဘာဘွေနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးကို အထောက်အကူပြုကြောင်းနှင့် တရုတ်နိုင်ငံ၏ ကာကွယ်ဆေးလှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ဇင်ဘာဘွေသမ္မတ အမ်နန်ဂါ့ဂွာက ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံသည် တရုတ်နိုင်ငံက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်သန်း ဝယ်ယူရန်လည်း မျှော်လင့်ထားကြောင်း ကျန်းမာရေးဝန်ကြီး ချီဝမ်ဂါက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




# အင်ဒိုနီးရှား၌ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးစွဲမှု ယာယီရပ်ဆိုင်း

**ဂျကာတာ မတ် ၁၆**

ဥရောပနိုင်ငံအများအပြား၌ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးက သွေးခဲစေသည်ဟူသော သတင်းများ ပျံ့နှံ့ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံအတွင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဖြူးမှုကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြုလုပ်သော သုတေသနလေ့လာချက်၏ ရလဒ်များကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စောင့်မျှော်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆီတီနာဒီယာတာမစ်ဇီက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုခြင်းမှ လုံးဝဖျက်သိမ်းခြင်းမဟုတ်ဘဲ ကြိုတင်ကာကွယ်သည့် အနေဖြင့် ယာယီရပ်ဆိုင်းခြင်းသာဖြစ်ကြောင်း ၎င်းက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့်သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ သန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်များက ဦးဆောင်သည့် COVAX အစီအစဉ်မှတစ်ဆင့် မတ် ၈ ရက်က လက်ခံရရှိခဲ့ပြီး နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်သည်။ COVAX အစီအစဉ်သည် ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အခမဲ့ရရှိနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်ရက်လျှင် ကာကွယ်ဆေး အလုံးရေ ၂၅၀၀၀၀ မှ ၃၀၀၀၀၀ အထိ ပြည်သူများအား ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေး၏ သက်တမ်းကုန်ဆုံးမည့်ရက်နှင့် ပတ်သက်၍ စိုးရိမ်မှု တစ်စုံတစ်ရာမျှ မရှိကြောင်း၊ ဆိုလိုသည်မှာ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၁ သန်းကို ငါးရက်တာအတွင်း ပြည်သူများအား အပြီးသတ်ထိုးနှံပေးနိုင်သည်ကို ဆိုလိုကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

လက်ရှိအချိန်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၂၅၀၄၄ ဦးကျော်ရှိပြီး ၎င်းတို့အနက် ၃၈၅၇၃ ဦးကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူ

**ဗန်ကောက် မတ် ၁၆**

ထိုင်းနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယာယီရပ်ဆိုင်းခဲ့ပြီးနောက် မတ် ၁၆ ရက်တွင် ပြန်လည်စတင်ခဲ့ရာ ထိုင်းဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမဆုံးထိုးနှံမှုခံယူသူဖြစ်လာခဲ့ကြောင်း သိရသည်။

ဥရောပနိုင်ငံအများစုတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးနောက် သွေးခဲမှုပြဿနာအချို့ ကြုံတွေ့ခဲ့ရခြင်းကြောင့် ထိုင်းနိုင်ငံသည်လည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် စပ်လျဉ်း၍ သွေးခဲမှုပြဿနာ မတွေ့ရှိရကြောင်း နိုင်ငံအများအပြားက ပြောကြားခဲ့ပြီးနောက် ထိုင်းနိုင်ငံကလည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် တင်သွင်းလာသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုလျက် အစိုးရတာဝန်ရှိသူများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများနှင့် အခြားအုပ်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ထိုင်းနိုင်ငံ၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မဟာဗျူဟာသည် ပြည်တွင်းထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုသာ ကြီးကြီးမားမား တည်မှီနေရကြောင်း သိရသည်။ အဆိုပါ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုင်းဘုရင်ပိုင် ကုမ္ပဏီတစ်ခုက ထုတ်လုပ်ပေးမည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုကို ဇွန်လတွင် စတင်ရန် စီစဉ်ထားသော်လည်း ထိုင်းနိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဇွန်လမတိုင်မီ ရရှိနိုင်မည် မဟုတ်ကြောင်း သိရသည်။



ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်နှင့် အစိုးရအဖွဲ့သည် ယခုလအစောပိုင်းတွင် ထိုင်းနိုင်ငံက အရေးပေါ်အသုံးပြုရန် လက်ခံရရှိထားသည့် ပြည်ပမှ တင်သွင်းလာသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၁၇၃၀၀ ဖြင့် ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခင်က တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်သိန်းကို လက်ခံရရှိထားပြီး ယခုလနောက်ပိုင်းတွင် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ရှစ်သိန်းနှင့် ဧပြီလတွင် နောက်ထပ် ကာကွယ်ဆေးအလုံးရေ တစ်သန်းကျော်ကို လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-အလင်းသစ်**




## ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၅၉ သန်းကျော် ထိုးနှံပေးပြီးဖြစ်

**ဂျီနီဗာ မတ် ၁၆**

ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၃၂ ခုတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၅၉ သန်းခန့် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။ နိုင်ငံနှင့်ဒေသပေါင်း ၁၃၂ ခုတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၅၉၄၆၀၃၉၇ ခန့် ထိုးနှံပေးခဲ့ပြီးဖြစ်ပြီး လူ ၁၀၀ လျှင် ၄ ဒသမ ၇ ဦးနှုန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၃၅၈၄၇၈၃၅ ခန့် ဖြန့်ဖြူးခဲ့ပြီးဖြစ်ရာ ယင်းတို့အနက် ကာကွယ်ဆေးအလုံးရေ ၁၀၉၀၈၁၈၆၀ ခန့်ကို ပြည်သူများအား ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်အထိ အမေရိကန်ပြည်သူ ၇၁၀၅၄၄၅ ဦးသည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး ၃၈၃၃၅၄၃၂ ဦးသည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အပြီးသတ်ခံယူခဲ့ပြီးဖြစ်ကြောင်း အမေရိကန်ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ထို့အတူ ဗြိတိန်နိုင်ငံတွင် ပြည်သူ ၂၄၅၃၂၂၂ ဦး ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး ပြည်သူ ၁၆၁၀၂၈၀ ခန့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးဖြစ်ကြောင်း အစိုးရမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၂၉၄၇၄၃၂ ခန့်ကို ဖြန့်ဖြူးခဲ့ပြီးဖြစ်ရာ ယခုအခါ အိန္ဒိယပြည်သူ ၂၇၀၇၉၄၈၄ ဦးသည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီး ပြည်သူ ၅၈၆၇၉၄၈ ဦးသည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အစ္စရေးနိုင်ငံတွင် လက်ရှိအချိန်အထိ ပြည်သူ ၉၃၇၄၈၂၇ ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား-အေအင်န်အိုင်**

**ဘာသာပြန် - ဂျေတီ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၃၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ မတ် ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၃၇ ဦး တွေ့ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၃၁၃၂၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက်ကို မတားဆီးနိုင်ပါက ယမန်နှစ်ကရောဂါဖြစ်ပွားမှုအရေအတွက်ထက်ပင် များပြားသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဖရန်စ္စကိုဒူကေးက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၈၄၈ ဦးရှိလာပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၆၀၇၃၆ ဦး ရှိလာကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ပြီးခဲ့သောလများထက်ပင် များပြားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးမြှင့်တင်မှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဘီဗာလီဟိုးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အာဖရိက၊ ဘရာဇီးနှင့် ဗြိတိန်တို့တွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများလည်း မြင့်တက်နေခြင်းကြောင့် ဗီဇပြောင်းဗိုင်းရပ်စ်၏ မျိုးပွားမှုများကို သတိထားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ ဒီရောဂါဘေးကို ဖြေရှင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် နိုင်ငံသားတွေအနေနဲ့ ဒီရောဂါအတွက် မျှော်လင့်ချက်မမဲ့စေချင်ပါဘူး"ဟု သမ္မတ ဒူတာတေးက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံသား အခြေခံလူတန်းစားများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးပါက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းရှိ နိုင်ငံသား ၂၁၆၀၀၀ အား CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် COVAX အစီအစဉ်မှရရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြင့် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ပြင်သစ်နိုင်ငံအနောက်မြောက်ပိုင်းဒေသတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်တစ်မျိုး တွေ့ရှိ

**ပါရီ မတ် ၁၆**

ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း ဘရက်တနီဒေသတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်တစ်မျိုး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့၌ ပြောကြားသည်။ နိုင်ငံအတွင်းရှိ လန်နီယွန်ဆေးရုံစင်တာတွင် အစုလိုက်အပြုံလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ ၇၉ ဦးကို တွေ့ရှိခဲ့ရာမှ ၎င်းဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကူးစက်သူရှစ်ဦးကို တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ပဏာမစစ်ဆေးမှုများအရ ယခု ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် ကူးစက်မှုနှုန်း မမြင့်မားကြောင်း သိရသည်။

၎င်းဗီဇပြောင်းဗိုင်းရပ်စ်၏ သဘာဝကိုသိရှိနိုင်ရန် အသေးစိတ်လေ့လာမှုများဆောင်ရွက်ရာတွင် ၎င်းဗိုင်းရပ်စ်၏ ကာကွယ်ဆေးအပေါ်တုံ့ပြန်မှုနှင့် ရောဂါခုခံစွမ်းအားအပေါ် တုံ့ပြန်မှုတို့အပေါ်တွင်လည်း လေ့လာသွားမည်ဟု သိရသည်။

ပြင်သစ်နိုင်ငံအတွင်း အာဖရိက၊ ဘရာဇီးနှင့် ဗြိတိန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကိုလည်း တွေ့ရှိရကြောင်း သိရသည်။ နိုင်ငံအတွင်း ဗြိတိန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရမှု ၆၇ ရာခိုင်နှုန်းရှိပြီး အာဖရိကနှင့် ဘရာဇီး ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရမှု ၆ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် လေးသန်းရှိပြီး လူ ၉၀၇၆၂ ဦး ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ဂျပန်ဝန်ကြီးချုပ် ဆူဂါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူ



**တိုကျို မတ် ၁၆**

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် လာမည့်လတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးအကြို ပြင်ဆင်သည့်အနေဖြင့် မတ် ၁၆ ရက်တွင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဆူဂါ၏ လာမည့်လအစောပိုင်းတွင် သွားရောက်မည့် အမေရိကန်နိုင်ငံ ခရီးစဉ်မတိုင်မီကာလအတွင်း ဂျပန်အစိုးရတာဝန်ရှိသူ ၈၀ မှ ၉၀ ခန့်တို့ကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ဂျပန်ဝန်ကြီးချုပ်ဆူဂါသည် ဂျိုးဘိုင်ဒင် အမေရိကန်သမ္မတဖြစ်လာပြီးနောက်ပိုင်း သမ္မတဂျိုးဘိုင်ဒင်နှင့် လူချင်းတွေ့ဆုံဆွေးနွေးမည့် ပထမဆုံးသော နိုင်ငံခေါင်းဆောင်တစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဆူဂါက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးမထိုးမီဆရာဝန်တစ်ဦးက မျက်လုံးနှင့် လည်ချောင်းတို့ကို စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်းနှင့် ကာကွယ်ဆေးသည် နာကျင်မှုတစ်စုံတစ်ရာ မရှိကြောင်း ကာကွယ်ဆေးထိုးနှံပြီးနောက် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်လအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှုကို ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၆၅ နှစ်အထက်ရှိသူများကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်းနှင့် အသက် ၆၁ နှစ်အရွယ်ရှိ ဂျပန်ဘုရင် နာရူဟီတိုသည် ဆေးထိုးနှံမှုခံယူရန် စောင့်ရလိမ့်ဦးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးကြိုးပမ်းမှုတာဝန်ယူထားသည့် ဝန်ကြီးတာရိုကိုနိုက ပြောကြားခဲ့သည်။

အသက် ၇၂ နှစ်အရွယ်ရှိ ဝန်ကြီးချုပ်ဆူဂါသည် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် စတင်မည်ဖြစ်သောကြောင့် ဇွန်လကုန်မတိုင်မီ ပြည်သူ ၁၂၆ သန်းအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံအလောက် ရရှိစေမည်ဟု ကတိကဝတ် ပြု ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၂၉၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။ **ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-အလင်းသစ်**



# သီရိလင်္ကာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၀၀၀ ကျော်ရှိလာ

**ကိုလံဘို မတ် ၁၆**

အချို့နိုင်ငံများတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် သွေးခဲသောပြဿနာများကို ကြုံတွေ့ရသော်လည်း နိုင်ငံအတွင်း AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုသာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သီရိလင်္ကာတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ဥရောပနိုင်ငံများသို့ ရောက်ရှိသွားသော AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအထုပ်များထဲတွင် အဆိုပါ အရည်အသွေးမမီသော ကာကွယ်ဆေးအထုပ်ပါဝင်သွားခဲ့ခြင်းဖြစ်ပြီး သီရိလင်္ကာနိုင်ငံသို့ အဆိုပါ ကာကွယ်ဆေးအထုပ်မရောက်ရှိခဲ့ကြောင်း ဝန်ကြီးအဖွဲ့ ပြောခွင့်ရသူ ရာမက်ပါသရီရာနာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်မှာ ၈၈၀၀၀ ကျော်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ စာရင်းများအရ သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၈၈၂၃၈ ဦးရှိလာပြီး ရောဂါမှပြန်လည်ကျန်းမာလာသူ ၈၄၉၆၉ ဦးရှိကာ ရောဂါကြောင့် သေဆုံးသူ ၅၃၂ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ကိုလံဘိုမြို့အပါအဝင် နိုင်ငံအနောက်ပိုင်းဒေသရှိ လူပေါင်း ၇၈၀၀၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယခုသီတင်းပတ်အကုန်ပိုင်းတွင် နိုင်ငံအတွင်းရှိ အသက် ၃၀ ကျော်အရွယ်ရှိသော နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ရပ်ဆိုင်းထားခဲ့ပြီး အသက် ၆၀ ကျော်အရွယ်ရှိ နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ နိုင်ငံအနောက်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးစင်တာများကို အများအပြားဖွင့်လှစ်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် မော်လ်ဒိုက်နိုင်ငံ အတည်ပြု

**မာလီ မတ် ၁၆**

တရုတ်နိုင်ငံ Sinopharm ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မော်လ်ဒိုက်နိုင်ငံ၌ အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း မော်လ်ဒိုက်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကြေညာခဲ့သည်။

အဆိုပါ တရုတ်အမျိုးသားဆေးဝါးထုတ်လုပ်ရေးအုပ်စု Sinopharm မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အသက် ၁၆ နှစ်နှင့် အသက် ၆၀ အကြား အသက်အရွယ်ရှိသူများကို ထိုးနှံပေးမည်ဖြစ်ကြောင်း မော်လ်ဒိုက်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ပြောကြားချက်ကိုကိုးကား၍ မော်လ်ဒိုက်ပြည်တွင်းမီဒီယာများက သတင်းဖော်ပြထားသည်။

မော်လ်ဒိုက်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း မော်လ်ဒိုက်နိုင်ငံ၌ အရေးပေါ် အသုံးပြုရန် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မော်လ်ဒိုက်နိုင်ငံသည် AstraZeneca ဆေးဝါးကုမ္ပဏီနှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့၏ ဆေးဝါးနမူနာကို အခြေခံကာ အိန္ဒိယနိုင်ငံ၏ ဆီရမ်အင်စတီကျုမှ ထုတ်လုပ်သည့် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း နိုင်ငံအတွင်းအသုံးပြုရန် မော်လ်ဒိုက်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက အတည်ပြုထားပြီဖြစ်ကြောင်း သိရသည်။

မော်လ်ဒိုက်အစိုးရသည် ကျန်းမာရေးဝန်ထမ်းများနှင့် ကူးစက်နိုင်ခြေများသူများကို ဦးစားပေးကာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

မော်လ်ဒိုက်နိုင်ငံ၌ မတ် ၁၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၂၀၆၁၁၄ ဦးရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၁၅၇၂ ဦးရှိကြောင်း မော်လ်ဒိုက်နိုင်ငံ ကျန်းမာရေးဆိုင်ရာအကာအကွယ်ပေးရေးအေဂျင်စီ၏ စာရင်းအင်းများအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာနောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၂၀၈၆၅၀၉၁ ဦး | ၂၆၇၄၃၆၃ ဦး | ၉၇၄၈၆၇၇ ဦး |

# ဒေါက်တာဆာဆာ(ခ)ဆာဆာစန်း(ခ) တိုင်ဆာကို ဥပဒေနှင့်အညီ တရားစွဲဆို

**နေပြည်တော် မတ် ၁၆**

ဒေါက်တာ ဆာဆာ(ခ)ဆာဆာစန်း(ခ) တိုင်ဆာကို ဥပဒေနှင့်အညီ တရားစွဲဆိုထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့နေ ဒေါက်တာဆာဆာ(ခ)ဆာဆာစန်း(ခ) တိုင်ဆာသည် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)မှ ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းကို လက်ခံဆောင်ရွက်ခြင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးဝန်ထမ်းများအား Civil Disobedience Movement – CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ မြန်မာနိုင်ငံအား နိုင်ငံတကာမှ ပိတ်ဆို့အရေးယူမှုများ ဖြစ်ပေါ်လာစေရန် တိုက်တွန်းခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အပြစ်မဲ့ပြည်သူများကို အကာအကွယ်ပေးရေးမူ (Responsibility to Protect–R2P)အတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ ပြည်တွင်းပဋိပက္ခများ ပိုမိုကြီးထွားလာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(အစိုးရ)အား ဖြိုဖျက်ရန် လုပ်ဆောင်ခြင်းတို့ကြောင့် ၎င်းအား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၂) ဖြင့် အရေးယူနိုင်ရန် မတ် ၁၅ ရက်တွင် ဒက္ခိဏခရိုင်တရားရုံးသို့ တရားစွဲဆိုခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၃၁/ ၂၀၂၁ ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး ဒက္ခိဏခရိုင်တရားရုံးမှ ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သိရသည်။ **သတင်းစဉ်**



# ရှင်းမြို့နယ်၌ ငွေကျပ် ၁၀၅၆ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၆**

ရှင်းမြို့နယ်၌ ငွေကျပ် ၁၀၅၆ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် နံနက် ၃ နာရီတွင် ရှင်းမြို့နယ် ရှင်း-ကျောက်ဆည်သွားကားလမ်း ကျောက်ကူပြင်ကျေးရွာအနီးတွင် ရှင်းမှ ကျောက်ဆည်ဘက်သို့ ယာဉ်မောင်း အောင်ပြည့်ဖြိုး (ခ) ကိုပြည့် မောင်းနှင်လာသည့် ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၇ ဒသမ ၀၄ ကီလို သိမ်းဆည်း ရမိခဲ့သည်။

ယာဉ်မောင်းအား စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှတစ်ဆင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ရာတွင် တာဝန်ခံသယ်ဆောင်လာသည့် အောင်မျိုးလင်း(ခ) ကုလားလေးအား Aristo ဆလွန်းယာဉ်နှင့်အတူ နံနက် ၄ နာရီခန့်တွင် ရှင်းမြို့နယ် စခန်းကြီးကျေးရွာတွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# ကန့်ဘလူမြို့နယ်၌ လက်လုပ်သေနတ်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ မတ် ၁၅ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်က (၂)ရပ်ကွက်နေ ကြည်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းထောင့်တွင် အရှည် ၄ ပေ ၁ လက်မခန့်ရှိ လေထိုး၌ပစ်ခတ်ရသော လက်လုပ်သေနတ်တစ်လက်၊ လေထိုးတံတစ်ချောင်း၊ စက်ဘီးဘောစေ့ ၈၆ လုံးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ကြည်စိုးအား ကန့်ဘလူမြို့မရဲစခန်းက (ပ) ၄၂/၂၀၂၁၊ လက်နက်ဥပဒေ ပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# မြိတ်မြို့၌ ဂိုဒေါင်တံခါး သံဂဟေဆော်ရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မတ် ၁၅ ရက် ညနေ ၄ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောရကျောင်းရပ်ကွက်နေ ဦးမျိုးထွန်းပိုင် စားသောက်ကုန်များ သိုလှောင်သည့် ဂိုဒေါင်အရှေ့တံခါးအား ပြန်လည်ပြုပြင်ရန်အတွက် သန်းကျော်အောင်က သံဂဟေဆော်ခြင်းပြုလုပ်ရာ သိုလှောင်ထားသည့် စားသောက်ကုန်များပေါ်သို့ မီးပွားကျကာ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် စားသောက်ကုန်များ တန်ဖိုးငွေကျပ် ၉၇၅၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်းနှင့် သန်းကျော်အောင်အား မြိတ်မြို့မရဲစခန်းက (ပ)၉၃/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**




# ဘားအံနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ကော့ဆံအိမ်ကျေးရွာနေ ပန်းစိန်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ အောင်မင်းသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ သိမ်းဆည်းရမိခဲ့ပြီး ပန်းစိန်၏နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ မတ် ၁၅ ရက် နံနက် ၆ နာရီ ၅၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု ဝိန်း၀ ကျေးရွာနေ လော်လှ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



လော်လှအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရေနွေးကြမ်းတစ်ခွက်က အစာအိမ်အတွက်အကျိုးပြု

ကြည်လွင်မြင့် (မုံရွာ)

လွန်ခဲ့သောရက်ပိုင်းက အသက် ၈၆ နှစ်အရွယ် အငြိမ်းစား တိုင်းတရားသူကြီး တစ်ဦးနှင့် ပြန်လည်ဆုံတွေ့ရသည်။ မန္တလေးမြို့ ကျုံးနံဘေးတွင် နံနက်စောစောလမ်းလျှောက်ရင်း ဆုံတွေ့ရခြင်းဖြစ်သည်။ သူသည် စာရေးသူ အိမ်ထောင်ကျစဉ်က လက်ထပ်ထိမ်းမြားပေးခဲ့သည့် ကျေးဇူးရှိသူလည်း ဖြစ်သည်။ မမျှော်လင့်ဘဲ ကျန်းကျန်းမာမာဖြင့် ကျုံးနံဘေးတွင်လမ်းလျှောက်နေသည်ကို တွေ့မြင်ရသဖြင့် များစွာဝမ်းသာမိသည်။ စကားစမြည် ပြောဆိုရင်း "အဘ … ဒီလောက်ကျန်းမာနေတာ ဘာဆေးတွေများစားသလဲ"ဟု မေးကြည့်သောအခါ "ကျုပ်က ဘာဆေးမှမစားဘူးသက်သတ်လွတ်လည်း မစားဘူး …တွေ့ရာအကုန် စားတာပဲ … တစ်ခုတော့ရှိတယ် တစ်နေကုန် ရေနွေးကြမ်းပဲ သောက်တယ်… ရေအေးမသောက်ဘူး"ဟု ပြောပါသည်။

မှန်ပါသည်။ စာရေးသူ၏ဖခင် သတင်းထောက်ကြီးဆိုလျှင် အသက် ၈၅ နှစ်အရွယ် ကွယ်လွန်ချိန်အထိ နေ့စဉ်မပြတ် မက်မက်မောမော စားသုံးခဲ့သော အစားအသောက်မှာ လက်ဖက်ရည် အချိုနှင့် ရေနွေးကြမ်းအဖန်ရည်ပဲ ဖြစ်သည်။ သူ့တွင် မူလက အစာအိမ်ရောဂါရှိသော်လည်း ရေစိမ်းမသောက်ဘဲ ရေနွေးကြမ်းသောက်ရာမှ ပျောက်သွားသည်ဟု ဆိုသည်။

အစာမကြေရောဂါရှိသူများ၊ အစာအိမ်မကောင်းသူများနှင့် သက်ကြီးရွယ်အိုများ အစာစားပြီးလျှင် ရေနွေးတစ်ခွက်သောက်ပေးခြင်းဖြင့် အစာကြေချက်မှုကို အထောက်အကူ ဖြစ်စေနိုင်သည်။

အထူးသဖြင့် အသက် ၅၀ ကျော်ပြီးသူ လူကြီးပိုင်းရောက်ရှိသူများအတွက် အစာစားပြီးတိုင်း အစာကြေစေရန် ထမင်းစားပြီးတိုင်း ရေနွေးတစ်ခွက်သောက်ခြင်းဖြင့် အစာကြေဆေးသောက်ရန် မလိုတော့ဘဲ အစာကြေစေနိုင်သည်။ ရေနွေးသည်မိမိအစာအိမ်က အစာကြေအားကောင်းစေရန် အပူဓာတ် အင်အားပေးခြင်းနှင့်တူသည်။ အေးသောအစာအိမ်နှင့် နွေးသောအစာအိမ်သည် အစာကြေချက်အား မတူညီပေ။

စာရေးသူ၏ ဆေးကုသမှု သက်တမ်းတစ်လျှောက်အတွင်း အစာအိမ်ရောဂါဖြစ်သူ အများအပြားကို တွေ့ရှိဖူးရာ အများစုမှာ စားချိန်၊ သောက်ချိန် မမှန်ကြသူများ ဖြစ်သည်။

နောက်တစ်မျိုးမှာ ထမင်းအေး၊ ဟင်းအေးတို့ နေ့စဉ်စားနေရသည့် ဝန်ထမ်းများ ဖြစ်သည်။ ၎င်းတို့မှာ အလုပ်ချိန်အမီ နံနက်စောစော ချက်ပြုတ်ယူလာသည့် ထမင်းဟင်းကို ချိုင့်၊ ဘူးများဖြင့် ထည့်လာပြီး နေ့လယ် ရုံးအားချိန်မှ စားကြရသည်။ ချက်ပြုတ်ပြီး နှစ်နာရီကျော်ကြာမှ စားရသော ထမင်း၊ ဟင်းများတွင် အပူငွေ့ကုန်ပြီး အအေးဓာတ်ဝင်နေပြီ ဖြစ်သည်။ မိုးနှင့် ဆောင်းရာသီဆိုလျှင် ထမင်း၊ ဟင်းတို့သည် ပို၍ပင် အေးလွယ်သည်။ အေးသောအစာကိုချေရသော အစာအိမ်သည် ပူသောအစာကို ချေရသောအစာအိမ်ထက် ပို၍ ပင်ပန်းသည်။ ပူသောအစာကို ကြေညက်စေရန်မှာ နာရီဝက်ခန့်သာ အချိန်ကြာသော်လည်း အေးသောအစာကို ကြေညက်စေရန်မှာ နှစ်နာရီအထိ အချိန်ကြာတတ်လေသည်။ ထို့မျှ အချိန်ကြာမြင့်စွာ အစာချေရသော အစာအိမ်အတွင်းနံရံများသည် များမကြာမီ ရောင်သောအဆင့်သို့ ရောက်ရှိတတ်လေသည်။ အစာအိမ်ရောင်ရောဂါ တာရှည်ခံစားရသူ အများစုကို လေ့လာကြည့်သောအခါ ရုံးဝန်ထမ်းများ ဖြစ်သည်ကို တွေ့ရပါသည်။

### အချိုရည်ပြဿနာ

အစာအိမ်ရောဂါဖြစ်လေ့ရှိသူ နောက်တစ်မျိုးမှာ အချိုရည်နှင့် ရေခဲရေကြိုက်ကြသူများ ဖြစ်ကြလေသည်။ အကျင့်ပါနေသဖြင့် မသောက်ရလျှင်မနေနိုင် ထမင်း၊ ဟင်းအရသာထက် အချိုရည်အရသာကို ပို၍မက်နေသည့်သူများ တွေ့ရသည်။ အချို့မှာ မိဘများက ထမင်းဝိုင်းတွင် အကျင့်လုပ်ပေးထားသဖြင့် ကလေးငယ်များ ထမင်းကောင်းကောင်းမစားဘဲ အချိုရည်သောက်ရင်း စားသည့် အကျင့်ပါနေသည်ကို တွေ့ရလေသည်။ ထိုကဲ့သို့သော မိသားစု များတွင် လူကြီးများသာမက ကလေးငယ်များတွင်ပါ အစာအိမ်အတွင်း အမြှေးရောင်ပြီး မကြာခဏ ဗိုက်အောင့်၊ ဗိုက်နာခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ အစာမကြေ၍ နောက်ကြောတက်ခြင်း၊ ခေါင်းကိုက်ခြင်းများဖြစ်ကြသည်ကို တွေ့ရလေသည်။

အနောက်တိုင်းသုတေသီများ၏ အဆိုအရ ထမင်းစားရင်း အချိုရည်သောက်သည့် အကျင့်စွဲနေသော ကလေးငယ်များသည် ပထမပိုင်းတွင် ဝဖြိုးလာသော်လည်း နောက်ပိုင်းတွင် အစာမကြေရောဂါကြောင့် ခံတွင်းပျက်ပြီး ပြန်ပိန်သွားတတ်ကြသည်။ ဖြတ်ထိုးဉာဏ်ကောင်းသော်လည်း မှတ်ဉာဏ်မကောင်းဖြစ်တတ်ကြသည်။ ထိုကလေးများ အရွယ်ရောက်သည်နှင့် ဆီးချိုနှင့် သွေးတိုးရောဂါများ ဝင်လာလေ့ရှိသည်ဟု ဆိုသည်။

ကလေးများကို မဆိုထားနှင့် နာမည်ကျော်သော အားကစားသမားများသည် အချိုရည်သံဘူးများ အသောက်များလျှင်ပင် stamina (ခေါ်) သက်လုံ (၁) ငရုတ်ကောင်း၊ (၂) ပိတ်ချင်းသီး၊ (၃) ချင်းတက်တို့ ဖြစ်သည်။ ဟင်းခတ်အမွှေးအကြိုင်နှင့် မဆလာတို့တွင် အဓိကပါဝင်နေသည်ကို တွေ့ရပေသည်။

အချို့က ချစ်တီးထမင်းဆိုင်များတွင် ငှက်ပျောဖက်ခင်းပြီး ပဲဟင်းနှင့် ငရုတ်သီးစိမ်းတောင့်များကို ဆားနှင့် ပုံပေးထားသည်ကို တွေ့ရသည်။ ထို့အပြင် ဒန်ခွက်ဖြင့် ရေအေးတစ်ခွက်ပါ ပေးထားသည်ဟု ဆိုသည်။ အမှန်တော့ အလွန်အမင်းစပ်လျှင် ရေသောက်ရန်ပေးထားသည်မှာ မှန်သော်လည်း ထိုရေမှာ ရေခဲရေမဟုတ်ပေ။ မြေအိုးမှ သာမန်ရေသာ ဖြစ်သည်။ ရေတစ်ခွက်မျှသောက်ခြင်းဖြင့် အစပ်ကို ဖြေရန်ဖြစ်သည်။ ထမင်းစားရင်း ရေကို လွန်ကဲစွာ သောက်လျှင် အစာမကြေရုံမျှမက ဗိုက်စူလာနိုင်သည်။ အချို့ဗိုက်စူသူများသည် အစာစားရင်း ရေသောက်သူများ ဖြစ်ကြသည်။

### ထမင်းစားရင်း ရေနွေးကြမ်းအဖန်ရည်သောက်ခြင်း

ရေနွေး သို့မဟုတ် ရေနွေးကြမ်းသောက်သူများအတွက် ဆက်လက်တင်ပြရန်လိုပါသည်။ ရေကို ဆူပွက်အောင် ကျိုချက်ပြီး လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကို တစ်နေကုန် သောက်သောအကျင့်မှာ ကျေးလက်တောရွာများတွင် အများဆုံးတွေ့ရသော မြန်မာဓလေ့ဖြစ်ပါသည်။ အချို့မှာ ထမင်းစားရင်း ရေနွေးကြမ်း သောက်သော

မမှားနိုင်သော ဓလေ့ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

စာရေးသူသည် ငယ်စဉ်ကိုးတန်းကျောင်းသား ဘဝကပင် အစာအိမ်ရောဂါရခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း ထိုရောဂါမပျောက်ခဲ့ပါ။ နောက်ပိုင်းမှ လူကြီးတစ်ဦးက လမ်းညွှန်သဖြင့် အစာစားချိန်တွင် ဟင်းချိုရည်မှလွဲ၍ ရေမသောက်ဘဲ နေခဲ့သည်။ ရေသောက်ချင်လျှင် ထမင်းစားပြီးမှ ရေနွေးကြမ်း သို့မဟုတ် ရေကျက်အေးကို တစ်ခွက်မျှ သောက်ခဲ့သည်။ ထိုသို့နှင့် အစာအိမ်ရောဂါမှသက်သာပြီး ပြန်ကောင်းလာခဲ့သည်။

### အသက်ရာကျော် အဘွားအကြိုက်

လွန်ခဲ့သော နှစ်နှစ်ခန့်က မန္တလေးမြို့ အရှေ့တောင်ဘက်ရှိ ပေါက်ချိုင်းရွာတွင် အသက်ရာကျော် အဘွားတစ်ဦးရှိသည်ဆိုသဖြင့် သွားရောက်တွေ့ဆုံမေးမြန်းပြီး အလှူငွေနှင့် ဆေးဝါးများ ကန်တော့ခဲ့ပါသည်။ ထိုအဘွား ထမင်းစားပြီးချိန် ရောက်သွားခဲ့ရာ ဆေးလိပ်ဖွာပြီး ရေနွေးကြမ်း သောက်နေသည်ကို တွေ့ခဲ့ရပါသည်။ ထိုအသက်ရာကျော်အဘွား အကြိုက်ဆုံးအစာများမှာ

> ❖ **အစာမကြေရောဂါရှိသူများ၊ အစာအိမ်မကောင်းသူများနှင့် သက်ကြီးရွယ်အိုများ အစာစားပြီးလျှင် ရေနွေးတစ်ခွက် သောက်ပေးခြင်းဖြင့် အစာကြေချက်မှုကို အထောက်အကူဖြစ်စေနိုင်သည်။**
>
> ❖ **အထူးသဖြင့် အသက် ၅၀ ကျော်ပြီးသူ လူကြီးပိုင်းရောက်ရှိသူများအတွက် အစာစားပြီးတိုင်း အစာကြေစေရန် ထမင်းစားပြီးတိုင်း ရေနွေးတစ်ခွက်သောက်ခြင်းဖြင့် အစာကြေဆေးသောက်ရန် မလိုတော့ဘဲ အစာကြေစေနိုင်သည်။ ရေနွေးသည် မိမိအစာအိမ်က အစာကြေအားကောင်းစေရန် အပူဓာတ်အင်အားပေးခြင်းနှင့်တူသည်။**

ကောင်းမှုများ ကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် နည်းပြဆရာများက လေ့ကျင့်ခန်းလုပ်ပြီးချိန်တွင် "အချိုရည်နှင့် ဂက်စ်ပါသော သံဘူးများသောက်သုံးခြင်းကို တားမြစ်သည်"ဟု ဖတ်ရှုရသည်။

မိသားစုထမင်းဝိုင်းများတွင် အချိုရည်နှင့် ရေခဲရေသောက်သူများသည် ဟင်းအရသာ အငန်ပိုစားကြသည်ဟု ဆိုသည်။ လျှာအရသာမှာ အချိုရည်နှင့် အအေးကခံနေသဖြင့် တော်ရုံဟင်းအရသာ မတိုးတော့ခြင်းဖြစ်သည်။ လေးလေးပင်ပင် အရသာကို ပို၍တောင့်တလာသဖြင့် အချိုမှုန့်နှင့် အငန်ကိုပို၍ တောင့်တလာရာ အချိုမှုန့်နှင့် အငန်ကိုပို၍ ထည့်ချက်စေသည်။ ထိုမှတစ်ဆင့် သွေးတိုးနှင့် ဆီးချိုရောဂါများ နောက်ဆက်တွဲရလာခြင်း ဖြစ်လေသည်။ အချိုနှင့် ရေခဲရေကြောင့် လျှာအရသာ ထုံပြီး လေးသွားစေနိုင်သည်ကို အထူးသတိပြုသင့်လေသည်။

### အစပ်အရသာ စားပေးပါ

အာယုဗေဒဆေးပညာ အယူအဆတွင် အချိုအရသာသည် အေးပြီး အပူငြိမ်းသည်မှာ မှန်သော်လည်း ထမင်းစားရင်း အချိုစားသောအခါ (အချိုရည်သောက်သောအခါ) အပူငြိမ်းသတ္တိသည် လွဲမှားစွာဖြင့် ဝမ်းမီးကို ငြိမ်းစေပြီး အစာမကြေဖြစ်စေနိုင်သည်ကို သတိပြုရမည်။ ထို့ကြောင့်ပင် အာယုဗေဒဆေးပညာ၏ မူလဖြစ်သော အိန္ဒိယနိုင်ငံရှိ ထမင်းဝိုင်းများတွင် အစပ်ကို အဓိကထားစားသည်ကို တွေ့ရသည်။ အစပ်အရသာကို မဆလာအဖြစ် ဟင်းများတွင် ထည့်ချက်သည့်အပြင် ငရုတ်သီးအစပ်တောင့်များကိုပါ ကိုက်စားကြသည်ကို ချစ်တီးထမင်းဆိုင်များတွင် တွေ့ဖူးကြမည် ထင်ပါသည်။

"အာယုဗေဒဆေးပညာတွင် တြိကဋုက်သုံးပါး (ခေါ်) အစပ်သုံးပါးသည် အစာကြေစေသည့် သတ္တိကို တိုးပွားစေသည်"ဟု ဆိုသည်။ ထိုအစပ်သုံးပါးမှာ အလေ့ရှိကြသည်။ "ထမင်းစားရင်း ရေအေးမ သောက်သင့်"ဟု ပြောခဲ့သလို ရေနွေးကြမ်းသောက်၍ ထမင်းစားခြင်းသည်လည်း မကောင်းပါ။ တစ်ခွက်စ၊ နှစ်ခွက်စသောက်လျှင်ပင် မဆိုသာသော်လည်း လွန်ကဲလျှင်တော့မကောင်းပါ။

ရေနွေးကြမ်းအဖန်ရည်တွင် လက်ဖက်ခြောက် အခတ်များသဖြင့် အဖန်ဓာတ်လွန်ကဲလျှင် ဝမ်းချုပ်စေနိုင်သည်။ အစာအိမ်က အာဟာရစုပ်ယူမှုကို အဖန်ဓာတ်က ဟန့်တားနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ဆေးသောက်လျှင် ရေနွေးကြမ်း အဖန်ရည်ဖြင့် မသောက်ပါနှင့်ဟု အချို့ဆရာများက တားမြစ်ကြသည်။ ဆေးအာနိသင်ကို အဖန်ရည်က ကျဆင်းစေနိုင်သောကြောင့် ဖြစ်နိုင်လေသည်။

### ဥတုဘောဇန ကျမ်းအလို

သို့သော် ဥတုဘောဇနသင်္ဂဟကျမ်းတွင် မြန်မာပညာရှိ ယောအတွင်းဝန် ဦးဖိုးလှိုင် ရေးသား ခဲ့သည်ကို ဖတ်ရှုလေ့လာကြည့်ရာ ရေနွေးသောက်ခြင်းကို ချီးမွမ်းထားသည်ကို တွေ့ရသည်။ "ပွက်အောင်ကျိုချက်ပြီးထားသော ရေကျက်အေးသည် အစာကြေမှုကို အထောက်အကူပြုသည်"ဟု ဆိုသည်။

"ခရီးသွားသောအခါတွင်လည်း တွေ့ရာရေကို မသောက်အပ်။ ကျိုချက်ထားသော ရေကျက်အေးကိုသာ သောက်သင့်သည်"ဟု ဆိုသည်။ လမ်းခရီးသွားရင်း ရေသောက်မှား၊ အစားမှား၍ ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် အလွန်ဒုက္ခရောက်နိုင်သောကြောင့် ဖြစ်နိုင်လေသည်။

စာရေးသူတို့၏ အဘိုး အဘွားများလက်ထက်က ထမင်းစားပြီးလျှင် ထန်းလျက်ခဲနှင့် ရေနွေးကြမ်းကိုသောက်သည့် အလေ့အထကို တွေ့ဖူးသည်။ ရပ်ရွာမှ အသက်ရှည်စွာနေရသည့် အဘိုးအဘွားများတွင်လည်း ရေနွေးကြမ်းဓလေ့ကို တွေ့ရသဖြင့် ငါးလေးအိုးကပ်ဟင်းနှင့် ကန်စွန်းရွက်ချဉ်ရည်ဟင်း ဖြစ်ပြီး ထမင်းစားပြီးလျှင် ရေနွေးကြမ်းတစ်ခွက်၊ နှစ်ခွက်သောက်လေ့ရှိကြောင်း အဘွားကို စောင့်ရှောက်သူ အဒေါ်ကြီး၏ ပြောပြချက်အရ သိခဲ့ရသည်။

ထမင်းစားပြီးလျှင် ချက်ချင်းရေမသောက်ဘဲနေလျှင် အစာကိုပို၍ကြေစေနိုင်ပါသည်။ စားသည့်အစာတွင် ဟင်းချိုနှင့် အရည်ဓာတ်များ ပါသင့်သလောက်ပါပြီးဖြစ်သဖြင့် ထက်သောက်လျှင် ရေများပြီး ဝမ်းမီးက အစာချေအား လျော့သွားနိုင်သောကြောင့် ရေထက်မသောက်သင့်ပါ။ သို့သော် စားပြီးခဏအကြာတွင် အစာကြေသော ဝမ်းမီးမှ တစ်ခွက်သောက်လျှင် အစာကြေညက်မှုကို အထောက်အကူပေးရာရောက်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

အချုပ်အားဖြင့် ကောက်နုတ်တင်ပြရလျှင်

(၁) အစာကြေစေရန် ချက်ပြုတ်ပြီး နှစ်နာရီအတွင်း ပူနွေးသောထမင်း၊ ဟင်းကို စားနိုင်အောင် ကြိုးစားပါ။

(၂) ထမင်းမစားမီနှင့်စားနေဆဲတွင်အချိုရည်၊ ရေခဲရည် မသောက်သင့်ပါ။

(၃) ရေမသောက်ဘဲ မနေနိုင်လျှင် ရေကျက်အေး သို့မဟုတ် ရေနွေးကြမ်းသင့်ရုံမျှ သောက်ပါ။

(၄) ထမင်းစားပြီးလျှင် ရေနွေးကြမ်းတစ်ခွက် သောက်လျှင် အစာကြေဖို့ အထောက်အကူဖြစ်သည်။

(၅) နေ့လယ်စာ ထမင်းစားပြီးနောက် ထန်းလျက်ခဲနှင့် ရေနွေးကြမ်းသောက်ခြင်းသည် ရှေးက မြန်မာလူကြီးများ၏ ဓလေ့ဖြစ်ပြီး အစာအိမ်အတွက် အကျိုးရှိစေပါသည်။ ။

# ပါတီနိုင်ငံရေးဆိုတာက ပါတီတစ်ခုခုရဲ့လုပ်ဆောင်ရမယ့်အလုပ်တွေကို အဲဒီပါတီရဲ့ ပါတီဝင်တွေကသာ လုပ်ရမယ့်အလုပ်ပဲမဟုတ်လား။ ပါတီတစ်ခုခုရဲ့အလုပ်ကို ဝန်ထမ်းကဝင်ပါမယ်။ ဝင်လုပ်မယ်ဆိုရင် ပြဿနာတွေအများကြီးရှိတယ်လေ။

**ထွေ / အုပ်ဝန်ထမ်းတစ်ဦး**

လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးပယောဂကြောင့် အစိုးရဝန်ထမ်းတို့သည် CDM တည်းဟူသော အပရောဂါ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နေကြရသည်။ CDM သည် နိုင်ငံရေးကိစ္စတစ်ခုသာဖြစ်သည်။ ဝန်ထမ်းများနှင့် လားလားမှမဆိုင်။ နိုင်ငံရေးသမားများ၏ အလုပ်သာဖြစ်သည်။ ဝန်ထမ်းသည် တည်ဆဲအစိုးရတစ်ရပ်အတွက် လုပ်ကိုင်ထမ်းဆောင်ပေးရသူများသာဖြစ်သည်။ CDM နှင့်ပတ်သက်လို့ ဝန်ထမ်းများ၏အမြင်သည် အမျိုးမျိုးရှိကောင်းရှိပေလိမ့်မည်။ သို့သော် မှန်ကန်သော လမ်းကြောင်းပေါ်မှ ဘဝကိုမယိမ်းမယိုင် တည်ငြိမ်စွာဖြင့် ဖြတ်သန်းရင်း အေးချမ်းစွာ နေထိုင်လိုသော ဝန်ထမ်းများ၏ စကားသံကိုလည်း ဤသို့ကြားသိရသည်။

**စည်ပင်ဝန်ထမ်းတစ်ဦး**

ကျွန်တော်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ကြီးကြပ်ရေးဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်က ဝန်ထမ်းအချို့ဟာ CDM မှာပါဝင်နေတဲ့အတွက် ထိခိုက်မှုတွေရှိတယ်ဆိုတာ အမှန်ပါ။ အထူးသဖြင့်တော့ ကျွန်တော်တို့ ပတ်ဝန်းကျင်နဲ့ သန့်ရှင်းရေးဌာနက ဝန်ထမ်းအချို့ CDM မှာပါဝင်နေတဲ့အတွက် နေ့စဉ် အမှိုက်သိမ်းတဲ့လုပ်ငန်းစဉ်တွေကို နိုင်နိုင်နင်းနင်း ဆောင်ရွက်ဖို့ခက်ခဲနေပါတယ်။ အခုဆိုရင် အမှိုက်ပုံကြီးတွေက ကြီးလာတာတွေ တွေ့ရပါတယ်။ ဈေးတွေနားက အမှိုက်ပုံတွေက ပိုပြီးသိသာပါတယ်။ မြို့ထဲက လမ်းတွေ၊ ရပ်ကွက်လမ်းတွေမှာဆိုလည်း အမှိုက်တွေကို နိုင်နိုင်နင်းနင်း မလှည်းပေးနိုင်ဘူး။ ရေရှည်မှာ ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်မှုတွေ ရှိလာနိုင်ပါတယ်။

ဒါကြောင့်မို့ CDM လုပ်တဲ့အတွက် လက်တွေ့ထိခိုက်မှုဖြစ်တာ၊ ခံစားရတာဟာ ပြည်သူလူထုသာ ဖြစ်ပါတယ်။ ပြည်သူလူထုကို တိုက်ရိုက်ထိခိုက်ပါတယ်။ ကျွန်တော့်လက်အောက်က ဝန်ထမ်းတွေကိုတော့ ခုလိုအခြေအနေမျိုးမှာ CDM မလုပ်ကြဖို့၊ CDM လုပ်သူတွေကိုလည်း အချိန်မီပြန်လာကြဖို့ တိုက်တွန်းပါတယ်။ CDM လုပ်တာဟာ မိမိအကျိုးတစ်ခုအတွက် ထိခိုက်တာမဟုတ်ပါဘူး။ အများအတွက်လည်းထိခိုက်ပါတယ်။ အမှိုက်သိမ်းတဲ့ဝန်ထမ်းက အမှိုက်မသိမ်းပေးနိုင်ဘူးဆိုရင် ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်လာနိုင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်ကိုယ်တိုင်က စည်ပင်ဝန်ထမ်းအိမ်ရာမှာနေပါတယ်။ ဒါကြောင့် ဝန်ထမ်းအလုပ်က စားရေးသောက်ရေးအတွက် လခတစ်ခုတည်းကိုသာ ပေးထားတယ်လို့ပြောလို့မရပါဘူး။ နေရေးထိုင်ရေးကိုပါ စီစဉ်ပေးထားတာဖြစ်ပါတယ်။ CDM လုပ်လိုက်လို့ အလုပ်ထုတ်ခံရပြီဆိုရင် စားရေးသောက်ရေးအပြင် နေရေးထိုင်ရေးပါအခက်အခဲရှိပါတယ်။ ကျွန်တော့်မှာ သားသမီးနှစ်ယောက်ရှိပါတယ်။ ဒီစည်ပင်ဝန်ထမ်းအလုပ်နဲ့ မိသားစုကို လုပ်ကိုင်ကျွေးမွေးလာတာ ၁၇ နှစ်ရှိပါပြီ။ လုပ်သက်လေးရလာပြီဆိုတော့ အလုပ်ကိုထိခိုက်မခံစေချင်ပါဘူး။ ဒါကြောင့်မို့ CDM အလုပ်ကို ကိုယ်ကိုယ်တိုင်က မပါဝင်သလို အခြားဝန်ထမ်းတွေလည်း မလုပ်စေချင်ပါဘူး။ အခုဆိုရင် ဌာနဆိုင်ရာအချို့မှာ CDM လုပ်တဲ့ ဝန်ထမ်းတွေကို အလုပ်ကနေ ယာယီရပ်ဆိုင်းတာတွေ၊ အလုပ်ကထုတ်ပစ်တာတွေ လုပ်နေတာတွေကို စိတ်မကောင်းစွာနဲ့ ကြားသိနေရပါတယ်။ ဒါကြောင့်မို့ CDM မလုပ်တာအကောင်းဆုံးပါလို့ ပြောချင်ပါတယ်။

**ဘဏ်ဝန်ထမ်းတစ်ဦး**

ကျွန်မက မြန်မာ့စီးပွားရေးဘဏ် ဒုကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်နေတဲ့ ဒေါ်ခင်အေးမြင့်(အမည်လွှဲ)ဖြစ်ပါတယ်။ ဝန်ထမ်းလုပ်သက် ၁၅ နှစ်ရှိပါပြီ။ အစက နယ်မြို့တွေမှာ သွားရောက်တာဝန်ထမ်းဆောင်ရပါတယ်။ မကြာသေးခင်ကပဲ ရန်ကုန်မြို့ကို ရာထူးတိုးနဲ့ပြန်ပြောင်းလာပါတယ်။ CDM လုပ်ဖို့ အချို့လာပြီးဆွဲဆောင်တာတွေရှိတယ်။ ကိုယ့်မိသားစုအခြေအနေ၊ ကိုယ့်ဘဝအခြေအနေတွေအရ CDM မလုပ်ဖို့ဆုံးဖြတ်ထားတာပါ။ ဘဝနဲ့ရင်းပြီးလုပ်ရမှာကို လုံးဝမလိုလားပါဘူး။

အခုလည်းအခက်အခဲတွေကြားက ရုံးတက်နေတာပါ။ ကိုယ့်အလုပ်၊ ကိုယ့်တာဝန်ကို မပျက်စေချင်လို့ပါ။ ရုံးဝတ်စုံကိုတောင်မဝတ်ပါဘူး။ လိုက်ပြီးနှောင့်ယှက်နေတာကိုမလိုလားလို့ပါ။ အခက်အခဲတွေ တော့ရှိပါတယ်။ ဒါပေမယ့်လည်း ကိုယ့်ပေးအပ်ထားတဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပေးပါတယ်။ နေ့စဉ် ရုံးဖွင့်တဲ့ရက်ဆို ဖယ်ရီနဲ့သွားပါတယ်။ စောစောပြန်ပါတယ်။ အရင်လို ညနေအထိတော့ အချိန်ပြည့် မလုပ်နိုင်ပါဘူး။ ငွေသွင်းငွေထုတ်လုပ်ငန်းတွေကို အဆင်ပြေအောင်လုပ်ပေးနေပါတယ်။ အငြိမ်းစားဝန်ထမ်းတွေရဲ့ ပင်စင်လစာတွေကိုလည်း အဆင်ပြေအောင်ထုတ်ပေးနေပါတယ်။ လုပ်ငန်းတွေက ရပ်တန့်ထားတာမရှိပါဘူး။ ပုံမှန်လည်ပတ်နေပါတယ်။

ဝန်ထမ်းလုပ်လာတာ လုပ်သက်လေးရလာပြီဆိုတော့ အလုပ်ကိုထိခိုက်လာတာတော့မကြိုက်ပါဘူး။ အလုပ်ကအလုပ်၊ နိုင်ငံရေးက နိုင်ငံရေးပါ။ အလုပ်နဲ့နိုင်ငံရေး ရောထွေးနေတာတော့မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ဒီအလုပ်တောင် ဘဏ်မှာအသိအကျွမ်း အစ်မကြီးတစ်ယောက်နဲ့ အဆက်အစပ်ရလို့ လုပ်ဖြစ်ခဲ့တာပါ။ အလုပ်တစ်ခုရဖို့ခက်ပါတယ်။ ခက်ခဲတဲ့အလုပ်ကို အလွယ်လေးနဲ့ အလုပ်ပြုတ်သွားမယ်ဆိုရင် စိတ်မကောင်းဖြစ်မိမှာပါ။ ကျွန်မနောက်မှာ မိသားစုတွေရှိပါတယ်။ မိသားစုရဲ့ စားဝတ်နေရေးဟာ အရေးကြီးပါတယ်။ ဒီနေ့ခေတ်မှာ ကုန်ဈေးနှုန်းတွေကကြီး၊ အလုပ်ကမရှိဆိုရင် ဘယ်လိုလုပ်ကြမလဲ။ တွေးတောင်မတွေးဝံ့စရာပါ။ ဒါကြောင့်မို့ CDM ကို လုံးဝမလုပ်ဖို့ဆုံးဖြတ်ထားသလို အခြားဝန်ထမ်းတွေကိုလည်းမလုပ်ကြဖို့ တိုက်တွန်းချင်ပါတယ်။ CDM လုပ်နေတဲ့ ဝန်ထမ်းတွေကိုလည်း အချိန်မီ ကိုယ့်အလုပ်ကိုပြန်လာစေချင်ပါတယ်။ အခုဆိုရင် တာဝန်က ယာယီရပ်ဆိုင်းတာတွေ လုပ်နေပါတယ်။ စိတ်မကောင်းရုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။

**ရဲတပ်ဖွဲ့ဝင်တစ်ဦး**

ကျွန်တော်က ရဲတပ်သား ရဲလင်းဦး (အမည်လွှဲ) ဖြစ်ပါတယ်။ လစာနှစ်သိန်းကျော်ရပါတယ်။ ရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေတာ ငါးနှစ်ရှိပါပြီ။ အမေ့ကို လုပ်ကျွေးနေတာပါ။ အမေတစ်ခု၊ သားတစ်ခုပါဗျာ။ ရဲအလုပ်ဆိုပေမယ့် အလွယ်တကူမရပါဘူး။ အခု ကျွန်တော်ဆယ်တန်းအောင်ထားပြီ။ အဝေးသင်ဆက်တက်မယ်။ ဘွဲ့တစ်ခုယူပြီး ဒုရဲအုပ်စာမေးပွဲဖြေမယ်။ ဒါကတော့ ကျွန်တော့်ရည်မှန်းချက်ပါ။

ခုလောလောဆယ်မှာတော့ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအခြေအနေတွေကြောင့် တာဝန်ထမ်းဆောင်ရတာ အတော်လေးပင်ပန်းပါတယ်။ နေ့ရော ညပါ တာဝန်ထမ်းဆောင်နေရတာပါ။ ဒီကြားထဲ CDM လုပ်ဖို့ လာပြီးစည်းရုံးတဲ့သူတွေကလည်းရှိသေးတယ်။ ကျွန်တော်တို့ရဲတွေက သာမန်ဝန်ထမ်းတွေနဲ့ မတူပါဘူး။ သာမန်ဝန်ထမ်းတွေက အလုပ်ပြုတ်ရုံကလွဲလို့ ဘာမှမဖြစ်ဘူး။ ကျွန်တော်တို့က အလုပ်လည်း ပြုတ်ဦးမယ်၊ အာဏာဖီဆန်မှုနဲ့ ထောင်လည်း ချခံရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ CDM မလုပ်ဖို့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ချထားတာပါ။ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း CDM မလုပ်စေချင်ပါဘူး။ လုပ်နေတဲ့အစ်ကိုတွေကိုလည်း အရေးယူ ခြင်းမခံရမီ ပြန်လည်တာဝန်ထမ်းကြပါလို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်သာ CDM လုပ်လို့ ထောင်ကျသွားရင် အမေ့အတွက် မတွေးဝံ့စရာပါ။ အမေကအသက်ကြီးပြီ၊ ကျန်းမာရေးကလည်း သိပ်ကောင်းတာမဟုတ်ဘူး။ အမေကဆီးချိုဖြစ်နေတာ၊ ကျွန်တော်သာ တစ်ခုခုဖြစ်သွားရင် အမေအသက်ရှည်တော့မှာမဟုတ်ဘူး။ ကျွန်တော်တော့ ဘာပဲဖြစ်ဖြစ် အေးအေးချမ်းချမ်းပဲ နေချင်တယ်။ စိတ်လိုက်မာန်ပါလုပ်တဲ့အလုပ်ကို မလုပ်ချင်တော့ဘူး။ အလုပ်တာဝန်နဲ့ နိုင်ငံရေးက တခြားစီပါ။ အလုပ်က အလုပ်၊ နိုင်ငံရေးက နိုင်ငံရေးပါ။ ရှင်းရှင်းလင်းလင်း သူ့အပိုင်းနဲ့သူ ခွဲခြားမြင်တာကောင်းတယ်။ ဒါကြောင့်မို့ CDM လုပ်ဖို့ အစကတည်းက ရှောင်ခဲ့ပါတယ်။

**ထွေ/အုပ် ဝန်ထမ်းတစ်ဦး**

ကျွန်တော်က မြို့နယ်ထွေ/အုပ်အရာရှိတစ်ဦးပါ။ ကျွန်တော့်နာမည်က ဦးကျော်မင်းလွင်(အမည်လွှဲ) ဖြစ်ပါတယ်။ ဝန်ထမ်းလုပ်သက် နှစ် ၂၀ ကျော်ပါပြီ။ လုပ်သက်လေးတွေရလာတော့ အထူး သတိထားပြီး လုပ်ကိုင်ရပါတယ်။ အမှားမခံပါဘူး။ ကိုယ်ကိုယ်တိုင်လည်းသတိထားပြီးနေရသလို ကိုယ့်လက်အောက်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကိုလည်း အသိပေးပြောဆိုရတာလေးတွေလည်း ရှိပါတယ်။ ဘာပဲပြောပြော CDM ထဲမပါအောင်တော့ သတိပေးပြောဆိုပေးရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဝန်ထမ်းတွေပဲလေ။ ဝန်ထမ်းဆိုတော့ ဝန်ထမ်းအလုပ်လုပ်တာကောင်းပါတယ်။ နိုင်ငံရေးနဲ့ မဆိုင်ဘူးလို့ပဲမြင်တယ်။ အစကတည်းက ဝန်ထမ်းဆိုတာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ ပြောဆိုထားတာမဟုတ်လား။

ပါတီနိုင်ငံရေးဆိုတာက ပါတီတစ်ခုခုရဲ့ လုပ်ဆောင်ရမယ့်အလုပ်တွေကို အဲဒီပါတီရဲ့ ပါတီဝင်တွေကသာ လုပ်ရမယ့်အလုပ်ပဲမဟုတ်လား။ ပါတီတစ်ခုခုရဲ့အလုပ်ကို ဝန်ထမ်းကဝင်ပါမယ်။ ဝင်လုပ်မယ်ဆိုရင် ပြဿနာတွေအများကြီးရှိတယ်လေ။ ဒါကြောင့်မို့ ဝန်ထမ်းဟူသည် ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ ဝန်ထမ်းကိုစခန့်ကတည်းက လျှောက်လွှာမှာပါရှိပြီးသား ဖြစ်ပါတယ်။

ဟိုတစ်နေ့ကတောင် ကျွန်တော့်ရုံးရှေ့မှာ CDM လုပ်ဖို့ ကလေးတွေလာအော်နေကြသေးတယ်။ ရုံးကဝန်ထမ်းတွေကို အနှောင့်အယှက်မပေးဖို့ ပြောရသေးတယ်။ အမှန်မှာတော့ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့က ဝန်ထမ်းဆိုတော့ ဘာပါတီနိုင်ငံရေးမှလည်း မလုပ်ဘူး။ စိတ်လည်းမဝင်စားဘူး။ အေး.. စိတ်ဝင်စားတာတစ်ခုပဲရှိတယ်။ ဘယ်နေ့ လကုန်မလဲဆိုတာလောက်ပဲဗျ။ CDM တွေ၊ နိုင်ငံရေးတွေ ဘာမှမသိဘူး။

**နေခြည်ဦး**

---

# မိုင်းယောင်း၌ ပဲတောင့်ရှည်ပင်များစိုက်ပျိုး၍ မိသားစုဝင်ငွေ တိုးပွားရရှိ

**မိုင်းယောင်း မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုအခါ ရာသီပေါ်သီးနှံ ပဲတောင့်ရှည်ပင်များ စိုက်ပျိုး၍ မိသားစုဝင်ငွေ တိုးပွားရရှိနေကြောင်း သိရသည်။

“ပဲတောင့်ရှည် တစ်စည်းကို ကျပ် ၂၀၀၊ သုံးစည်းကို ကျပ် ၅၀၀ ဖြင့် ရောင်းချရပါတယ်။ မိမိနေအိမ်ခြံဝင်းအတွင်းမှာပဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားခြင်းဖြစ်ပါတယ်။ မီးဖိုချောင်အသုံးစရိတ်ကို ကာမိအောင်လို့ပါ။ ပဲတောင့်ရှည်ကို ကြိုက်နှစ်သက်သလို အလွယ်တကူပြင်ဆင်ပြုလုပ်စားသုံးနိုင်ပါတယ်”ဟု ပဲတောင့်ရှည် စိုက်ပျိုးရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

မိုင်းယောင်း၌ ဥယျာဉ်ခြံလုပ်ငန်း၊ ပန်းမျိုးစုံစိုက်ပျိုးခြင်းနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်းလုပ်ငန်းများကို ရာသီအလိုက် လုပ်ကိုင်လျက်ရှိပြီး ရာသီပေါ်သီးနှံအဖြစ် ပဲတောင့်ရှည်ပင်များကို စိုက်ပျိုးကြပြီး ခူးဆွတ်ရောင်းချချိန်တွင် မိသားစုဝင်ငွေကို အထောက်အပံ့ရလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

■

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၄၅၄၁ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၉၄၉၉၆ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၃၂၇၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၅၀၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၁၁၆၂၂ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၃၆၁၅၅ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၃၆၂၂၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၂၃၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၆၂၂ ဦး ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၈၈၁၈၀ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၆၀၂၃၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၀၆၇၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၉၀၀ ဦး ဖြစ်သည်။

၅။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဲရုံပေါင်း ၁၃၀ ရုံ | ၂၂၄၅၄၁ | ၉၄၉၉၆ | ၄၃၂၇၄ | ၅၀၇ | ၁၁၆၂၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မဲရုံပေါင်း ၁၂၄ ရုံ | ၁၃၆၁၅၅ | ၁၃၆၂၂၄ | ၅၂၃၄ | ၇၄ | ၃၆၂၂ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မဲရုံပေါင်း ၇၁ ရုံ | ၈၈၁၈၀ | ၆၀၂၃၁ | ၁၀၆၇၄ | ၁၅၇ | ၃၉၀၀ |

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၇။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၃၂၅ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၈၈၇၄၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၂၀၈၈၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၇၈၅၅၊ မြေပြင်လက်ကျန် ၁၄၄၇၉၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၀၄၀၁ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၇၃၄၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြုပြီး | ကျန်ရမည့် အရေအတွက် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | လှည်းကူးမြို့နယ် | ၁၃၀ | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |
| ၂ | တောင်ဥက္ကလာပ မြို့နယ် | ၁၂၄ | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |
| ၃ | ကြည့်မြင်တိုင်မြို့နယ် | ၇၁ | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |
| | စုစုပေါင်း | ၃၂၅ | ၄၈၈၇၄၃ | ၃၂၀၈၈၈ | ၁၆၇၈၅၅ | ၁၄၄၇၉၈ | ၃၀၄၀၁ | ၇၃၄၄ |



မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးစဉ်။

### လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ လှည်းကူးမြို့နယ်တွင် မဲရုံပေါင်း ၁၃၀ ရုံရှိပြီး စုစုပေါင်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ် ၂၄၁၂၆၅ အနက် ၂၃၆၂၀၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၃၂၇၂ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၁၇၉၃ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေးအသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၃၆၂၀၀ | ၁၅၇၁၄၉ | ၇၉၀၅၁ | ၅၉၈၃၃ | ၂၁၉၆၀ | ၂၇၄၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၂၇၂ | ၃၃၂၇ | -၅၅ | - | - | ၅၅ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၇၉၃ | - | ၁၇၉၃ | ၂၃၀၀ | - | ၅၀၇ |
| ၄ | သီးခြားထိန်းသိမ်းလက်မှတ် | - | - | - | ၂၇၀၄ | - | ၂၇၀၄ |
| | စုစုပေါင်း | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |

၉။ လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၂၃၆၂၀၀ ဖြစ်ပြီး ၁၅၇၁၄၉ စောင် အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၇၉၀၅၁ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၅၉၈၃၃ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။ စိစစ်ချက်အရ မဲရုံ ၈၉ ရုံတွင် မဲလက်မှတ် ၂၁၉၆၀ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂၈ ရုံတွင် တရားမဝင် မဲလက်မှတ်ပေါင်း ၂၇၄၂ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၀။ စိစစ်ချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၃၂၇၂ စောင်သာရှိသော်လည်း မြေပြင်တွင် ၃၃၂၇ စောင် အသုံးပြုဆန္ဒမဲပေးထားသည့်အတွက် တရားမဝင်မဲလက်မှတ် ၅၅ စောင် ပိုမိုသုံးစွဲထားရှိကြောင်း တွေ့ရှိရပါသည်။ မြို့နယ်လက်ကျန်အရန်လက်မှတ် ၁၇၉၃ စောင် မြေပြင်ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် စောင်ရေ ၂၃၀၀ စောင်ရှိနေသည့်အတွက် တရားမဝင်မဲလက်မှတ် ၅၀၇ စောင် ပိုမိုရှိနေကြောင်း တွေ့ရှိရပါသည်။

၁၁။ လှည်းကူးမြို့နယ် မဲရုံအသုံးပြု ဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်သိမ်းဆည်း အပ်နှံပြီးနောက် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံမှူးများလက်ဝယ်၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် မဲလက်မှတ် ၂၇၀၄ စောင် တို့အား ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ၈-၁၁-၂၀၂၀ ရက်နေ့ နောက်ပိုင်းမှ ထပ်မံအပ်နှံလာသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရောနှောထုပ်ပိုးသိမ်းဆည်းထားသည့်အတွက် မြေပြင်တွင် သီးခြားမဲလက်မှတ်များအဖြစ် စိစစ်တွေ့ရှိရပါသည်။

၁၂။ ရပ်/ကျေး လှည့်လည်ကောက်ခံသည့် ကြိုတင်မဲလက်ခံ ဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်နှင့် လက်ဗွေ (သို့မဟုတ်) လက်မှတ်ရေးထိုးထားရမည်ဖြစ်သော်လည်း မဲဆန္ဒရှင်အမည်နှင့် လက်ဗွေ (သို့မဟုတ်) လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အသုံးပြုပြီး မဲလက်မှတ် (ဖြတ်ပိုင်း) ၆၀ အုပ်ကိုလည်း မြေပြင်စစ်ဆေးတွေ့ရှိရပါသည်။

စာမျက်နှာ ၁၈ သို့ ☆

☆ စာမျက်နှာ ၁၇ မှ

၁၃။ လှည်းကူးမြို့နယ်တစ်ခုလုံးတွင် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ထုတ်ယူရရှိမှုမှာ ၂၄၁၂၆၅ စောင် ဖြစ်ပြီး ၁၆၀၄၇၆ စောင် အသုံးပြုခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၆၄၈၃၇ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၁၄။ လှည်းကူးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန်မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကျေးအမည် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိချက် | | | ပျောက်ဆုံး | ပို |
|---|---|---|---|---|---|---|---|
| | | | သုံးစွဲ | လက်ကျန် | စုစုပေါင်း | | |
| ၁ | သာသနာ့ရိပ်သာရပ်ကွက် | ၁၁၅၀၀ | ၅၆၆၃ | ၂၃၂၀ | ၇၉၈၃ | ၃၅၁၇ | |
| ၂ | အောင်မင်္ဂလာရပ်ကွက် | ၉၆၅၀ | ၆၅၁၆ | ၂၈၃၃ | ၉၃၄၉ | ၄၀၁ | ၁၀၀ |
| ၃ | မရမ်းချောင်းကျေးရွာ | ၂၂၅၀ | ၁၅၅၆ | ၇၂၄ | ၂၂၈၀ | | ၃၀ |
| ၄ | မင်းကုန်းကျေးရွာ | ၁၁၇၅၀ | ၈၂၄၈ | ၂၃၃၇ | ၁၀၅၈၅ | ၁၁၆၅ | |
| ၅ | ဖောင်ကြီးအရှေ့ကျေးရွာ | ၇၇၀၀ | ၄၂၄၇ | ၂၀၉၂ | ၆၃၃၉ | ၁၃၆၁ | |
| ၆ | ဖောင်ကြီးအနောက်ကျေးရွာ | ၆၃၅၀ | ၄၇၀၇ | ၁၅၄၁ | ၆၂၄၈ | ၁၀၂ | |
| ၇ | ပုတ်သင်ညိုကျေးရွာ | ၁၇၀၀ | ၁၂၁၃ | ၃၈၅ | ၁၅၉၈ | ၁၀၂ | |
| ၈ | ငွေးတောက်အိုင်ကျေးရွာ | ၃၃၅၀ | ၂၂၅၁ | ၇၀၁ | ၂၉၅၂ | ၃၉၈ | |
| ၉ | ဟိုင်းကူးကျေးရွာ | ၆၈၅၀ | ၄၉၂၈ | ၁၂၁၉ | ၆၁၄၇ | ၇၀၃ | |
| ၁၀ | နန္တိကျေးရွာ | ၄၂၀၀ | ၂၆၅၄ | ၈၆၅ | ၃၅၁၉ | ၇၃၁ | ၅၀ |
| ၁၁ | ငါးဆူတောင်ကျေးရွာ | ၄၂၅၀ | ၂၃၄၆ | ၁၃၀၁ | ၃၆၄၇ | ၆၀၃ | |
| ၁၂ | ကြာအင်းကျေးရွာ | ၉၈၀၀ | ၆၀၄၂ | ၃၃၃၁ | ၉၃၇၃ | ၅၀၁ | ၇၄ |
| ၁၃ | စာဘူးတောင်းကျေးရွာ | ၉၄၀၀ | ၆၇၀၃ | ၂၅၈၂ | ၉၂၈၅ | ၂၁၅ | ၁၀၀ |
| ၁၄ | ကျောက်ကုဒင်ကျေးရွာ | ၂၃၅၀ | ၁၈၆၅ | ၄၈၅ | ၂၃၅၀ | | |
| ၁၅ | ကလီထော်အရှေ့ကျေးရွာ | ၂၆၀၀ | ၁၆၃၄ | ၅၁၆ | ၂၁၅၀ | ၄၅၀ | |
| ၁၆ | ကလီထော်အနောက်ကျေးရွာ | ၃၁၀၀ | ၂၃၂၉ | ၇၇၁ | ၃၁၀၀ | ၅၀ | ၅၀ |
| ၁၇ | စခန်းကြီးကျေးရွာ | ၄၅၅၀ | ၂၀၉၂ | ၁၁၅၈ | ၃၂၅၀ | ၁၃၀၀ | |
| ၁၈ | သာယာကုန်းကျေးရွာ | ၅၁၀၀ | ၃၆၁၁ | ၁၄၀၉ | ၅၀၂၀ | ၈၀ | |
| ၁၉ | ခရောင်ကျေးရွာ | ၆၅၀ | ၄၅၅ | ၁၄၅ | ၆၀၀ | ၅၀ | |
| ၂၀ | ညောင်တခြမ်းကျေးရွာ | ၁၀၀၀ | ၇၁၂ | ၁၈၂ | ၈၉၄ | ၁၀၆ | |
| ၂၁ | ဝါးနက်ကုန်းကျေးရွာ | ၄၁၀၀ | ၃၀၃၀ | ၁၀၂၀ | ၄၀၅၀ | ၁၅၀ | ၁၀၀ |
| ၂၂ | သူငယ့်ချောင်ကျေးရွာ | ၃၇၀၀ | ၂၇၁၅ | ၉၈၅ | ၃၇၀၀ | ၃၅၀ | ၃၅၀ |
| ၂၃ | မြို့မရပ်ကွက် | ၆၆၅၀ | ၄၇၅၆ | ၁၆၄၂ | ၆၃၉၈ | ၂၅၂ | |
| ၂၄ | ဈေးကြီးရပ်ကွက် | ၁၃၀၀ | ၉၃၂ | ၃၆၈ | ၁၃၀၀ | | |
| ၂၅ | ပြည်တော်သာရပ်ကွက် | ၇၉၀၀ | ၄၅၅၃ | ၂၁၆၁ | ၆၇၁၄ | ၁၃၈၆ | ၂၀၀ |
| ၂၆ | ကျွန်းကလေးကျေးရွာ | ၈၂၀၀ | ၅၁၃၄ | ၃၁၆၄ | ၈၂၉၈ | ၄၈ | ၁၄၆ |
| ၂၇ | ဇီးပင်ဝဲကျေးရွာ | ၁၆၅၀ | ၁၂၃၅ | ၄၁၅ | ၁၆၅၀ | | |
| ၂၈ | ရဲမွန်ကျေးရွာ | ၉၆၅၀ | ၆၅၁၁ | ၂၉၅၇ | ၉၄၆၈ | ၄၀၃ | ၂၂၁ |
| ၂၉ | အင်းတိုင်ကျေးရွာ | ၉၅၀၀ | ၆၈၄၄ | ၂၃၇၇ | ၉၂၂၁ | ၃၂၉ | ၅၀ |
| ၃၀ | အလံဂပိုကျေးရွာ | ၃၂၀၀ | ၂၆၆၁ | ၅၇၉ | ၃၂၄၀ | | ၄၀ |
| ၃၁ | စိုင်ဒီကုန်းကျေးရွာ | ၁၀၀၀ | ၇၃၃ | ၂၁၇ | ၉၅၀ | ၅၀ | |
| ၃၂ | ကျီးကန်းသိုက်ကျေးရွာ | ၄၀၀ | ၂၄၈ | ၁၀၂ | ၃၅၀ | ၅၀ | |
| ၃၃ | ဝါးရုံစွန်းကျေးရွာ | ၂၁၅၀ | ၁၇၀၆ | ၃၄၆ | ၂၀၅၂ | ၉၈ | |
| ၃၄ | စွယ်လပ်ကျေးရွာ | ၃၀၀ | ၁၅၅ | ၉၃ | ၂၄၈ | ၅၂ | |
| ၃၅ | ဖဲခမဲကျေးရွာ | ၁၅၀၀ | ၁၀၆၁ | ၃၃၅ | ၁၃၉၆ | ၁၀၄ | |
| ၃၆ | သနပ်ပြင်ကျေးရွာ | ၂၇၀၀ | ၂၁၇၃ | ၄၂၇ | ၂၆၀၀ | ၁၀၀ | |
| ၃၇ | ဆားတလင်းကျေးရွာ | ၂၄၀၀ | ၂၇၁၆ | ၆၃၂ | ၃၃၄၈ | ၃၅၇ | ၃၀၅ |
| ၃၈ | ဒါးပိန်တောင်ကျေးရွာ | ၁၁၆၅၀ | ၈၂၈၇ | ၃၂၁၃ | ၁၁၅၀၀ | ၄၀၀ | ၂၅၀ |
| ၃၉ | ဒါးပိန်မြောက်ကျေးရွာ | ၃၉၀၀ | ၂၇၉၇ | ၁၀၅၂ | ၃၈၄၉ | ၁၀၁ | ၅၀ |
| ၄၀ | သခွတ်ပင်ကျေးရွာ | ၁၆၀၀ | ၁၁၈၀ | ၃၇၀ | ၁၅၅၀ | ၅၀ | |
| ၄၁ | မအူကျေးရွာ | ၂၉၅၀ | ၉၂၆ | ၃၆၄ | ၁၂၉၀ | ၁၆၆၀ | |
| ၄၂ | ရှမ်းတဲကြီးအထက်ကျေးရွာ | ၂၃၀၀ | ၁၉၀၆ | ၇၄၅ | ၂၆၅၁ | | ၃၅၁ |
| ၄၃ | ကျွန်းကုန်းကျေးရွာ | ၁၅၅၀ | ၁၁၄၅ | ၃၄၉ | ၁၄၉၄ | ၅၆ | |
| ၄၄ | တံခွန်တိုင်(လှည်းကူး)ကျေးရွာ | ၇၀၀ | ၄၀၃ | ၁၉၅ | ၅၉၈ | ၁၀၂ | |
| ၄၅ | လက်ပန်ကျေးရွာ | ၈၅၀ | ၆၆၃ | ၈၇ | ၇၅၀ | ၁၀၀ | |
| ၄၆ | ပိုက်ကြီးဝဲကျေးရွာ | ၂၂၅၀ | ၁၇၁၄ | ၅၈၅ | ၂၂၉၉ | | ၄၉ |
| ၄၇ | မုဆိုးညောင်ပင်ကျေးရွာ | ၂၁၀၀ | ၁၅၄၉ | ၂၀၀ | ၁၇၄၉ | ၃၅၁ | |
| ၄၈ | ဘိုးရင်ကလေးကျေးရွာ | ၂၆၅၀ | ၁၄၈၆ | ၄၆၀ | ၁၉၄၆ | ၇၀၄ | |
| ၄၉ | အဝိုင်းကျေးရွာ | ၁၆၅၀ | ၈၉၃ | ၁၆၆ | ၁၀၅၉ | ၅၉၁ | |
| ၅၀ | စစ်ပင်မြောက်ကျေးရွာ | ၉၅၀ | ၇၄၀ | ၁၆၀ | ၉၀၀ | ၅၀ | |
| ၅၁ | မလစ်အနောက်ကျေးရွာ | ၂၂၅၀ | ၁၇၀၁ | ၃၉၇ | ၂၀၉၈ | ၁၅၂ | |
| ၅၂ | ဆင်ဖုံကျေးရွာ | ၂၉၀၀ | ၂၃၃၆ | ၅၉၀ | ၂၉၂၆ | | ၂၆ |
| ၅၃ | ဘားလားကျေးရွာ | ၂၇၀၀ | ၂၃၃၅ | ၄၁၅ | ၂၇၅၀ | | ၅၀ |
| ၅၄ | တံခွန်တိုင်(အင်းစိန်)ကျေးရွာ | ၂၆၅၀ | ၁၅၂၅ | ၁၀၂၅ | ၂၅၅၀ | ၁၀၀ | |
| ၅၅ | ငွေနံ့သာကျေးရွာ | ၁၄၅၀ | ၁၁၁၀ | ၄၉၀ | ၁၆၀၀ | | ၁၅၀ |
| ၅၆ | အုန်းနဲ့ကုန်းကျေးရွာ | ၄၀၀၀ | ၂၁၉၃ | ၁၂၀၇ | ၃၄၀၀ | ၆၀၀ | |
| ၅၇ | ဇရပ်ကွင်းကျေးရွာ | ၉၇၅၀ | ၅၃၂၅ | ၃၀၄၆ | ၈၃၇၁ | ၁၃၇၉ | |
| | စုစုပေါင်း | ၂၃၆၂၀၀ | ၁၅၇၁၄၉ | ၅၉၈၃၃ | ၂၁၆၉၈၂ | ၂၁၉၆၀ | ၂၇၄၂ |

## တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ မဲရုံပေါင်း ၁၂၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၅၁၁၉၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၈၁၅၅၊ ကျန်ရှိရမည့် အရေအတွက်မှာ ၅၃၀၄၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၈၇၀၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပါသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၇၅၅၀ | ၉၆၁၂၁ | ၅၁၄၂၉ | ၄၆၄၄၆ | ၄၉၈၆ | ၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၃၄ | ၂၀၃၄ | – | – | – | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၁၁ | – | ၁၆၁၁ | ၂၂၆၁ | – | ၆၅၀ |
| | စုစုပေါင်း | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |

၁၆။ တောင်ဥက္ကလာပမြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ မဲရုံ ၁၂၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၉၈၆ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃ စောင် အပိုတွေ့ရှိရပါသည်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၁၆၁၁ ဖြစ်သော်လည်း မြေပြင်တွင် ၂၂၆၁ ကျန်ရှိနေသည်။ အမှတ်(၃)ရပ်ကွက်၊ မဲရုံအမှတ်(၂) တွင် မဲပေးအသုံးပြုခဲ့သော မဲလက်မှတ်လက်ခံဖြတ်ပိုင်းများ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

၁၇။ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၃)ရပ်ကွက် | ၃၂၀၀ | ၁၃၂၇ | ၁၈၇၃ | ၁၁၁၇ | ၇၅၆ | |
| ၂ | အမှတ်(၄)ရပ်ကွက် | ၁၄၄၀၀ | ၉၉၂၉ | ၄၄၇၁ | ၄၃၂၁ | ၁၅၀ | |
| ၃ | အမှတ်(၅)ရပ်ကွက် | ၁၄၀၅၀ | ၉၇၂၈ | ၄၃၂၂ | ၄၁၂၁ | ၂၀၁ | |
| ၄ | အမှတ်(၆)ရပ်ကွက် | ၁၀၃၅၀ | ၆၇၂၉ | ၃၆၂၁ | ၃၃၇၀ | ၂၅၁ | |
| ၅ | အမှတ်(၇)ရပ်ကွက် | ၁၆၄၅၀ | ၁၀၅၈၀ | ၅၈၇၀ | ၅၆၇၈ | ၁၉၂ | |
| ၆ | အမှတ်(၈)ရပ်ကွက် | ၁၉၅၀ | ၈၃၈ | ၁၁၁၂ | ၈၆၂ | ၂၅၀ | |
| ၇ | အမှတ်(၉)ရပ်ကွက် | ၁၀၁၀၀ | ၆၆၆၈ | ၃၄၃၂ | ၃၀၄၂ | ၃၉၀ | |
| ၈ | အမှတ်(၁၀)ရပ်ကွက် | ၁၂၅၀၀ | ၈၆၉၉ | ၃၈၀၁ | ၃၆၆၀ | ၁၄၁ | |
| ၉ | အမှတ်(၁၁)ရပ်ကွက် | ၆၆၅၀ | ၄၅၈၂ | ၂၀၆၈ | ၂၀၇၁ | | ၃ |
| ၁၀ | အမှတ်(၁၂)ရပ်ကွက် | ၁၃၁၀၀ | ၈၄၄၅ | ၄၆၅၅ | ၄၂၇၃ | ၃၈၂ | |
| ၁၁ | အမှတ်(၁၃)ရပ်ကွက် | ၁၈၇၀၀ | ၁၂၃၅၆ | ၆၃၄၄ | ၄၉၄၁ | ၁၄၀၃ | |
| ၁၂ | အမှတ်(၁၄)ရပ်ကွက် | ၁၉၅၅၀ | ၁၁၆၈၂ | ၇၈၆၈ | ၆၉၉၈ | ၈၇၀ | |
| ၁၃ | အမှတ်(၁၅)ရပ်ကွက် | ၆၅၅၀ | ၄၅၅၈ | ၁၉၉၂ | ၁၉၉၂ | – | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၄၇၅၅၀ | ၉၆၁၂၁ | ၅၁၄၂၉ | ၄၆၄၄၆ | ၄၉၈၆ | ၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၃၄ | ၂၀၃၄ | – | – | – | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၁၁ | – | ၁၆၁၁ | ၂၂၆၁ | – | ၆၅၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |

## ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် မဲရုံပေါင်း ၇၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၆၂၈၃ ရွက်၊ မဲပေး အသုံးပြုခဲ့သော လက်ခံဖြတ်ပိုင်းများမှာ ၆၂၂၅၇ ရွက်၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၄၀၂၆ ရွက်၊ မြေပြင်လက်ကျန် ၃၁၂၅၄ ရွက်ဖြစ်ကြောင်း တွေ့ရှိရပြီး စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၀၃၅၀ | ၆၁၀၂၄ | ၂၉၃၂၆ | ၂၆၂၅၄ | ၃၄၅၅ | ၃၈၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၂၃၃ | ၁၂၃၃ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၇၀၀ | - | ၄၇၀၀ | ၅၀၀၀ | - | ၃၀၀ |
| | စုစုပေါင်း | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |

၁၉။ ကြည့်မြင်တိုင်မြို့နယ်တွင် မဲရုံပေါင်း ၇၁ ရုံရှိပြီး၊ ထုတ်ယူရရှိ လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၆၂၈၃ စောင်အနက် ၉၀၃၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်အဖြစ်လည်းကောင်း၊ ၁၂၃၃ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်အဖြစ်လည်းကောင်း၊ ကျန် ၄၇၀၀ စောင်အား မြို့နယ်လက်ကျန်(အရန်) မဲလက်မှတ်အဖြစ်လည်းကောင်း ခွဲဝေ၊ ထုတ်ပေး၊ သုံးစွဲ ထိန်းသိမ်းထားရှိကြောင်း တွေ့ရှိရပါသည်။

၂၀။ မြေပြင်ဖွင့်ဖောက်စစ်ဆေးချက်အရ ရပ်/ကျေးမဲလက်မှတ် ၉၀၃၅၀ အနက်မှ ၆၁၀၂၄ စောင်အား ဆန္ဒမဲပေးအသုံးပြုထားရှိခဲ့သဖြင့် လက်ကျန်အဖြစ် ၂၉၃၂၆ စောင် အမှန်တကယ် ကျန်ရှိနေရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၆၂၅၄ စောင်သာ တွေ့ရှိရသည့်အတွက် မဲလက်မှတ်စောင်ရေ ၃၄၅၅ စောင်အား ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ပြန်လည်အပ်နှံရန် ပျက်ကွက်၍ လျော့နည်းပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မဲရုံများတွင် အပိုမဲလက်မှတ် ၃၈၃ စောင် သုံးစွဲခဲ့ကြောင်း တွေ့ရပါသည်။

၂၁။ မြို့နယ်ကြိုတင်မဲလက်မှတ် ရရှိသုံးစွဲမှုနှင့်ပတ်သက်၍ စာရင်းကွာဟချက်မရှိကြောင်း တွေ့ရှိရသော်လည်း မြို့နယ်လက်ကျန်(အရန်) မဲလက်မှတ် ၄၇၀၀ ရှိရမည့်အစား မြေပြင်တွင် စောင်ရေ ၅၀၀၀ စိစစ်တွေ့ရှိရသဖြင့် တရားမဝင်မဲလက်မှတ်စောင်ရေ ၃၀၀ အပိုရှိနေကြောင်း တွေ့ရှိရပါသည်။

၂၂။ ကြည့်မြင်တိုင်မြို့နယ်တစ်ခုလုံးတွင် ထုတ်ယူရရှိ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၆၂၈၃ စောင်အနက် မဲလက်မှတ် ၆၂၂၅၇ စောင်အား ဆန္ဒမဲပေးအသုံးပြုခဲ့ပြီး အသုံးမပြုရသေးသည့် မဲလက်မှတ် ၃၁၂၅၄ စောင်အား မြေပြင်လက်ကျန်အဖြစ် တွေ့ရှိရပါသည်။

၂၃။ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်အမည် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိမှု | | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | သုံးစွဲ | လက်ကျန် | စုစုပေါင်း | ပျောက်ဆုံး | ပို |
| ၁ | သရက်တော(မြောက်) | ၂၁၅၀ | ၁၅၈၅ | ၅၁၅ | ၂၁၀၀ | ၅၀ | |
| ၂ | သရက်တော(တောင်) | ၃၀၀၀ | ၂၀၀၇ | ၉၉၃ | ၃၀၀၀ | | |
| ၃ | သာခု(အရှေ့) | ၂၆၀၀ | ၁၈၅၁ | ၇၄၆ | ၂၅၉၇ | ၃ | |
| ၄ | သာခု(အနောက်) | ၂၄၅၀ | ၁၇၁၃ | ၇၇၇ | ၂၄၉၀ | | ၄၀ |
| ၅ | မကျည်းတန်းမြောက်အရှေ့ | ၃၉၀၀ | ၂၆၆၁ | ၁၁၇၈ | ၃၈၃၉ | ၆၁ | |
| ၆ | မကျည်းတန်းမြောက်အနောက် | ၁၃၀၀ | ၈၃၂ | ၄၆၇ | ၁၂၉၉ | ၁ | |
| ၇ | မကျည်းတန်းတောင်အရှေ့ | ၂၁၀၀ | ၁၃၄၁ | | ၁၃၄၁ | ၇၅၉ | |
| ၈ | မကျည်းတန်းတောင်အနောက် | ၃၀၀၀ | ၁၉၀၄ | ၁၀၈၄ | ၂၉၈၈ | ၁၂ | |
| ၉ | ဈေးကြီး(အရှေ့) | ၄၅၅၀ | ၂၉၇၂ | ၁၃၆၂ | ၄၃၃၄ | ၂၁၆ | |
| ၁၀ | ဈေးကြီး(အနောက်) | ၅၂၅၀ | ၃၃၂၇ | ၁၉၁၃ | ၅၂၄၀ | ၁၀ | |
| ၁၁ | အိုးဘို | ၄၃၀၀ | ၂၈၇၅ | ၁၄၃၀ | ၄၃၀၅ | | ၅ |
| ၁၂ | ဘောဂ | ၂၄၀၀ | ၁၆၅၅ | ၆၉၀ | ၂၃၄၅ | ၅၅ | |
| ၁၃ | ဈေးကလေး | ၄၆၀၀ | ၂၉၆၆ | ၁၄၀၄ | ၄၃၇၀ | ၂၃၀ | |
| ၁၄ | ပန်းလှိုင် | ၃၇၅၀ | ၂၆၄၅ | ၁၀၅၈ | ၃၇၀၃ | ၄၇ | |
| ၁၅ | ထီးတန်းစက်မြေ | ၃၂၅၀ | ၂၀၃၆ | ၁၁၁၂ | ၃၁၄၈ | ၁၀၂ | |
| ၁၆ | ကရင်အမျိုးသား | ၂၅၅၀ | ၁၈၅၃ | ၆၉၃ | ၂၅၄၆ | ၄ | |
| ၁၇ | ဆေးရိုးတန်းငြိမ်းချမ်းရေး | ၃၈၀၀ | ၂၁၀၃ | ၉၃၆ | ၃၀၃၉ | ၇၆၁ | |
| ၁၈ | သီတာရပ်ကွက် | ၃၁၀၀ | ၁၉၅၉ | ၁၁၄၃ | ၃၁၀၂ | | ၂ |
| ၁၉ | ဝါးရုံဆိပ်/ အေးရွာ(အနောက်) | ၅၅၀၀ | ၄၃၉၃ | ၈၂၅ | ၅၂၁၈ | ၂၈၂ | |
| ၂၀ | အေးရွာဘလုတ် ညွှန့်စက်ကလေး | ၈၆၀၀ | ၆၃၄၈ | ၂၅၈၈ | ၈၉၃၆ | | ၃၃၆ |
| ၂၁ | စက်ဆန်းအောက်ရုံ အလတ်ချောင်း | ၁၁၃၅၀ | ၇၇၆၅ | ၃၀၄၇ | ၁၀၈၁၂ | ၅၃၈ | |
| ၂၂ | ဆိပ်ကြီးဦးမြငါးစင် | ၆၈၅၀ | ၄၂၃၃ | ၂၂၉၃ | ၆၅၂၆ | ၃၂၄ | |
| | ရပ်ကျေး+ မဲရုံစုစုပေါင်း | ၉၀၃၅၀ | ၆၁၀၂၄ | ၂၆၂၅၄ | ၈၇၂၇၈ | ၃၄၅၅ | ၃၈၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၂၃၃ | ၁၂၃၃ | | ၁၂၃၃ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၇၀၀ | | ၅၀၀၀ | ၅၀၀၀ | | ၃၀၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၆၂၈၃ | ၆၂၂၅၇ | ၃၁၂၅၄ | ၉၃၅၁၁ | ၃၄၅၅ | ၆၈၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် မတ် ၁၆**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "နန္ဒာခင်(သက္ကလမြေ)" ရေးသားသည့် "မျိုးနှင့်အခြားရသစာစုများ"စာအုပ်ကို ၂၀၂၁ ခုနှစ် မတ်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နမ့်ဆန်မြို့နယ်ရှိ မန်လွယ်ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်ပြီးစီး

**နမ့်ဆန် မတ် ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်ရှိ လီလှကျေးရွာနှင့် မန်ဝိန်းကျေးရွာအကြား ဆက်သွယ်ထားသည့် မန်လွယ်ချောင်းကူး ကွန်ကရစ်တံတား(၉၂ ပေx ၁၂ ပေ) အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၅၀၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းဆောင်ရွက်မှုအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။



ယခင် သစ်သားတံတားသည် ဆွေးမြည့် ပျက်စီးနေမှုကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ တင်ပြချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအား ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

## ၂၀၂၁ ခုနှစ် မတ်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် မတ် ၁၆**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် " ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (မတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် မတ်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒေါက်ထွေး (ဆေး/မန်း)၊ ဒေါက်တာမြင့်သန်း (အမျိုးသားစာပေဆုရ)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ "ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ မောင်ပေါ်ထွန်း၊ ထင်ဇော်မှူးသင်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မြင့်မြတ်သီတာတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဆောင်းဝင်းလတ်၊ စိုးနိုင်ထွန်း(ကနီ)တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၊ လင်းထက်သော်တာ တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ချိုးငှက် (သံတွဲ)၊ ထီလာစိုးမြင့်ထယ်၊ ဒေါက်တာစန်းဦးတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ရှင်စောဖြူ၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ဝင်းထွဋ်ဦး၊ မြတ်လေးမြင့်တို့၏ မူးယစ်နှင့်ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ကြည်လွင်ဦး (ရေနံ)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ နိုင်သောင်းထွဋ်၊ ခင်မောင်ခြိမ့်၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

**ရဲရဲတောက်ဂျာနယ် သတင်းဌာနမှ အယ်ဒီတာချုပ် ဦးနေလင်း**က စမ်းချောင်းမြို့တွင် ဆန္ဒပြတဲ့သူတွေက ထဘီပေါ်မှာ ဆရာတော်ကြီးရဲ့ ရုပ်ပုံကို ကပ်ပြီးတော့ ဆန္ဒပြပါတယ်၊ အဲဒီလိုဆန္ဒပြတဲ့အခါမှာ ၈၈ ရာခိုင်နှုန်းကျော်ရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေ စိတ်နှလုံးမချမ်းမမြေ့ ဖြစ်ရပါတယ်၊ အဲဒီအချိန်မှာပဲ ပြည်ထဲရေးက တရားခံတွေကို ဖမ်းဆီးလိုက်တဲ့သတင်း ထွက်လာတဲ့အခါမှာ ကျွန်တော်တို့ Facebook မှာကြည့်ရင် သိပါတယ်၊ နစကလက်ထက်မှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရုပ်ပုံကို လမ်းမှာခင်းပြီး တက်နင်းရင်တောင် ဘာမှအရေးမယူဘဲနဲ့ ဆရာတော်ကြီးပုံကိုကပ်လို့ အရေးယူတယ်၊ ငါတို့သာသနာတော့ စိတ်အေးချမ်းသာရပြီ၊ အဲဒီလိုမျိုးရေးသားကြတယ်၊ ဆရာတော်ကြီးတွေ ကိုယ်တိုင်ကတော့ ဗုဒ္ဓဘာသာရဲ့ လွတ်လပ်တဲ့အချိန်ရောက်ပြီထင်တယ်၊ လူထုအနေနဲ့ အဲဒီလူတွေကို ဘယ်လိုအပြစ်ပေးပြီး အရေးယူထားပြီးပြီလဲဆိုတာကို သိချင်ပါတယ်၊ ဒါကြောင့်မို့လို့ အရေးယူခဲ့တယ်ဆိုရင်လည်း ပြတ်ပြတ်သားသား အရေးယူမယ်ဆိုတာကိုပဲ ကြားနေရပါတယ်၊ အဲဒီတော့ သူတို့ကို ဘယ်လိုအရေးယူတယ်ဆိုတာ အခုအရေးပေါ်ကာလ နိုင်ငံတော်ကြီးက အရေးပေါ် ခုတင်ပေါ်မှာ ပက်လက်လန်နေတဲ့အချိန်မှာ အခုဥပဒေနဲ့ ပြတ်သားထိရောက်စွာ အပြစ်ပေးစေချင်ပါတယ်၊ ပြီးတော့လည်း အဲဒီဟာကို အရေးပေါ်ဥပဒေနဲ့အညီ အမြန်ဆုံးအရေးယူပြီးတော့ သတင်းထုတ်ပြန်တဲ့ အချိန်အတွင်းမှာပဲ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာမျိုး ထုတ်ပြန်ရင် လူထုရဲ့သတင်း လိုအပ်ချက်လည်း အဆင်ပြေမယ်၊ နောက်ပြီးတော့ အရေးပေါ်ကာလ အရေးပေါ်ဖြစ်နေတဲ့ နိုင်ငံကြီးလည်း စည်းချက်မှန်မယ်၊ အဲဒီလို အစီအစဉ်မျိုး အဲဒီလို တရားခံရုံးမျိုးနဲ့ ဆောင်ရွက်လို့ မရနိုင်ဘူးလား၊ ဆောင်ရွက်ဖို့ အစီအစဉ်ရော မရှိဘူးလားဟု မေးမြန်းသည်။

**လိုအပ်သလောက်သာ ဆောင်ရွက်နေ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ချက်ချင်းအရေးယူခြင်း ရှားပါကြောင်း၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်အနေဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ပြဋ္ဌာန်းနိုင်သော်လည်း စစ်အုပ်ချုပ်ရေးအမိန့် ပြဋ္ဌာန်းမှာမဟုတ်ကြောင်း၊ ပုဒ်မ ၄၁၉၊ ပုဒ်မ ၄၂၀ အရ ကန့်သတ်နိုင်သော်လည်း မလိုအပ်ဘဲ ကန့်သတ်မည် မဟုတ်ဘဲ လိုအပ်သလောက်သာ ဆောင်ရွက်နေပါကြောင်း၊ သတင်းထောက်ကြီး ပြောခဲ့သည့် ချက်ချင်းလုပ်၊ ချက်ချင်းတရားစီရင်ဆိုသည့် အခြေအနေမှာ စစ်အုပ်ချုပ်ရေးစနစ်မှသာ လုပ်ဆောင်လို့ရသည့် အခြေအနေဖြစ်ပါကြောင်း၊ မိမိယူဆရသလောက်ဆိုရလျှင် အဲဒီလောက်အခြေအနေမဆိုးသေးပါကြောင်း၊ မိမိတို့အနေဖြင့် ဆောင်ရွက်သည့်အခါတွင် အနည်းဆုံး မည်သည့်အမှုဖြင့် တရားစွဲဆိုထားသည်ဆိုသည့် အနေအထားလောက်တော့ ထုတ်ပြန်ပေးလို့ရကြောင်း၊ မည်သည့်အမှုဆိုလျှင် မည်မျှ ပြစ်ဒဏ်ချမှတ်နိုင်သည်ကိုတော့ တရားရုံးက စဉ်းစားရမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ထိရောက်စွာ ဟန့်တားနိုင်သည့် ဥပဒေ စိုးမိုးမှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**အရေးယူဆောင်ရွက်သွားမှာဖြစ်**

**ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ကျော်သီဟ**က စမ်းချောင်းမြို့နယ်မှာ သာသနာကိုညှိုးနွမ်းစေသည်အထိ ဆူပူဆန္ဒပြဦးဆောင်ခဲ့သည့် ခေါင်းဆောင်နှစ်ဦးကို စစ်ဆေးနေဆဲဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထပ်မံကျူးလွန်သည့်လူရှိရင်လည်း ဖော်ထုတ်ပြီး အမျိုးဘာသာ သာသနာအတွက် ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ထာဝရငြိမ်းချမ်းရေး သတင်းကွန်ရက်မှ သတင်းထောက် ဦးဥက္ကာ**က ပထမဆုံးမေးချင်တာက အခုမိမိတို့ဆန္ဒထုတ်ဖော်မှုတွေ စတင်ဖြစ်ပေါ်စဉ်က လမ်းပေါ်မှာ လူတွေအများကြီးရောက်လာခဲ့ပြီး မိမိတို့ကို ထိန်းသိမ်းသည့်နေရာမှာ တော်တော် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်နေခြင်းကို တွေ့မြင်ရကြောင်း၊ သို့သော် မိမိတို့အခုနောက်ပိုင်းမှာ ပစ်ခတ်ခြင်းများကို သိထားပါကြောင်း၊ ဒီလိုမျိုးအခြေအနေမှာ ဘာကြောင့်ပစ်ခတ်ရတာလဲဆိုတာ ပြောပေးလို့ရရင် ပြောပေးစေလိုပြီး သိချင်ပါကြောင်း မေးမြန်းသည်။

**သက်သေ အထောက်အထားတွေ အများကြီးရှိ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပထမပိုင်းဆန္ဒပြမှုများသည် ငြိမ်းချမ်းစွာဆန္ဒပြနေခြင်းဖြစ်သော်လည်း ဖေဖော်ဝါရီလ ၉ ရက်နေ့ကစတင်ပြီး ဆူပူဆန္ဒပြခဲ့ကြောင်း၊ ဆူပူဆန္ဒပြတယ်လို့ဆိုတာကလည်း မိမိတို့က တစ်ဖက်သတ်စွပ်စွဲပြီး ဆူပူဆန္ဒပြနေတယ်လို့ ပြောတာမဟုတ်ကြောင်း၊ မှတ်တမ်းတွေ၊ သက်သေအထောက်အထားတွေ အများကြီး ရှိပါကြောင်း၊ အချို့မီဒီယာများသည် တစ်ဖက်သတ်ဆန်ပြီး ရဲတပ်ဖွဲ့များ၏ လုပ်ဆောင်မှုတွေမပြကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ မေတ္တာရပ်ခံပြီး ဆောင်ရွက်နေသည့် သတိပေးချက်တွေကို ပြသခြင်းမရှိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေလုပ်ခဲ့ကြောင်း၊ ဘယ်လောက်ပဲ ဒေါသထွက်နေသည့် လူပဲဖြစ်ဖြစ် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေလူစုခွဲပေးဖို့၊ သတိပေးဖို့လုပ်ခဲ့ကြောင်း၊ ဒါပြီးရင် ၎င်းတို့ လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ရေကားနှင့် ဖျန်းခြင်း၊ မိုးပေါ်ထောင်ပြီး အသံပေးခြောက်လှန့်ခြင်း အဆင့်ဆင့် လုပ်ဆောင်ခဲ့ကြောင်း၊ ဒါတွေကို ပြသသည့်အဖွဲ့မရှိကြောင်း၊ သို့သော် ဒီဟာတွေကိုလုပ်ဆောင်ပြီးမှ မဖြစ်သည့် အခြေအနေရောက်မှ လူစုလူဝေးကို ဖြိုခွဲရကြောင်း၊ နောက်ပိုင်းတွင် ဓားတွေ၊ တုတ်တွေ၊ ဂျင်ကလိတွေအပြင် လက်လုပ်ဗုံးတွေပါ တွေ့ရကြောင်း၊ ဘယ်သူ့အတွက်မှ မကောင်းကြောင်း၊ ဒါကြောင့် လူငယ်လူရွယ်တွေကို လမ်းပေါ်ဆွဲမတင်ကြပါရန် ပြောချင်ပါကြောင်း၊ လူငယ်လူရွယ်တွေ အနေနှင့်လည်း မိမိတို့တိုင်းပြည်၏ အနာဂတ်တွေ ဖြစ်သည့်အတွက်ကြောင့် ပိုပြီးစဉ်းစားဆင်ခြင်ဖို့ လိုကြောင်း၊ စမ်းချောင်းဖြစ်စဉ်တွင် ရုပ်ကွက်ကို ပိတ်ဆို့တာ မဟုတ်ကြောင်း၊ ရပ်ကွက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မည်သည့် အငြိုးအတေးမှ မရှိကြောင်း၊ စမ်းချောင်းတွင် ဆူပူအကြမ်းဖက်မှု ခေါင်းဆောင်များ၊ ဆူပူအကြမ်းဖက်မှု လုပ်ဆောင်နေသည့်သူများ ခိုအောင်းနေသည်ဟု သတင်းရသဖြင့် မဖြစ်မနေရှာရမှာဖြစ်ကြောင်း၊ မိမိတို့ဖမ်းဆီးနေခြင်းသည် လူတိုင်းကို ဖမ်းဆီးနေခြင်းမဟုတ်ကြောင်း၊ သွေးထိုးလှုံ့ဆော်နေသည့်လူများ၊ ခေါင်းဆောင်များကို လိုက်လံဖမ်းဆီးနေခြင်းဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်နေသည့်လူများ၊ ခေါင်းဆောင်လုပ်နေသည့်လူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့်သာ လူငယ်များသည် ရှေ့ကို ရောက်နေတာဖြစ်ကြောင်း၊ လူငယ်များ ထိုးကျွေးခံနေရတာဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အနေနှင့် တရားဝင်ကြေညာပြီးမှ ရပ်ကွက်ထဲကို ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ ဒါတွေကို ဘယ်သူမှမဖော်ပြကြကြောင်း၊ လိုက်လံစစ်ဆေးသည့်အခါမှ ပြေးသည့်သူများ ပြေးကြကြောင်း၊ လူငယ်လူရွယ်တွေ တော်တော်များများ နေပြည်တော်မှ ဖမ်းမိကြောင်း၊ ဆန္ဒပြပွဲမှမိသည့်အခါ ဝန်ခံကတိလက်မှတ်ထိုးပြီးမှ ပြန်လွှတ်လိုက်ကြောင်း၊ တချို့ နောက်နေ့ဆန္ဒပြပွဲတွင် ပြန်ပါလာကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်အနေဖြင့်လည်း ဒါတွေကိုသိကြောင်း၊ မိမိတို့ဆောင်ရွက်နေတာသည် မည်သည့်ရပ်ကွက်ကိုမှ၊ မည်သည့်အဖွဲ့အစည်းကိုမှ အငြိုးအတေးနှင့် ဆောင်ရွက်နေသည် မဟုတ်ဘဲ ပဋိပက္ခတွေကို မြန်မြန်ငြိမ်းချမ်းနိုင်အောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု ခံစားနေရသည့်ကိစ္စများနှင့်ပတ်သက်ပြီး အမြန်ဆုံး တည်ငြိမ်သွားနိုင်ဖို့အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **ထာဝရငြိမ်းချမ်းရေး သတင်းအဖွဲ့၏ သတင်းထောက် ဦးဥက္ကာ**က အမေရိကန်အစိုးရကနေပြီး သူတို့ဆီမှာ NLD အစိုးရက အပ်နှံထားသည့် အမေရိကန်ငွေ တစ်ဘီလီယံရှိသည်လို့ သိရကြောင်း၊ အဲဒီငွေကြေးက ဘယ်လိုစီးဆင်းပြီး ရောက်ရှိသွားတာလဲဆိုတာ ပြောပြပေးနိုင်လား၊ မည်သို့လုပ်ကိုင်ဆောင်ရွက်သွားမလဲ သိချင်ပါကြောင်း မေးမြန်းသည်။

**ထောက်ပံ့ဖို့ ဖြစ်သည်ဟု အကြမ်းဖျင်းသိရ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဒီငွေရေးကြေးရေးကိစ္စသည် ထောက်ပံ့ဖို့ ဖြစ်သည်ဟု အကြမ်းဖျင်းသိရကြောင်း၊ ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းတွေနှင့် ပတ်သက်ပြီး ပြန်လည်မေးမြန်းသိရှိရပါက အဖြေကို ပြန်ပြီးဖြေကြားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

> **ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေလုပ်ခဲ့ကြောင်း၊ ဘယ်လောက်ပဲ ဒေါသထွက်နေသည့် လူပဲဖြစ်ဖြစ် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေလူစုခွဲပေးဖို့၊ သတိပေးဖို့လုပ်ခဲ့ကြောင်း၊ ဒါပြီးရင် ၎င်းတို့ လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း ရေကားနှင့်ဖျန်းခြင်း၊ မိုးပေါ်ထောင်ပြီး အသံပေးခြောက်လှန့်ခြင်း အဆင့်ဆင့် လုပ်ဆောင်ခဲ့ကြောင်း၊ ဒါတွေကိုပြသသည့်အဖွဲ့ မရှိကြောင်း၊ သို့သော် ဒီဟာတွေကို လုပ်ဆောင်ပြီးမှ မဖြစ်သည့် အခြေအနေရောက်မှ လူစုလူဝေးကို ဖြိုခွဲရကြောင်း၊ နောက်ပိုင်းတွင် ဓားတွေ၊ တုတ်တွေ၊ ဂျင်ကလိတွေအပြင် လက်လုပ်ဗုံးတွေပါ တွေ့ရကြောင်း၊ ဘယ်သူ့အတွက်မှ မကောင်းကြောင်း၊ ဒါကြောင့် လူငယ်လူရွယ်တွေကို လမ်းပေါ်ဆွဲမတင်ကြပါရန် ပြောချင်ပါကြောင်း၊ လူငယ်လူရွယ်တွေ အနေနှင့်လည်း မိမိတို့တိုင်းပြည်၏ အနာဂတ်တွေဖြစ်သည့်အတွက်ကြောင့် ပိုပြီးစဉ်းစားဆင်ခြင်ဖို့လို**

**ပြည်ပသတင်းဌာန(CRI)မှ သတင်းထောက် Mr.Gao Jiayi** က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံဟာ တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းဖို့အတွက် မျှော်လင့်ပါတယ်ဆိုသည့်အကြောင်း ပြောချင်ပါကြောင်း၊ အထူးသဖြင့် သွေးယိုစီးမှုတွေ ထပ်ပြီးမဖြစ်ပွားစေဖို့၊ ညှိနှိုင်းဆွေးနွေးပြီး သဘောထားကွဲလွဲမှုတွေ အဖြေရှာဖို့အတွက် မျှော်လင့်ပါတယ်လို့ ပြောချင်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မည်သည့်အစီအစဉ်တွေရှိပါသလဲ။ ရှေ့ဆက်ပြီး ဆောင်ရွက်မည့် အစီအစဉ်တွေ ဘာတွေရှိမလဲ ဆိုတာသိချင်ပါကြောင်း မေးမြန်းသည်။

**မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ သဘောထားပဲဖြစ်ဖြစ်၊ မိမိတို့အိမ်နီးနားချင်းနိုင်ငံ၏ သဘောထားနှင့်ပတ်သက်လာပါက အလေးအနက်ထားပြီး မှတ်သားထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဖြစ်ပျက်နေသည့် အခြေအနေနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရပဲဖြစ်ဖြစ်၊ ပြည်သူလူထုပဲဖြစ်ဖြစ် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ဖို့ မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် ဆန္ဒပြပွဲ ပထမဦးဆုံး ဖြစ်ပေါ်လာသည့်အချိန်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို ဘာမှလုပ်ပိုင်ခွင့် မရှိပါကြောင်း၊ နောက်ပိုင်း ဆူပူအကြမ်းဖက်မှုများ၊ မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာသည့်အခါမှသာ မိမိတို့အနေဖြင့် စတင်ပြီး အရေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ဒီလိုအရေးယူ ဆောင်ရွက်ခဲ့သည်မှာလည်း လုပ်ချင်လို့လုပ်တာ မဟုတ်ကြောင်း၊ မိမိအထောက်အထားနှင့် ပြောပြသွားမည်ဖြစ်ကြောင်း၊ နေ့စဉ် ဆန္ဒပြနေမှုနှင့်ပတ်သက်ပြီး လူဦးရေ ဘယ်လောက်ရှိကြောင်း၊ အရေအတွက် ဘယ်လောက်ရှိကြောင်းကို သုံးသပ်နိုင်အောင်ပြုစုထားပါကြောင်း၊ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် လူဦးရေအများဆုံး ဆန္ဒပြသည့်နေ့မှာ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ဖြစ်ပါကြောင်း၊ ဆန္ဒပြမှုတွေအနေနှင့် လူဦးရေ၏ ၁၅ ရာခိုင်နှုန်းတောင် မရှိပါကြောင်း၊ အားလုံးပေါင်းရင် သိန်းချီ ဆန္ဒပြခဲ့သော်လည်း အားလုံးဆန္ဒပြခဲ့တာ မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်သူလူဦးရေအများစုလို့ပြောနေသည်ထက် ပြည်သူလူထုအများစုမဟုတ်ကြောင်း၊ ဒါကိုတော့ မိမိအနေဖြင့် အခိုင်အမာ ပြောလိုပါကြောင်း၊ သို့သော် အနည်းစုပဲဖြစ်ဖြစ်၊ အများစုပဲဖြစ်ဖြစ် မိမိတို့ ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း အများစု၏ ဆန္ဒကိုလည်း လေးစားရမည်၊ အနည်းစုကိုလည်း လေးစားရမည် ဖြစ်ပါကြောင်း၊ အဆိုပါ မူအတိုင်းပဲသွားတာဖြစ်ကြောင်း၊ **စာမျက်နှာ ၂၁ သို့** ○

❍ စာမျက်နှာ ၂၀ မှ

ဆက်လက်ပြီး လုပ်ဆောင်သွားမည့် လမ်းကြောင်းသည် ပဋိပက္ခတွေ ငြိမ်းချမ်းသွားစေဖို့ အမြန်ဆုံးပြေငြိမ်းစေရန် ဖြစ်ကြောင်း၊ ဒါကြောင့် သတင်းစာရှင်းလင်းပွဲများ လုပ်ရခြင်းဖြစ်ကြောင်း၊ မဲစာရင်း မှားယွင်းမှု၊ မဲမသမာမှု၊ မဲလိမ်မှုများကို ဖြေရှင်းခဲ့ဖို့ပြောသည်ကို မဖြေရှင်းခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်တာဝန်ကို ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံး မဲစာရင်း၊ မဲမသမာမှုများကို ဖော်ထုတ်ပြမည်ဖြစ်ပြီး UEC တာဝန်ရှိသူများကလည်း ရှင်းပြမည်ဖြစ်ပါကြောင်း၊ ယခုမဲစာရင်းတွေကိုလည်း လာကြည့်၍ရပါကြောင်း၊ မြေပြင်တွင် မိသည့် မဲလက်မှတ်များ၌ မည်သည့်ပါတီကို တံဆိပ်တုံးနှိပ်ထားသည်ဆိုတာကိုကြည့်ရင် ပေါ်လိမ့်မည် ဖြစ်ပါကြောင်း၊ သက်သေပြရသည့် အကြောင်းရင်းသည် ဆန္ဒပြမှုများနှင့်ပတ်သက်ပြီး လျော့နည်းသွားစေပြီး အမှန်တရားကို သိစေချင်သည့်အတွက် လုပ်ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပဋိပက္ခပဲဖြစ်ဖြစ်၊ ထိပ်တိုက်ရင်ဆိုင်ရတာပဲဖြစ်ဖြစ် ဆန္ဒပြမှုတွေ လျော့နည်းသွားအောင် အစွမ်းကုန်လုပ်ဆောင်မည် ဖြစ်ပါကြောင်း၊ သို့သော် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မလိုအပ်ဘဲအင်အားသုံးခြင်း လုပ်ဆောင်မှာမဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကိစ္စနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုရှိပြီး ငြိမ်းချမ်းရေးကို လိုလားသည့်အတွက် မိမိတို့အနေဖြင့် ဝမ်းသာပါကြောင်း ပြန်လည်ဖြေကြားသည်။

**ခေါ်ယူခဲ့ခြင်းမရှိ**

**ပြည်ပသတင်းဌာန(CRI)မှ သတင်းထောက် Mr.Gao Jiayi** က သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို လာမည့် မတ်လ ၁၅ ရက်နေ့တွင်ကြားနာစစ်ဆေးမည်ဟု ကြားသိရကြောင်း၊ ရှေ့ကကြားနာမှု နှစ်ကြိမ်ပြုလုပ်သည့်အခါမှာ နှစ်ဦးလုံးက ရှေ့နေတွေကို ခေါ်ယူမှုမှာ အသိသက်သေရှေ့နေဖြစ်ဖြစ် ခေါ်ယူခဲ့ခြင်းမရှိကြောင်းကို သိခဲ့ရပါကြောင်း၊ တတိယအကြိမ် စစ်ဆေးမည့် ကြားနာမှုအတွက်သတင်းအချက်အလက်များ ဘာတွေများရှိမလဲဆိုတာ သိချင်ပါကြောင်း မေးမြန်းခဲ့သည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့ပြောနိုင်သည်မှာ ခေါ်ချင်သည့် ရှေ့နေတွေကို ခေါ်ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ရှေ့နေတွေကို ခေါ်နိုင်ရေးပါတီအနေဖြင့် ရွေးချယ်ရန် လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ ရွေးချယ်နိုင်ဖို့အတွက် သဘောကျသည့်လူကို ရွေးချယ်ဖို့ရှိသည်ဆိုတာကို သိရကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က နိုင်ငံတကာ မီဒီယာများတွင် ရေးသားနေသည့် အစ္စရေးက လော်ဘီငှားထားသည်ဟု သိရပါကြောင်း၊ ထိုအဖွဲ့ကို ငှားရမ်းခ ဒေါ်လာ နှစ်သန်းပေးရသည်ဟု သိရပါကြောင်း၊ မစ္စတာဖန်းဖြေကြားထားသည်မှာ တရုတ်အစိုးရကို မှီခိုမှုလျှော့ချပြီး အမေရိကန်နိုင်ငံနှင့် နီးစပ်စေလိုသောကြောင့် လော်ဘီဖန်းကို ငှားရမ်းထားသည်ဟု အချို့က ပြောကြပါကြောင်း၊ အဘယ့်ကြောင့် ဒီလိုလုပ်ဖို့ လိုအပ်ပါသလဲ၊ လော်ဘီဖန်းကို ဒေါ်လာနှစ်သန်း ပေးရသည်မှာ ဟုတ်၊ မဟုတ် သိလိုကြောင်း မေးမြန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

**ဒေါ်လာနှစ်သန်းပေးရ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က အစ္စရေးက လော်ဘီငှားရမ်းထားသည်မှာ ဟုတ်ပါကြောင်း၊ ငှားရမ်းရခြင်းမှာ နံပါတ်တစ်အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများ၏ အခြေခံယူဆချက်နှင့် အတွေးအခေါ်များကို မိမိတို့အနေဖြင့် မှန်ကန်မှုမရှိဟု ထင်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြောင်းအရာများ မှန်မှန်ကန်ကန် သိရှိရန် လိုအပ်နေပါကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဒေါ်လာနှစ်သန်း ပေးရသည်မှာ မှန်ကန်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး အစိုးရတစ်ရပ်အနေဖြင့် သုံးစွဲပိုင်ခွင့်ရှိသည့်အထဲမှ သုံးစွဲခြင်းဖြစ်ပါကြောင်း၊ တရုတ်နှင့်ကိစ္စသည် မိမိတို့ပြောသည့်အထဲတွင် မပါဝင်ပါကြောင်း၊ လော်ဘီကုမ္ပဏီနှင့် မီဒီယာများ၏ သဘောထားသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မည်သို့ညွှန်ကြားထား**

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ဆန္ဒပြပွဲများ ဖြိုခွင်းသည့်အခါ ဗိုလ်ချုပ်တို့ရှင်းသွားသည်မှာ ကျည်အစစ်နှင့် မသုံးပါဟု ပြောထားပါကြောင်း၊ တကယ်တမ်းမြေပြင်တွင် သေဆုံးမှု ၅၀ ခန့် ရှိပြီဖြစ်ပါကြောင်း၊ ဥပဒေနှင့်ရှင်းသွားမယ်ဟုလည်း ပြောထားကြောင်း၊ မိမိတို့ထံတွင် ရရှိထားသည့် video များ၊ လူမှုကွန်ရက်တွင် တွေ့နေရသည့် video များအရဆိုလျှင် အချို့အဖမ်းခံရသည့်လူများကို အင်အားသုံးပြီး မညှာမတာ ရိုက်နှက်နေတာ တွေ့ရပါကြောင်း၊ ထိုသို့ရိုက်နှက်နေသည့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များကို သက်ဆိုင်ရာအာဏာပိုင်များက မည်သို့ ညွှန်ကြားထားပါသလဲ၊ ရိုက်နှက်ခြင်းနှင့်ပတ်သက်ပြီး မည်သို့တာဝန်ယူဖြေရှင်း ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က နံပါတ်တစ်အနေနှင့် မီဒီယာများသည် ရဲတပ်ဖွဲ့ဝင်များ၏ သတိပေးနှိုးဆော်ခြင်းများကို ရိုက်ကူးထားခြင်း မရှိကြောင်း၊ မိမိတို့ဘက်ကလည်း ပြသနိုင်ပါကြောင်း၊ နေ့စဉ်ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ ဆန္ဒပြမှုများနှင့်ပတ်သက်ပြီး လူစုလူဝေးခွဲရန် ပြောကြားသည့် မှတ်တမ်းဓာတ်ပုံများ ရဲတပ်ဖွဲ့တွင် အမြဲတမ်းရှိကြောင်း၊ ရဲတပ်ဖွဲ့တွင် မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်ပါက မှတ်တမ်းထားရှိကြောင်း၊ ယခုဖြစ်ပွားနေသည့် ကိစ္စများကိုလည်း ပြသနိုင်ပါကြောင်း၊ ဘယ်အရာမဆို ဖြေရှင်းသည့်အခါ ပထမဆုံး အော်ဟစ်သတိပေးကြောင်း၊ သူ့အဆင့်အတိုင်း ဆောင်ရွက်ပါကြောင်း၊ ခြွင်းချက်တစ်ခုအနေဖြင့် သတိပေးအော်ဟစ် လုပ်နေသည့်အချိန်တွင် ဖြုန်းခနဲပေါ်လာပြီး လက်နက်များနှင့် ပစ်ခတ်ခြင်းများ၊ တိုက်ခိုက်လာခြင်းများ ဖြစ်လာပါက လျှပ်တစ်ပြက်အနေဖြင့် ဖြစ်ကောင်းဖြစ်သွားနိုင်ပါကြောင်း၊ တစ်ဖက်သတ်ရိုက်ပြနေသည့် အထဲတွင်သာ သက်သေအထောက်အထားနှင့် ပြောရမည်ဆိုပါက မီဒီယာများအနေဖြင့် တရားမျှတမှုမရှိဘူးဟု ပြောလိုပါကြောင်း၊ နံပါတ်နှစ်အချက်အနေဖြင့် ရိုက်နှက်မှုများလည်း ရှိကောင်းရှိနိုင်ပါကြောင်း၊ ရှိကောင်းရှိနိုင်တယ်ဆိုသည်မှာ မြေပြင်အခြေအနေအရ ကြုံတွေ့နေရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ဘက်က ရိုက်ထားသည့် video မဟုတ်ဘဲ အခြားဘက်က ရိုက်ထားသည့် ဖိုင်များထဲတွင် မခံချင်အောင်ပြောဆို၊ ဆဲဆိုနေခြင်းများ၊ ဒေါသမဖြစ်ဖြစ်အောင် ဆွနေခြင်းမျိုးများ တွေ့နိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး ပြောလိုသည်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ လုပ်ထုံးလုပ်နည်းနှင့်အညီ အတတ်နိုင်ဆုံးလုပ်နေသည်ဟု မြင်ပါကြောင်း၊ တစ်ဦးချင်းစီ၏ Emotion အရ လုပ်ဆောင်ချက်များ ရှိကောင်းရှိနိုင်ပါကြောင်း၊ အတတ်နိုင်ဆုံးတားမြစ်သွားမည်ဖြစ်ပြီး စောင့်ထိန်းနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**R2P ဝင်ရန်တောင်းဆိုမှု**

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ဆန္ဒပြသည့်သူတချို့သည်လည်း ဗီနိုင်းများတွင် R2P ဝင်ရန်တောင်းဆိုမှုများ ရှိပါကြောင်း၊ ပြည်ပရောက်အဖွဲ့များကလည်း R2P ဝင်ရန်တောင်းဆိုမှုများ တွေ့ရသည့်အတွက် R2Pနှင့်ပတ်သက်ပြီး လက်ရှိပြင်ဆင်ထားမှုအခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံသည် R2P ဝင်နိုင်သည့် ပြစ်မှုမျိုး ကျူးလွန်နေသည့်နိုင်ငံမဟုတ်သဖြင့် ဘာမှပြင်ဆင်မထားကြောင်း၊ ဘာမှလည်း R2P ဝင်စရာမလိုကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ဗိုလ်ချုပ်ပြောသွားသည်မှာ တစ်နိုင်ငံလုံးဆန္ဒပြသည့် အင်အားကတစ်နိုင်ငံလုံးလူဦးရေ၏ ၁၅ ရာခိုင်နှုန်း၊ ၂၀ ပုံ တစ်ပုံ၊ ၁၅ ပုံ တစ်ပုံခန့်ဟု ပြောသွားသည့်အတွက် ဥပမာ အကယ်၍ မြန်မာနိုင်ငံ၌ရှိသည့် လူဦးရေ၏ ရာခိုင်နှုန်းမည်မျှခန့် တောင်းဆိုလာပါက ၎င်းတို့တောင်းဆိုချက်များကို ဗိုလ်ချုပ်တို့အနေဖြင့် စဉ်းစားပေးနိုင်ခြေရှိမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး ဘယ်လောက်လူစုနိုင်မလဲဟု ပြန်လည်မေးမြန်းသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က မိမိက ထိုအလုပ်မလုပ်ကြောင်း၊ လူတွေသိလိုသည့် မေးခွန်းဖြစ်သည့်အတွက် မေးပေးရခြင်းဖြစ်ကြောင်း ပြန်လည်မေးမြန်းပြောကြားသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးအနေဖြင့် မည်သည့်ရည်ရွယ်ချက်နှင့် မေးမြန်းပါသလဲဟု ပြန်လည်မေးမြန်းသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ရည်ရွယ်ချက် မရှိပါကြောင်း၊ ဗိုလ်ချုပ်ပြောသည့်အပေါ်မှာသာ လူတွေသိလိုသည့်အချက်ကို ပြန်မေးပေးခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**အားလုံးပူးပေါင်း**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဘယ်လောက် ရာခိုင်နှုန်းထွက်ပြမှ၊ ဘယ်လောက် ရာခိုင်နှုန်းပြပါဟု မိမိတို့မပြောလိုကြောင်း၊ မိမိတို့သွားနေသည့် လမ်းကြောင်းသည် စည်းမဲ့ကမ်းမဲ့၊ စည်းပျက်ကမ်းပျက် ဒီမိုကရေစီမဟုတ်ပါကြောင်း၊ အာဏာရှင်ဆန်နေသည့် ဒီမိုကရေစီမဟုတ်ကြောင်း၊ ခုနကပြခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဟောင်း တစ်ဦး၏ ဗီဒီယိုဖိုင်ကို ကြည့်မည်ဆိုပါက ဒီမိုကရေစီစနစ်တွင် လွတ်လွတ်လပ်လပ် လုပ်ရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွင်ပင် လွတ်လွတ်လပ်လပ် မလုပ်နိုင်သည်ကို တွေ့ရကြောင်း၊ ထိုအရာကို ဒီမိုကရေစီအစစ်ဟု မခေါ်နိုင်ကြောင်း၊ မိမိတို့ပြောနေသည့် စကားမဟုတ်ကြောင်း၊ ဗီဒီယိုဖိုင် soft copy ပေးလိုက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို အတင်းအကျပ် ထွက်ဆိုခိုင်းခြင်း ဟုတ်/မဟုတ်၊ မျက်နှာအနေအထားနှင့် ပုံပန်းသဏ္ဌာန် အနေအထားကိုကြည့်ပြီး တွေ့နိုင်ကြောင်း၊ စည်းကမ်းမှန်၊ စည်းမှန်လမ်းမှန်၊ စည်းကမ်းတကျ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြထားသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ပြည်သူလူထုကဖြစ်စေ၊ တက်ကြွနေကြသည့်၊ လှုပ်ရှားနေကြသည့် Generation-Z ဆိုသည့် လူငယ်များဖြစ်စေ၊ မိမိတို့ဆောင်ရွက်နေခြင်းသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်အောင် ဆောင်ရွက်နေသည့် လမ်းကြောင်းကို အားလုံးပူးပေါင်းဆောင်ရွက်ကြပါလို့ ပြောလိုပါကြောင်း ဖြေကြားသည်။

**အစိုးရတစ်ရပ်လို့သတ်မှတ်**

**သူရိယနေဝန်း သတင်းဌာနမှ ဦးမိုးဟိန်း**က ယခုလူမှုကွန်ရက်ပေါ်မှာ ပျံ့နှံ့နေသည့် ဒေါက်တာဆာဆာနှင့် CRPH လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဘယ်လိုဆက်စပ်ပြီး ဖြစ်ပေါ်နေသလဲ၊ ဒေါက်တာဆာဆာဆိုသည်မှာ ဘယ်သူလဲ၊ ကျွန်တော်တို့လည်း မသိကြောင်း၊ ကျွန်တော်တို့ ဒေါက်တာသက်နှင်းဦးကို သိကြောင်း၊ ၁၉၈၈ ခုနှစ်မှာဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်ဆိုတာသည် ဗိုလ်ချုပ်အောင်ဆန်းသမီး ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့သိကြောင်း၊ ဒေါက်တာဆာဆာဆိုသည်ကို ကျွန်တော်တို့လည်း မသိကြောင်း၊ နောက်တစ်ခုသည် တရားဝင်အစိုးရ လွှတ်တော်လို၊ တရားဝင်အစိုးရတစ်ရပ်လို အမိန့်ပေးခန့်အပ်မှုများ ဖြစ်ပေါ်နေကြောင်း၊ ဒီအခါမှာ ကျွန်တော်တို့နားလည်ထားခြင်းသည် အစိုးရတစ်ရပ်က အချုပ်အခြာအာဏာသုံးရပ်ကို ၂၁ ရက် အပိုင်အနိုင် ကျင့်သုံးနိုင်လျှင် တစ်ကမ္ဘာလုံးက အဲဒီအစိုးရကို အစိုးရတစ်ရပ်လို့ သတ်မှတ်တယ်ဆိုသည့် နိယာမကို တရားဝင်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ၂၁ ရက် နိုင်ငံတစ်နိုင်ငံကို အချုပ်အခြာအာဏာသုံးရပ်ကျင့်သုံးနိုင်သည်ဆိုလျှင် **စာမျက်နှာ ၂၂ သို့** ❒

# မတ် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၇ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၅,၉၃၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၇၉) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၁၄၁၉၈၆ | ၂၂၂၈၆၈၀၁ | ၅၄၈၀၉၁ |
| ၂။ | ဘရာဇီး | ၁၁၅၂၅၄၇၇ | ၁၀၁၁၁၉၅၄ | ၂၇၉၆၀၂ |
| ၃။ | အိန္ဒိယ | ၁၁၄၁၀၇၆၉ | ၁၁၀၂၇၅၄၃ | ၁၅၈၉၀၂ |
| ၄။ | ရုရှား | ၄၄၀၉၄၃၈ | ၄၀၁၄၂၂၀ | ၉၂၉၃၇ |
| ၅။ | ဗြိတိန် | ၄၂၆၃၅၂၇ | ၃၅၂၆၇၁၅ | ၁၂၅၅၈၀ |
| ၆။ | ပြင်သစ် | ၄၀၇၈၁၃၃ | ၂၇၃၇၇၁ | ၉၀၇၆၂ |
| ၇။ | အီတလီ | ၃၂၃၈၃၉၄ | ၂၆၀၅၅၃၈ | ၁၀၂၄၉၉ |
| ၈။ | စပိန် | ၃၁၉၅၀၆၂ | ၂၈၅၇၇၁၄ | ၇၂၄၂၄ |
| ၉။ | တူရကီ | ၂၈၉၄၈၉၃ | ၂၇၁၆၉၆၉ | ၂၉၅၅၂ |
| ၁၀။ | ဂျာမနီ | ၂၅၈၆၆၂၇ | ၂၃၇၄၂၀၀ | ၇၄၁၅၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၃၀၄၅၈ | ၁၂၅၇၆၆၃ | ၃၈၇၅၃ |
| ၂။ | ဖိလစ်ပိုင် | ၆၃၁၃၂၀ | ၅၆၀၇၃၆ | ၁၂၈၄၈ |
| ၃။ | မလေးရှား | ၃၂၆၀၃၄ | ၃၀၉၆၁၂ | ၁၂၁၈ |
| ၄။ | မြန်မာ | ၁၄၂၁၇၉ | ၁၃၁၇၄၈ | ၃၂၀၃ |
| ၅။ | စင်ကာပူ | ၆၀၁၂၈ | ၅၉၉၇၄ | ၃၀ |
| ၆။ | ထိုင်း | ၂၇၁၅၄ | ၂၆၂၉၉ | ၈၇ |
| ၇။ | ဗီယက်နမ် | ၂၅၆၀ | ၂၁၅၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၄၃၀ | ၈၁၈ | ၁ |
| ၉။ | ဘရူနိုင်း | ၁၉၉ | ၁၈၅ | ၃ |
| ၁၀။ | လာအို | ၄၈ | ၄၂ | ၀ |

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးနေမှုအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုသည် ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဦးမျိုးအောင်၊ ဦးသိန်းဌေး၊ ဦးမြင့်အောင်တို့နှင့်အတူ မြို့တော်ခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(COVISHIELD) ပထမအကြိမ် ထိုးနှံပေးမှုအား ယနေ့ နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဒုတိယမြို့တော်ဝန် ဦးစောဟန်၊ အတွင်းရေးမှူး ဦးဝင်းမောင်နှင့် ဌာနမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (COVISHIELD)အား တစ်ရက်လျှင် ဝန်ထမ်း ၁၀၀၀ နှုန်းဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်း ၅၉၀၀ ကျော်အား ထိုးနှံပေးရန်လျာထားကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၂၁ မှ

အစိုးရတစ်ရပ် အထမြောက်ကြောင်း၊ ဒီနေ့ နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ အစိုးရသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ဒီအာဏာသုံးရပ်ကို ပြဋ္ဌာန်းခြင်းသည် ရက်ပေါင်း ၄၁ ရက် ရှိပြီဖြစ်ခြင်းကြောင့် တရားဝင်အစိုးရတစ်ရပ် ဖြစ်ပေါ်နေကြောင်း၊ လက်ရှိ တရားဝင်အစိုးရတစ်ရပ်ကို ဆန့်ကျင်ပုန်ကန်သည့် သဘောနှင့် စင်ပြိုင်လွှတ်တော်၊ စင်ပြိုင်အစိုးရဆောင်ရွက်နေမှုများ၊ ဒေါက်တာဆာဆာ နှင့် CRPH ပတ်သက်၍ ဘယ်လိုများ ဆက်ပြီး ဆောင်ရွက်မလဲ၊ ဒါတွေသည် တကယ်ပဲလား၊ ဖြစ်သင့်သည့်အမှန်များကို သိချင်ပါကြောင်း မေးမြန်းသည်။

**စိတ်ကူးယဉ်သမား**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဒေါက်တာဆာဆာနှင့်ပတ်သက်၍ ၎င်း၏ ကိုယ်ရေးရာဇဝင်များ တင်ထားသည်များရှိကောင်းရှိနိုင်ကြောင်း၊ အကျယ်တော့ မပြောလိုပါကြောင်း၊ တင်ထားသည့် အထဲမှာလည်း တော်တော်စုံလင်ပါကြောင်း၊ ဘယ်ကနေ ဘွဲ့ရခဲ့ကြောင်း၊ ဘယ်လိုမျိုး မြန်မာနိုင်ငံမှ ထွက်သွားခဲ့သလဲဆိုတာသည်လည်း ပါကြောင်း၊ သူနှင့် CNN တွေ့ဆုံမေးမြန်းခန်းလုပ်ထားမှုရှိကြောင်း၊ ကျွန်တော်တို့က သူ၏ကိုယ်ရေးရာဇဝင် မှန်၊ မမှန် ဆိုသည်ကို မကြည့်ပါကြောင်း၊ စိတ်နေစိတ်ထားကိုပဲ မှန်းကြည့်ပါကြောင်း၊ CNN နှင့် တွေ့ဆုံမေးမြန်းခန်းမှာ သူပြောထားတာသည် တာဝန်စယူသည့်အချိန် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ၎င်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူရှိခဲ့ကြောင်း၊ Taxi သမားအယောင်ဆောင်ပြီး ထွက်ပြေးရသည်ဆိုပြီး ပြောသည်ကို တွေ့မိလိုက်ကြောင်း၊ ဒါနဲ့ပတ်သက်ပြီး ဒီဟာကို သူပြောခဲ့သည်မှာ မှန်ကန်တယ်ဆိုလျှင် ကျွန်တော်မြင်တာကို ပြောပြရလျှင် ဝေဖန်ခြင်းမဟုတ်ပါကြောင်း၊ ၎င်းကို စိတ်ကူးယဉ်သမားလို့ပဲ ပြောချင်ကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး စိတ်ကူးယဉ်သမားလို့ ပြောချင်ကြောင်း၊ နောက်တစ်ချက်သည် ဒေါက်တာဆာဆာနှင့်ပတ်သက်ပြီး ဒီဘက် ၅ နှစ်ပိုင်းမှာ နည်းနည်း နာမည်စကြားသည့်သူဖြစ်ကြောင်း၊ ပြီးမှ မဲဆွယ်ပွဲမှာ ချင်းပြည်နယ်နှင့်ပတ်သက်ပြီး အဓိက လုပ်ဆောင်ပေးသူတစ်ဦးဟု သိရကြောင်း၊ ၎င်း CRPH နှင့် ပတ်သက်ပြီးပြောရမည်ဆိုလျှင် အနီးကပ်ဆုံး CRPH အောင်မြင်နိုင်၊ မအောင်မြင်နိုင်သည် ၁၉၉၀ ပြည့်နှစ်မှာလည်း အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့ကြောင်း၊ အဲဒီအချိန်မှာ ဦးမိုးဟိန်းသည်လည်း တောထဲမှာပဲ ရှိရင်ရှိဦးမည်ထင်ကြောင်း၊ ၈၈ ပြီးသည့်ကာလဖြစ်ကြောင်း၊ အဲဒီအကြောင်းကို ပိုသိမှာဖြစ်ကြောင်း၊ စင်ပြိုင်အစိုးရတစ်ရပ်၊ စင်ပြိုင်လွှတ်တော်တစ်ရပ်ဖွဲ့စည်းခြင်းသည် ကြီးလေးသည့်ပြစ်မှုဖြစ်ကြောင်း၊ ကြီးလေးသည့် ပြစ်မှုဖြစ်ခြင်းကြောင့် ဥပဒေအရကြီးလေးသည့် အရေးယူမှုများ ဆောင်ရွက်မှာဖြစ်ကြောင်း၊ CRPH ကို အထောက်အကူပြုသည့် သူပဲဖြစ်ဖြစ်၊ ပတ်သက်သည့်သူပဲဖြစ်ဖြစ် အရေးယူဆောင်ရွက်နိုင်သည်ဆိုတာကို တရားဝင်ထုတ်ပြန်မည် ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ လက်ခံထား၍ မရပါကြောင်း၊ အချုပ်အခြာအာဏာပိုင် အစိုးရတစ်ရပ်အနေဖြင့် လက်ခံနိုင်လိမ့်မည် မဟုတ်ကြောင်း၊ အတိအလင်း ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပိတ်ဆို့ထားသော လမ်းအတားအဆီးများကို ပူးပေါင်းရှင်းလင်းဆောင်ရွက်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပိတ်ဆို့ထားသော လမ်းအတားအဆီးများအား မတ် ၁၅ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ပူးပေါင်းအင်အားဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် ဦးအောင်မြတ်လမ်း၊ စက်ရုံလမ်းနှင့် ကန်ပတ်လမ်းထောင့်၊ စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထိပ်၊ ဗိုလ်မင်းရောင်လမ်း (တော်ဝင်ပလာဇာရှေ့)၊ ဗိုလ်မင်းရောင်လမ်း (မြယာကုန်းမီးပွိုင့်)၊ ဗိုလ်မင်းရောင်လမ်း (မော်တော်ယာဉ်ဝင်းရှေ့)နှင့် သိမ်ဖြူလမ်း (တောင်ပိုင်းခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးရုံးရှေ့) နေရာများတွင် သဲအိတ်များ၊ ဝါးကပ်များ၊ သစ်တုံးများ၊ ခုံတိုင်များ၊ တာယာဟောင်းများ၊ ကျောက်တုံးများ၊ အုတ်ခဲများကို ဖယ်ရှားရှင်းလင်းခဲ့သည်။

ယခုအခါ နှောင့်ယှက်လိုသူများက အများပြည်သူသွားလာလျက်ရှိသော လမ်းသွယ်နှင့် လမ်းမများကို လမ်းဘေးမှ အလွယ်တကူရနိုင်သော ပစ္စည်းများဖြစ်သည့် သဲအိတ်၊ သစ်တုံး၊ တာယာဟောင်းများဖြင့် လည်းကောင်း၊ ခုံတိုင်၊ အမှိုက်ပုံး စသည့် နိုင်ငံပိုင်ပစ္စည်းများဖြင့် လည်းကောင်း ပိတ်ဆို့ကာ အတားအဆီးများ ပြုလုပ်ခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ပုံမှန်အလုပ်ခွင် သွားရောက်သူများနှင့် မော်တော်ယာဉ်များ၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ ဖြတ်သန်းသွားနိုင်ခြင်းမရှိသည်ကို ပူပန်နေရခြင်း၊ အတားအဆီးများကို ဖယ်ရှားလိုသော်လည်း တားဆီးပိတ်ဆို့သူ နှောင့်ယှက်လိုသူတို့၏ ရန်အားကြောက်လန့်နေရခြင်းတို့ ဖြစ်ပေါ်နေရကြောင်းနှင့် ပြည်သူများအနေဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများက ယခုကဲ့သို့ ပူးပေါင်းရှင်းလင်းမှုကို လိုလားနေကြသည်ကို လူမှုမီဒီယာများ၊ သတင်းစာများတွင်ပါ ဖော်ပြနေကြောင်း သိရသည်။



**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူအုပ်စုက မီးသတ်တပ်ဖွဲ့ဝင် လေးဦးအား ဖမ်းဆီး၍ နယ်မြေမီးသတ်စခန်းကို ဖျက်ဆီး

**နေပြည်တော် မတ် ၁၆**

မရမ်းကုန်းမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူအုပ်စုက မီးသတ်တပ်ဖွဲ့ဝင်လေးဦးကို ဖမ်းဆီး၍ နယ်မြေမီးသတ်စခန်းကို ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်ရှိ သမိုင်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် လေးဦးသည် မတ် ၁၅ ရက် ည ၈ နာရီ ၄၅ မိနစ်က တိုင်းမီးသတ်ဦးစီးရုံးတွင် တာဝန်ထမ်းဆောင်ရန်အတွက် မီးသတ်ယာဉ် ဏ/၅၈၂၈ ဖြင့် အင်းစိန်လမ်းမကြီးအတိုင်း ထွက်ခွာခဲ့ရာ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအရောက်၌ ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၂၀၀ ခန့်က မီးသတ်ယာဉ်ကို တားဆီးကာ ကားသော့၊ ကင်မရာ၊ စကားပြောစက်တို့ကို ယူဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်လေးဦးအား ကြိုးဖြင့် ချည်နှောင်ကာ ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖမ်းဆီးခံထားရသူများ ပြန်လည်ရရှိနိုင်ရေး လိုက်လံရှာဖွေခဲ့ရာ ည ၁၀ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အထက်ဗဟိုလမ်း "စွယ်စုံ" ချေးငွေလုပ်ငန်းဆိုင်ရှေ့အရောက်၌ မီးသတ်ယာဉ်အား လည်းကောင်း၊ ပေါ်တော်မူဘုရားအနီး အရောက်၌ ဖမ်းဆီးခံထားရသည့် မီးသတ်တပ်ဖွဲ့ဝင်သုံးဦးကို လည်းကောင်း ပြန်လည်တွေ့ရှိခဲ့ကြောင်း။

ဆက်လက်၍ ကျန်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို ဆူပူဆန္ဒပြသူများက ခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် ထပ်မံရှာဖွေရန် ထွက်ခွာလာစဉ် ပေါ်တော်မူ (၂)လမ်းအရောက်၌ ဝေလင်းစိုး (၃၄)နှစ် (ဘ)ဦးကြည်စိုး (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူပါ ဆူပူအကြမ်းဖက်သူလေးဦးက ဓား၊ လေးခွ၊ သံတုတ်နှင့် ဒိုင်းများ အသုံးပြု၍ ရန်ပြုတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ည ၁၀ နာရီ ၃၅ မိနစ်တွင် ကျန်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ဖမ်းဆီးရိုက်နှက်မှုကြောင့် အပေါ်သွားသုံးချောင်းကျိုး၊ မျက်နှာဖူးယောင်ဒဏ်ရာများဖြင့် သမိုင်းမီးသတ်စခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးမှုကြောင့် သမိုင်းမီးသတ်စခန်း အဆောက်အအုံ ရှေ့မှန်သုံးချပ်ကွဲအက်၍ မီးသတ်ယာဉ် ရှေ့လေကာမှန်ကွဲ၊ ရှေ့ဘန်ပါ ပိန်ချိုင့်ပျက်စီးခဲ့ပြီး ဖမ်းဆီးရမိသည့် ဆူပူအကြမ်းဖက်သူ ဝေလင်းစိုး (၃၄)နှစ် (ဘ) ဦးကြင်စိုး၊ စောနိုင် (၄၃)နှစ် (ဘ) ဦးမိုးစိန်၊ မျိုးကိုကို (၂၈)နှစ် (ဘ) ဦးမျိုးဝင်း၊ အောင်ထက် (၃၀)နှစ် (ဘ) ဦးအောင်လင်းတို့လေးဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်ရှိအချိန်ကာလသည် ပူပြင်းခြောက်သွေ့သော အချိန်ကာလဖြစ်ပြီး ဆူပူအကြမ်းဖက်သူများအနေဖြင့် မီးလောင်စေရန်ဖန်တီးခြင်း၊ မီးလောင်ပါက မီးသတ်ယာဉ်များ သွားလာ၍မရအောင် ပိတ်ဆို့တားဆီးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်တို့ကို အကြမ်းဖက်ဖမ်းဆီးခြင်းနှင့် ဖျက်ဆီးခြင်း၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံများ မီးလောင်မှုဖြစ်စဉ်တွင် အကြမ်းဖက်သမားများက စက်ရုံ/အလုပ်ရုံများတွင် ပစ္စည်းများ ဝင်ရောက်လုယက်ခြင်း စသည်ဖြင့် မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လုပ်ငန်းများကို ပြုလုပ်နေကြသည်ကို တွေ့မြင်ရသဖြင့် လုံခြုံအေးချမ်းစွာနေထိုင်လိုသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်စေလိုသည့် သဘောထားများရှိကြကြောင်း သိရသည်။ **သတင်းစဉ်**



သမိုင်းနယ်မြေမီးသတ်စခန်းမှ ဖမ်းဆီးခံရသူ (ဝဲမှယာ) လက်ထောက်ဦးစီးမှူး ဦးမြင့်ငွေ၊ ဒုတပ်ကြပ် ကျော်မျိုးဟိန်း၊ တပ်သား ရှိုင်းဝေလင်း၊ တပ်သား ထူးအိမ်လင်း။

# သပိတ်ကျင်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့် အကြမ်းဖက် ဖမ်းဆီးသတ်ဖြတ်ရန် ပြုလုပ်ခဲ့မှုမှ ဆက်စပ်တရားခံရှစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

သပိတ်ကျင်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့် အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ရန်ပြုလုပ်ခဲ့မှုမှ ဆက်စပ်တရားခံ ရှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှ မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့တွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော အရာရှိ ဦးစီး လုံခြုံရေးတပ်ဖွဲ့ဝင်ရှစ်ဦးသည် မတ် ၁၅ ရက် နံနက်ပိုင်းက လက်နက်/ခဲယမ်း ရှစ်လက်နှင့်အတူ အရပ်ဝတ် ဝတ်ဆင်ကာ Light Truck ယာဉ်ဖြင့် မိုးကုတ်မြို့မှ စဉ့်ကူးမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် နံနက် ၁၁ နာရီကျော်ခန့်တွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာမရောက်မီ ရပ်တော်မူဘုရားရှေ့အရောက်တွင် ဆူပူအကြမ်းဖက်သူလူစုလူဝေးအင်အား ၄၀၀ ခန့်က တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ကာ တပ်ဖွဲ့ဝင်များလိုက်ပါလာသောယာဉ်ကို တားဆီးပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ယာဉ်အား ရပ်တန့်ထားခဲ့ပြီး တပ်ဖွဲ့ဝင်များသည် မန္တလေး-မိုးကုတ်ကားလမ်း အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောင်ပေါ်သို့တိမ်းရှောင်ခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ပွားခဲ့သောနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ နယ်မြေ ရှင်းလင်း၍ သွားရောက်ရှာဖွေခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ဒဏ်ရာရရှိ တပ်ဖွဲ့ဝင် တစ်ဦး စုစုပေါင်းခုနစ်ဦးကို ပြန်လည်တွေ့ရှိခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ကျန်တပ်ဖွဲ့ဝင် တစ်ဦးကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထပ်မံတွေ့ရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သေနတ်နှစ်လက်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် အကြမ်းဖက်လူအုပ်စုအတွင်းပါဝင်သူ ချောင်းကြီးကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျန်ရှိခဲ့သည့် Light Truck ယာဉ်မှာ ဆူပူအကြမ်းဖက်လူအုပ်စုမှ ဖျက်ဆီးခြင်းခံခဲ့ရကြောင်း။

ဖြစ်စဉ်တွင် ပျောက်ဆုံးလျက်ရှိသည့် သေနတ်နှစ်လက် ပြန်လည်သိမ်းဆည်းရရှိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေခဲ့ရာ ယနေ့ နံနက် ၂ နာရီတွင် စိုးမင်း (ခ) မင်းမင်း (တိမ်းရှောင်) (၄၈)နှစ် (ဘ) ဦးအုန်းမောင် အမှတ်(၃) ရပ်ကွက် ချောင်းကြီးကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူ၏ "သဇင်မိုး" လက်ဖက်ရည်ဆိုင်အား မသင်္ကာသဖြင့် ဝင်ရောက်စစ်ဆေးရှာဖွေရာ ဆိုင်ဝင်ပေါက်အနီးရှိ လက်ဖက်ရည်ဖျော်ခုံအောက်၌ ပျောက်ဆုံးနေသော သေနတ်နှစ်လက်ကို ပုဆိုးဖြင့်ပတ်လျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ဆက်စပ်တရားခံရှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအချိန်ကာလတွင် နေရာအနှံ့အပြား၌ သာမန်ဆူပူမှုအသွင်မှ အကြမ်းဖက်အဖွဲ့အစည်းပုံစံကဲ့သို့ ကူးပြောင်းလုပ်ဆောင်လာနေသဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ မျက်နှာကိုထောက်ရှုကာ အရေးယူဆောင်ရွက်မှုများကို ပိုမိုထိရောက်ပြတ်သားစွာဆောင်ရွက်ရမည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဇွဲကပင်ဇီဝိတဒါနဆေးခန်းကြီးအား ပြင်ပလူနာဌာနအဖြစ် ဖွင့်လှစ်

**ဘားအံ မတ် ၁၆**

ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်သားဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဇွဲကပင်ဇီဝိတဒါန ဆေးခန်းကြီးအား ပြင်ပလူနာဌာနအဖြစ် ဖွင့်လှစ်သည့်အခမ်းအနားကို မတ် ၁၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါဆေးခန်း၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက ထာဝရဆေးပဒေသာပင်များ ဆက်ကပ်လှူဒါန်းရာ ဇွဲကပင်တောင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရဘဒ္ဒန္တကဝိဓဇက လက်ခံရယူပြီး သာဓုအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ခဲ့ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွဲကပင်ဇီဝိတဒါန ဆေးခန်းကြီးကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပြင်ပလူနာဌာန၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများအား တွေ့ဆုံအားပေး

**မြစ်ကြီးနား မတ် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်ဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံရပ်ခြား၌ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့ကြရာ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ကချင်ပြည်နယ်အတွင်းမှ ဒေသခံတိုင်းရင်းသားများအား မတ် ၁၅ ရက် နံနက် ၈ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တွေ့ဆုံအားပေးခဲ့သည်။

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဒေသခံတိုင်းရင်းသားများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအစဉ်ဖြင့်နိုင်ငံရပ်ခြားမှ မိမိတို့နေထိုင်ရာ ကချင်ပြည်နယ်သို့ယခုလို ကျန်းကျန်းမာမာဖြင့် ပြန်လည်ရောက်ရှိလာကြသည့် သားသမီးတစ်ယောက်စီတိုင်းကို နွေးထွေးစွာကြိုဆိုကြောင်း၊ ရှေ့ဆက်၍ မိမိတို့ဘဝခရီးကို ဖြတ်သန်းရာတွင် မိသားစုနှင့်အတူ အကောင်းမွန်ဆုံးနှင့် ရိုးသားကြိုးစားစွာ နေထိုင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဒေသခံများကိုယ်စား ဦးအာန်ဂျုံးပန်က ယခုလို နိုင်ငံတော်၏ အစီအမံဖြင့် မလေးရှားနိုင်ငံမှတစ်ဆင့် မိမိတို့နေရပ်အထိ အဆင့်ဆင့်ပို့ဆောင်ပေးခဲ့ကြမှုကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များက နေရပ်ပြန်လည်ရောက်ရှိလာသည့် ဒေသခံတိုင်းရင်းသားများနှင့်အတူ နံနက်စာကိုအတူတကွ ရင်းရင်းနှီးနှီး စားသောက်ခဲ့ကြသည်။

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဆိုပါ မလေးရှားနိုင်ငံမှ နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံတိုင်းရင်းသား ၁၀ ဦးအား ၎င်းတို့၏ နေရပ်ဒေသများဖြစ်သည့် ပူတာအို၊ မိုးကောင်း၊ ဝိုင်းမော်၊ ဖားကန့်နှင့် မြစ်ကြီးနားမြို့တို့ရှိ နေအိမ်များအရောက် လမ်းခရီးတွင် နေထိုင်စားသောက်မှု ကုန်ကျစရိတ်များ ပံ့ပိုးကူညီ၍ မြို့နယ်အလိုက် တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီး ဆန်ကုန်သည်များအသင်း တွေ့ဆုံဆွေးနွေး

**ပုသိမ် မတ် ၁၆**

ပြည်သူလူထု စားဝတ်နေမှုအခက်အခဲမရှိစေရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန်မြန်ဆန်စေရေးနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁) ၌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဆန်ကုန်သည်များအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဆန်ကုန်သည်များက စပါးဈေးနှုန်း မျှော်မှန်းသည်ထက် လျော့ကျသည့်အတွက် နိုင်ငံတော်မှ စပါးဝယ်ယူပေးနိုင်ရေးနှင့် ဘဏ်စနစ်ကြောင့် ငွေကြေးစီးဆင်းမှု နှေးကွေးမှုအပေါ် လျင်မြန်စေရေး တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် ဆန်ကုန်သည်များအသင်းမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသည့် ဒေသခံပြည်သူများအား ကော့သောင်းမြို့မှ နွေးထွေးစွာကြိုဆို

**ကော့သောင်း မတ် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအစဉ်ဖြင့် မြန်မာ့တပ်မတော်(ရေ) သင်္ဘောဖြင့် မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာခဲ့သည့် မြန်မာနိုင်ငံသားများအနက် ကော့သောင်းမြို့ဒေသခံအမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၁ ဦးသည် ရန်ကုန်မြို့မှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ကို မတ် ၁၄ ရက် ည ၁၀ နာရီခွဲက မော်တော်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာကြရာ စစ်ဗျူဟာအဖွဲ့(အခြေချ) ကော့သောင်း ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးအောင်သက်ဦး၊ ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများအား ကော့သောင်းမြို့ မဉ္ဇူသကပြည်သူ့ခန်းမတွင် ညစာကျွေးမွေးခဲ့ကြပြီး ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဦးနှင့် ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းတို့က ပြည်ပတွင်ဒုက္ခရောက်နေကြသည့် မိမိနိုင်ငံသားများအား နိုင်ငံတော်မှ စေတနာအမှန်ဖြင့် အခက်အခဲများကြားမှ အခုလိုပြန်လည် ခေါ်ယူပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကွဲကွာနေခဲ့ကြသည့် မိမိ၏မိသားစုများနှင့် ပြန်လည်ဆုံတွေ့ကြရသဖြင့် များစွာဝမ်းမြောက်ရပါကြောင်း၊ လိုအပ်သည့်အကူအညီများအား မိမိတို့ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး နေရပ်ပြန်ပြည်သူတစ်ဦးက နိုင်ငံတော်နှင့် တာဝန်ရှိသူအဆင့်ဆင့်အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများအား ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့များဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း နေထိုင်သူပြည်သူများအား ညတွင်းချင်း မိမိတို့၏မိသားစုများထံသို့ သွားရောက်ပို့ဆောင်ပေးခဲ့ကြပြီး ကျေးလက်တောရွာများတွင်နေတိုင်သူများအား မတ် ၁၅ ရက် နံနက်ပိုင်းတွင် နေအိမ်အသီးသီးသို့ အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြသည်။

ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများမှာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်မှ ၂၁ ဦးနှင့် ဘုတ်ပြင်းမြို့နယ်မှ နှစ်ဦး စုစုပေါင်း ၂၃ ဦးဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြန်မာ့တပ်မတော်(ရေ) မှ စစ်ရေယာဉ်များဖြင့် လွှန်ခဲ့သည့် ဖေဖော်ဝါရီ ၂၇ ရက်က မလေးရှားနိုင်ငံမှ သွားရောက်ခေါ်ယူပေးခဲ့သူများဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

# ကျိုင်းတုံမြို့ ခေမာရဋ္ဌဗျာဒိတ်ပေး ရပ်တော်မူဘုရားကြီး

**■ အောင်ဇင်မြင့်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် စွမ်ဆပ်ကုန်းပေါ်တွင် ခေမာရဋ္ဌဗျာဒိတ်ပေး ရပ်တော်မူဘုရားကြီးကို တည်ထားပါသည်။ သမိုင်းကြောင်းအရ ယခင်က ဤဒေသတွင် တိုင်းပြည် ရေလွှမ်းမိုး၍ ရေအိုင်ကြီးဖြစ်သွားရာ ခမ္မိလရေအိုင်ဟု အမည်တွင်ခဲ့သည်။ ဂေါတမမြတ်စွာဘုရား ၁၂ ဝါအရတွင် ရဟန္တာများခြံရံလျက် ဒေသစာရီကြွလာခဲ့ရာ ခမ္မိလရေအိုင်အလယ်တွင် ရှိသော တောင်ကုန်းလေးပေါ်တွင် တောင်ဝှေးစိုက်ထူပြီး ဆွမ်းဘုဉ်းပေးခဲ့သည်။ မြတ်စွာဘုရားက ငါကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မြောက်အရပ်မှ ဈာန်ဖြင့်ကြွလာသော ရသေ့ကြီး လေးပါးအနက် တုံးအမည်ရှိ ရသေ့သည် ဤရေအိုင်ကြီးကို ခန်းခြောက်အောင်ပြုလုပ်ပြီး မကြာမီ ငါဘုရားသာသနာထွန်းကားရာ နေတောင်ကုန်းဖြစ်လတ္တံ့၊ ငါဘုရား တောင်ဝှေးစိုက်ရာ တောင်ကုန်းသည် နောင်တွင် စွမ်ဆပ်တောင်ကုန်းမည်လတ္တံ့ဟု ဗျာဒိတ်ပေးခဲ့သည်။

**စွမ်ဆပ်ပတ္တမြားစေတီတော်**

စွမ်ဆပ်ကုန်းသည် မြန်မာရှင်ဘုရင်များ စစ်ရပ်နားသောကြောင့် ယခင်စွမ်စစ်ကုန်းဟုလည်း ခေါ်သည်။ သက္ကရာဇ် ၇၆၉ ခုနှစ်တွင် မဟာသီရိစေတီတော်ကို တည်ထားသည်။ သက္ကရာဇ် ၇၇၅ ခုနှစ်တွင် စွမ်ဆပ်ပတ္တမြားစေတီတော်ကို တည်ထားသည်။ စေတီတော်တွင် လာအိုနိုင်ငံမှ ယူဆောင်လာသော ပတ္တမြားငါးလုံးကို ဌာပနာခဲ့ခြင်းကြောင့် စွမ်ဆပ်ပတ္တမြားစေတီတော်ဟုခေါ်သည်။

စော်ဘွားလက်ထက်တွင် ရာဇအောင်မြင်စေတီတော်ကို တည်ထားသည်။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၂၂ ပေ ရှိကြောင်း သိရသည်။

၁၉၉၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် အဆိုပါစွမ်ဆပ်ကုန်းပေါ်ရှိ မိုးလေဝသနှင့် ဇလဗေဒရုံးဝန်ထမ်းများသည် မြေကျင်းတူးရာမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် ဌာပနာပစ္စည်းများ တွေ့ရှိခဲ့ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ဤကုန်းတော်မြေသည် ယခင်က သာသနာ့မြေဖြစ်ခဲ့၍ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ထားရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျိုင်းတုံမြို့ ရွှေကျောင်ဂိုဏ်းလုံးဝန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျ ဓမ္မောယဆရာတော် ဘဒ္ဒန္တခေမာစာရ ကျိုင်းယင်းဆရာတော် အမှူးပြုသော ဂိုဏ်းပေါင်းစုံဆရာတော်ကြီးကိုးပါး၊ တာချီလိတ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ(နဂါးနှစ်ကောင်ဆရာတော်) နှင့် မိုင်းဖုန်းဆရာတော်တို့၏ ဩဝါဒခံယူကာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သိန်းစိန် (နောင် နိုင်ငံတော်သမ္မတ )နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း အမှူးပြုသော တည်ဆောက် ရေးကော်မတီနှင့် ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဗုဒ္ဓဘာသာ နေလိုလလို ထွန်းလင်းတောက်ပစေရန်၊ ရန်အသွယ်သွယ်၊ အန္တရာယ်အသွယ်သွယ်တို့ကို တားဆီးဟန့်တားပြီး အေးငြိမ်းစေရန် ရည်ရွယ်၍ ခေမာရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးကို ၁၃၅၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် ဗုဒ္ဓဟူးနေ့ (၂၂-၁-၁၉၉၈ ရက်နေ့)တွင် ကျိုင်းယင်းဆရာတော်၊ ကျိုင်းငမ်းဆရာတော် ငါးပါးတို့က စနစ်တကျတည်ထားခဲ့ပါသည်။ ယခုအခါတွင် ကျိုင်းတုံမြို့ ခေမာရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးကို ဒေသခံပြည်သူများ၊ ရပ်နီး၊ ရပ်ဝေးမှ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။


**နောင်တုံကန်ဘက်ကို လက်ညိုးညွှန်နေဟန် တည်ထားသည့် ရပ်တော်မူဘုရားကြီးသည် ခြေဖဝါးတော်မှ ဦးခေါင်းတော်အထိ ဉာဏ်တော်အမြင့် ၆၇ ပေ ၆ လက်မ၊ ကြာပလ္လင်အမြင့် ခုနစ်ပေ၊ ရှစ်ထောင့်ပန်းခုံအမြင့် ခြောက်ပေ ခြောက်လက်မ၊ အထက်ပစ္စယံ အမြင့် သုံးပေ၊ ရင်ပြင်တော်အမြင့် ခြောက်ပေ၊ နဖူးသင်းကျစ်တော် ရွှေအလေးချိန် ၁ ပိဿာ၊ အလျား ၁၈ ပေ ရှိပါသည်။ ကျိုင်းတုံမြို့တွင် ရပ်တော်မူဘုရားကြီးကို နေရာအနှံ့မှ ဖူးမြော်နိုင်ပြီး နောင်တုံကန်တစ်ဝိုက်မှဆိုလျှင် သိသာစွာဖူးမြော်နိုင်သည့် ကျိုင်းတုံမြို့ ခေမာရဋ္ဌ ဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညိုနိုင်။**

နောင်တုံကန်ဘက်ကို လက်ညိုးညွှန်နေဟန် တည်ထားသည့် ရပ်တော်မူဘုရားကြီးသည် ခြေဖဝါးတော်မှ ဦးခေါင်းတော်အထိ ဉာဏ်တော်အမြင့် ၆၇ ပေ ၆ လက်မ၊ ကြာပလ္လင်အမြင့် ခုနစ်ပေ၊ ရှစ်ထောင့်ပန်းခုံအမြင့် ခြောက်ပေ ခြောက်လက်မ၊ အထက်ပစ္စယံ အမြင့် သုံးပေ၊ ရင်ပြင်တော်အမြင့် ခြောက်ပေ၊ နဖူးသင်းကျစ်တော် ရွှေအလေးချိန် ၁ ပိဿာ၊ အလျား ၁၈ ပေ ရှိပါသည်။ ကျိုင်းတုံမြို့တွင် ရပ်တော်မူဘုရားကြီးကို နေရာအနှံ့မှ ဖူးမြော်နိုင်ပြီး နောင်တုံကန်တစ်ဝိုက်မှဆိုလျှင် သိသာစွာ ဖူးမြော်နိုင်သည့် ကျိုင်းတုံမြို့ ခေမာရဋ္ဌ ဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညိုနိုင်စေရန် ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ကာလ အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုပမာဏ သိသိသာသာလျော့ကျ

**တမူး မတ် ၁၆**

ကိုဗစ်-၁၉ ကာလ အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် အပြန်အလှန်ကုန်သွယ်မှုပမာဏသည် ပုံမှန်ကုန်သွယ်မှု ပမာဏအောက်သို့ သိသိသာသာလျော့ကျလျက်ရှိကြောင်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း(တမူး)မှ သိရသည်။




အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုအများဆုံးပြုလုပ်နေသည့် တမူးမြို့နှင့် ရိဒ်ခေါဒါရ်ဂိတ်များကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လကတည်းက ပိတ်ထားခဲ့ကာ အိန္ဒိယနိုင်ငံဘက်ကလည်း အဆိုပါ ကုန်သွယ်ရေးစခန်းများနှင့် ထိစပ်နေသည့် နိုင်ငံအတွင်းရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများကိုပါ ပိတ်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ကိုဗစ်-၁၉ ကာလမှာ နှစ်ဖက်စလုံးက နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို ပိတ်ထားတဲ့အပြင် အပြန်အလှန် ကူးသန်းသွားလာမှုတွေကိုလည်း ပိတ်ပင်ခဲ့တာကြောင့် ကုန်သွယ်မှုအခြေအနေဟာ အလုံးစုံရပ်ဆိုင်းသွားတဲ့အနေအထားကို ရောက်ရှိသွားခဲ့တာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်မှုကဏ္ဍကို ပြန်လည်ဖွင့်လှစ်မှုပြုလုပ်နိုင်ရင်လည်း ပုံမှန်ပြန်ဖြစ်ဖို့ အချိန်ယူရနိုင်ပါတယ်" ဟု နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း (တမူး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယ- မြန်မာ ကုန်သွယ်မှုကဏ္ဍတွင် နယ်စပ်ကုန်သွယ်မှုကဏ္ဍသည် ကုန်သွယ်မှုအများဆုံး ပြုလုပ်လျက်ရှိသော ကဏ္ဍဖြစ်သောကြောင့် နယ်စပ်ကုန်သွယ်မှုကဏ္ဍ ရပ်ဆိုင်းသွားခြင်းသည် ကုန်သွယ်မှုပမာဏ လျော့ကျစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းကာ သန့်ရှင်းရေးပြုလုပ်

**ဝက်လက် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း မတ် ၁၂ ရက် ညနေပိုင်းက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစုပေါင်းကာ သန့်ရှင်းရေးပြုလုပ်ကြကြောင်း သိရသည်။

ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် ဝက်လက်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလေးနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ သန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းစုစုပေါင်း ၁၀၀ ခန့်က ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

# သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ကော့သောင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ထေရ်ကြီးဝါကြီးဆရာတော် သံဃာတော်များအပါ အဝင် ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၁၅ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ မဟူသက ပြည်သူ့ခန်းမ၌ စတင်ထိုးနှံပေးခဲ့ပြီး မတ် ၂၁ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ကော့သောင်းမြို့ ခုတင် ၁၀၀ တပ်မတော်ဆေးရုံ ဆေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက ပထမအကြိမ်အဖြစ် ထိုးနှံပေးခြင်းဖြစ်သည်။

ကော့သောင်းမြို့နယ်အနေဖြင့် ကာကွယ်ဆေးထိုးနှံရန် စာရင်းပေးသွင်းထားသည့် သံဃာတော်နှင့် သီလရှင်များအပါအဝင် ၅၃ ပါး၊ ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၂၆၃ ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၄၃၃ ဦးရှိရာ မတ် ၁၅ ရက်က သံဃာတော်နှင့် သီလရှင် ၅၃ ပါးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၃၉၀ တို့အား ထိုးနှံပေးခဲ့သည်။

ကျန်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်ရက်အတွင်း ဆက်လက်ထိုးနှံပေးလျက်ရှိကာ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် မြို့နေပြည်သူများကိုလည်း ဆက်လက်ထိုးနှံပေးသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**တောင်ကုတ်**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တောင်ကုတ်မြို့နယ်ခန်းမစုရပ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံဟောင်းခန်းမစုရပ်တို့၌ နှစ်နေရာခွဲ၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော် ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မတ် ၁၄ ရက် နံနက် ၉ နာရီမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မတ် ၁၄ ရက်မှ ၁၆ ရက်ထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း တစ်နေ့လျှင် လူဦးရေ ၉၀၀ နှုန်းဖြင့် စာရင်းပေးသွင်းထားသူ ဌာနဆိုင်ရာဝန်ထမ်း ၃၂၀၀ တို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှထွန်းဇော်ထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် သတ်မှတ်ထားသော ဌာနဆိုင်ရာဝန်များအား သတ်မှတ်အချိန်ထက် နာရီဝက်စောရောက်ရှိစေပြီး သွေးပေါင်ချိန်တိုင်းတာခြင်း၊ အပူချိန်တိုင်းတာခြင်းများ ပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးပြီး သတ်မှတ်နေရာများတွင် နာရီဝက်ခန့် နားနေစေရမည်ဖြစ်ကြောင်း သိရသည်။

ထွေအုပ်၊ ခတ်အားခွဲရုံ၊ သစ်ထုတ်၊ ရဲတပ်ဖွဲ့၊ တက္ကသိုလ်၊ မီးသတ်နှင့် မြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးနေမှုကို တာဝန်ရှိသူများလာရောက်၍ အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်သူများအား ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးကို ခရိုင်ပြည်သူ့ဆေးရုံ၌ မတ် ၁၁ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်ထိုးနှံပေးလျက်ရှိကာ အသက် ၁၈ နှစ်အထက် မည်သူမဆို လာရောက်ထိုးနှံနိုင်ကြောင်း သိရသည်။

တပ်မတော်ဆေးအဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံအပြင် ဘုန်းတော်ကြီးကျောင်းများသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သွားရောက်ထိုးနှံပေးလျက်ရှိပြီး မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် နောင်ခမ်းအောင်ဆုပန် ဘ/က ကျောင်းသို့သွားရောက်၍ ရဟန်းများနှင့် လူပုဂ္ဂိုလ်စုစုပေါင်း ၄၀ နီးပါးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို တပ်မတော်ဆေးတပ်ရင်းတပ်ဖွဲ့များမှ ထိုးနှံပေးခဲ့ခြင်းဖြစ်ကာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပြီး မတ် ၁၅ ရက်ထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ရဟန်းတော်များနှင့် ပြည်သူစုစုပေါင်း ၇၀၇၅ ဦးအား ထိုးနှံပေးခဲ့ပြီးကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



# မိုင်းဖြတ်၌ နမ့်မယ်ဟုတ်ချောင်းနှင့် နမ့်ဟိုင်းချောင်း သဲနုန်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မတ် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်တည်ဆောက်ရေးကော်မတီဝင်များက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်သည့် နမ့်မယ်ဟုတ်ချောင်းနှင့် နမ့်ဟိုင်းချောင်း သဲနုန်းပြန်လည်တူးဖော်ခြင်းနှင့် တုတ်တန်းရိုက် သဲအိတ်ချ ကာရံခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင်မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့နယ်တည်ဆောက်ရေးကော်မတီဝင်များက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၅ ဒသမ ၁၇ သန်းဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် အလျားပေ ၃၀၀၀၊ အောက်ခြေပေ ၆၀ မြေကြီးလုပ်ငန်းနှင့် အလျားပေ ၅၇၀ ရှိ တုတ်တန်းရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ယခင်က မိုးရာသီကာလများတွင် နမ့်မယ်ဟုတ်ချောင်းနှင့် နမ့်ဟိုင်းချောင်းတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုများနှင့် ကြုံတွေ့ရပြီး ယခုအခါ အဆိုပါချောင်းများတွင် သဲနုန်းပြန်လည်တူးဖော်ခြင်းနှင့် တုတ်တန်းရိုက် သဲအိတ်ချကာရံခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေဧက ၆၆၀ ခန့်ကိုရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ **ရွှေကို (မိုင်းဖြတ်)**



# မိုင်းရှူးမြို့နယ်ရှိ ကျေးရွာလေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်

**မိုင်းရှူး မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်းရှိ ခိုစုံကျေးရွာ၊ ဖာယကျေးရွာ၊ လွိုင်တန့်ကျေးရွာနှင့် လွိုင်ခမ်းကျေးရွာလေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခိုစုံကျေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် အရှည်ပေ ၄၀၀၀ ရှိ စိမ့်စမ်းရေပိုက်လိုင်း(အမြင့်တင်) သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖာယကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အရှည် ပေ ၆၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ၊ လွိုင်တန့်၊ လွိုင်ခမ်းကျေးရွာနှစ်ရွာတွင် အရှည်တစ်မိုင်လေးဖာလုံရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၂၂၇ မှ လူဦးရေ ၁၂၄၄ ဦးတို့၏ သောက်သုံးရေဖူလုံစေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ပြောကြားသည်။

**ငြိမ်းသူ**

■

## မုံရွာမြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်

**မုံရွာ မတ် ၁၆**

မုံရွာမြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်နေကြောင်း သိရသည်။

"ကြက်သွန်နီဈေးက မရှိ။ ကုန်စည်စီးဆင်းမှုနည်းတော့ သိပ်အဆင်မပြေပါဘူး။ အခုနေတော့ အရင်းလောက်ကို မရသေးဘူး။ အခုလက်ရှိ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၂၀၀ နဲ့ ၂၃၀ လောက်ပဲ ဈေးရှိတာ။ ဝယ်သူမရှိပါဘူး" ဟု မုံရွာမြို့နယ် ရှင်ငါးဆယ်ကျေးရွာ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောကြားသည်။

မုံရွာမြို့နယ်တွင် ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ကြက်သွန်နီစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း ယခုလက်ရှိ ကြက်သွန်နီဈေးကွက်အနေအထားအရ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ မှ ၂၃၀ သာရှိကြောင်း သိရသည်။

ကြက်သွန်နီတစ်ကြိမ် စိုက်ပျိုးစရိတ်သည် ပုံမှန်တစ်ဧကလျှင် ငွေကျပ်ကိုးသိန်းကုန်ကျပြီး ကြက်သွန်ပိဿာချိန် ၅၀၀၀ မှ ၇၀၀၀ အထိထွက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာတော့ ကြက်သွန်နီကို ဖော်နေတဲ့ကာလဆိုတော့ အရင်းအနှီးစရိတ်ကအစ တော်တော်လေးအခက်အခဲဖြစ်ကြတာပေါ့။ တချို့ဆိုရင် တူးစရိတ်ပေးဖို့ကို အဆင်မပြေကြပါဘူး" ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီကို မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**လူလေး**



## ကျောက်ပန်းတောင်းမြို့နယ် မျိုးပန်းကြက်သွန်များ အောင်မြင်ဖြစ်ထွန်း

**ကျောက်ပန်းတောင်း မတ် ၁၆**

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများရှိမျိုးပန်းကြက်သွန်စိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းနေကာ မျိုးပန်းများ ဧပြီလကုန်တွင် ဆွတ်ခူးရတော့မည်ဖြစ်ကြောင်း မျိုးပန်းကြက်သွန်စိုက်ပျိုးထားသည့် လဲ့ဂွကျေးရွာ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ရှိ ကျေးရွာများသည် မျိုးပန်းကြက်သွန်စိုက်ပျိုးရန် ကြက်သွန်ဖော်ချိန်တွင် လုံးဝန်းကာကြီးသည့်ကြက်သွန်ဥများရွေးချယ်ထားပြီး ရှယ်ဥခေါ်သည့်ဥများအား သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် စတင်စိုက်ပျိုးထားကြကြောင်း၊ ၁၅ ရက်ခန့်ကြာလျှင် စိုက်ထားသည့်ကြက်သွန်ဥမှ မန်တိုင်ခေါ်စိန်ဖူးတိုင် ကြက်သွန်အဖူးထွက်လာကြောင်း၊ ကြက်သွန်တစ်ဥလျှင် နှစ်ဖူးမှ လေးဖူးထိ မန်တိုင်ထွက်ရှိလာပြီး မန်တိုင်တစ်တိုင်ရှိ ကြက်သွန်ပန်းပွင့်တစ်ပွင့်မှ ကြက်သွန်မျိုးစေ့ ရာချီရှိသည့် အစေ့အိတ်များဖြင့် ဖူးပွင့်နေလေ့ရှိကြောင်း မုန့်ကုန်းကျေးရွာ မျိုးပန်းကြက်သွန်စိုက်ပျိုးထားသည့် ဦးနန်းတင်က ရှင်းပြသည်။

မျိုးပန်းကြက်သွန်များကို ဧပြီလကုန်ပိုင်းနှင့် မေလပထမပတ်တွင် ခူးဆွတ်ရကြောင်း၊ မိုးမကျမီအချိန်တွင် အားလုံးခူးဆွတ်ထားရကြောင်း၊ မဆွတ်ခူးမီ မိုးမိ၊ မိုးထိပါက မန်တိုင်အပွင့်ပေါ်တွင်ပင် မျိုးစေ့မှ အပင်ပေါက်သွားခြင်း၊ အစေ့များအောက်သွားခြင်းကြောင့် မျိုးပန်းရင့်ပြီး ခူးဆွတ်ချိန်အလွန် အရေးထားရကြောင်းလည်း သိရသည်။

ခူးဆွတ်ပြီး နေလှန်းကာ အစေ့ထုတ်ပြီး လုံခြုံသည့်ပုံးများနှင့်ထည့်ကာ သိမ်းထားရကြောင်း၊ ကြက်သွန်မျိုးစေ့များ ဆောင်းကြက်သွန်စိုက်ပျိုးချိန်တွင် ပျိုးစေ့များ ပြန်လည်ရောင်းချရပြီး ပျိုးစေ့တစ်ပြည်လျှင် ကျပ် ၇၀၀၀၀ မှ ၁၀၀၀၀၀ အထိ ရောင်းချရကြောင်း၊ အချို့က နို့ဆီဘူးတစ်ဘူးထောင် ပျိုးစေ့တစ်ဘောင်လျှင် ပျိုးပင်ပေါက်ပေါ်မှုတည်ကာ ငွေကျပ် ၂၀၀၀၀ မှ ၄၀၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လက်ပံအိုင့်၊ လဲ့ဂွ၊ ညောင်ဖြူပင်၊ ကုန်းတဲ၊ ဆပ်ပြာကျင်း၊ မုန့်ကုန်း၊ ညောင်ချိုင်း၊ ကင်မွန်းခြုံ၊ မကြီးတိုင်း၊ စီပင်သာ၊ ကိုင်း၊ ညောင်ပင်သာကျေးရွာများသည် ကြက်သွန်စိုက်ရာတွင် ကြက်သွန်အရည်သွေးပြည့်ဝစေရန်နှင့် ဥကြီးစေရန် ကိုယ်တိုင်မျိုးပန်းကြက်သွန်စိုက်ပျိုးပျိုးစေ့ထောင်ကာ စိုက်ပျိုးခြင်းကြောင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများမှထွက်ရှိသည့် ဆောင်းကြက်သွန်နီများ အရည်အသွေး ကောင်းမွန်ကြောင်းလည်း သိရသည်။

မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးကြသည့် တောင်သူများ ကြက်သွန်ဖော်ချိန် (နုတ်ချိန်) ကြက်သွန်အရည်အသွေးအတွက် စိတ်ချရပြီး မျိုးမသန့်သည့် ကြက်သွန်မျိုးများစိုက်ပျိုးမိလျှင် ဥပိန်၊ ဥလိန်၊ ဥချွန်နှင့် ကြာကြာလှောင်၍မရသည့် ကြက်သွန်များသာ ထွက်ရှိကြကြောင်းသိရပြီး ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများသည် ကိုယ်တိုင်ကြက်သွန်မျိုးရယူစိုက်ပျိုးခြင်း၊ မျိုးစေ့ပြန်လည်ရောင်းချခြင်းများဖြင့် ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြကြောင်း သိရသည်။

**ကိုထိန် (KPD)**



## မိုးနဲမြို့၌ တစ်ပိုင်တစ်နိုင် ခရမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုးနဲ မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စုတွင် တောင်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသော ခရမ်းသီးပင်စိုက်ခင်းများ ရှင်သန်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မိုးနဲမြို့နယ်အတွင်းရှိတောင်သူအများစုမှာ ခရမ်းသီးပင်ကို မိသားစု အပိုဝင်ငွေရရှိစေရေးအတွက် အဓိကထားစိုက်ပျိုးကြပြီး ခရမ်းသီးများ စတင်သီးနေပြီဖြစ်ကာ အသီးများ ခူးဆွတ်ရောင်းချနေပြီဖြစ်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

ခရမ်းသီးများကို ခူးဆွတ်၍ရရှိသည့် ခရမ်းသီးများကို ဈေးနှင့်ဆိုင်များသို့ သွားရောက်ကာ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရပြီး ခရမ်းသီးပင်ကို အရှည်သီးပင်နှင့် အဝိုင်းသီးပင်နှစ်မျိုး စိုက်ပျိုးထားရှိကြောင်း၊ အချို့စားသုံးသူများကလည်း ခြံအထိ လာရောက် ဝယ်ယူလျက်ရှိကာ ခရမ်းသီးပင်ကို မိသားစု အပိုဝင်ငွေရရှိရေး၊ မီးဖိုချောင်အသုံးစရိတ်ကာမိရေးအတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း တောင်သူဦးစိုင်းစံဝင်းက ပြောကြားသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## ကျိုက်မရောမြို့နယ်အတွင်းရှိကျေးရွာများ၌ ခဝဲသီးစိုက်ပျိုးသူများမိသားစု စားဝတ်နေရေးအဆင်ပြေ

**ကျိုက်မရော မတ် ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာရှိ တောင်သူများ ခဝဲသီးကို စီးပွားဖြစ်စိုက်ပျိုးကြ၍ အောင်မြင်ဖြစ်ထွန်းသဖြင့် မိသားစုအပိုဝင်ငွေများရရှိကာ စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ခဝဲသီးကိုစတင်စိုက်ပျိုးမည်ဆိုပါက ထယ်ရေးညက်ညက်တွင် သဘာဝမြေဩဇာဖြစ်သည့် နွားချေးနှင့်ဦးစွာမြေပြုပြင်ထားရပြီး တစ်ပင်နှင့် တစ်ပင်သုံးပေအကွာ အတန်းလိုက်မျိုးစေ့ချကာ တစ်တန်းနှင့်တစ်တန်းကိုလည်း ၁၅ ပေခြား၍ စိုက်ပျိုးမှသာ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်ကောင်းစွာရရှိ၍ အရွက်များဖြာထွက်ကာ အတောင့်ရှည်များ ထွက်ရှိပြီး အသီးများအထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။ ခဝဲပင်ကို စတင်စိုက်ပျိုးပြီး တစ်လပြည့်ချိန်တွင် အပွင့်များပွင့်လာပြီး ၄၅ ရက် ကျော်လာလျှင် အသီးများသီးလာကာ ခဝဲသီးအတောင့်များဖြောင့်တန်းစေရန်အတွက် စင်တင်ပေးရကြောင်း၊ တစ်ရက်ခြားတစ်ခါ ရေစုပ်စက်ဖြင့် ရေသွင်းကာ အပင်အနံ့ရေရရှိရန် ဒလက်ပန်ကာတပ်ထားပေးရကြောင်း၊ ခဝဲပင်များ ပိုးမကျစေရန် ပိုးသတ်ဆေးဖျန်းပေးရပြီး အရွက်များပိုးမကျစေရန်အတွက်လည်း အထူးဂရုစိုက်ပေးရကြောင်း၊ ခဝဲသီးမှာလူတိုင်းကြိုက်နှစ်သက်သည့်မီးဖိုချောင်သီးနှံတစ်မျိုးဖြစ်ကာ ဈေးနှုန်းလည်းချိုသာသဖြင့် အိမ်ရှင်မများအတွက် မဝယ်မဖြစ် စားသုံးသီးနှံတွင်ပါဝင်ကြောင်း၊ ယခုအချိန်တွင် ခဝဲသီးများအထွက်ကောင်း၍ ဈေးကောင်းလည်းရသဖြင့် ဈေးကွက်အတွင်း ခဝဲသီးတစ်တောင့်လျှင်ငွေကျပ် ၁၅၀ မှ ၂၀၀ အထိရောင်းချရကြောင်း၊ ခဝဲသီးကိုတစ်ရက်ခြားတစ်ကြိမ် ဆွတ်ခူးရောင်းချနေရသဖြင့် ယခုကာလအတွင်း မိသားစုစားဝတ်နေရေး အဆင်ပြေကာ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း ခဝဲသီးစိုက်ပျိုးရောင်းချသူ တောင်သူဦးအောင်ရွှေထံမှ သိရသည်။



**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ ငရုတ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ငဖဲ မတ် ၁၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာမှ တောင်သူများအနေဖြင့် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ကျေးရွာ၏မြောက်ဘက်ရှိ လယ်မြေတွင် မြေအောက်ရေကိုအသုံးပြုပြီး တွန်ဂလာ ၆၉၂ ငရုတ်မျိုးကို စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်တွင် တွန်ဂလာ ၆၉၂ ငရုတ်မျိုးများကို စိုက်ပျိုးရောင်းချကြသည့် တောင်သူများအနေဖြင့် အရင်းနည်းပြီး အမြတ်များများရရှိသည့်အတွက် အခြားတောင်သူများကလည်း စိတ်ဝင်စားစွာ စမ်းသပ်စိုက်ပျိုးလာကြသည်ဖြစ်ရာ ယခုအခါ ငရုတ်စိုက်ပျိုးသောတောင်သူ ၇၈ ဦးနှင့် ငရုတ်စိုက်ဧက ၂၁၀ ခန့်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

■

# ဂျိုတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ လီဗာပူးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိ



လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၉ အဖြစ် မတ် ၁၆ ရက် နံနက်ပိုင်းက ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိကာ အနိုင်သုံးမှတ်အပြည့် ရယူနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ဂျိုတာက ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဝုလ်ဗာဟမ်တန်အသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် ဂိုးသမား ပက်ထရီစီယိုဟာလည်း ပြင်းထန်တဲ့ဦးခေါင်းဒဏ်ရာ ရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးတိုက်စစ်မှူး ဂျိုတာဟာ စက်တင်ဘာလအတွင်းက ဝုလ်ဗာဟမ်တန်အသင်းကနေ လီဗာပူးအသင်းဆီကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပရီမီယာလိဂ် ငါးပွဲမှာ လေးပွဲအထိအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လီဗာပူးအသင်းနဲ့ နောက်ဆုံးကစားခဲ့ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်ကိုးပွဲမှာ ကိုးပွဲစလုံးရှုံးပွဲကြုံခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကိုရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကစားအပြီးမှာ ရမှတ် ၄၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၆ နေရာမှာ ရပ်တည် လျက်ရှိပြီး ဝုလ်ဗာဟမ်တန်အသင်းကတော့ ပွဲစဉ် ၂၉ အပြီးမှာ ရမှတ် ၃၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၃ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဧပြီ ၄ ရက်မှာ အာဆင်နယ်အသင်းရဲ့ အိမ်ကွင်းသို့ သွားရောက်ကစားရမှာဖြစ်ပြီး ဝုလ်ဗာဟမ်တန်အသင်းဟာ ဧပြီ ၅ ရက်မှာ ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာ ဖြစ်ပါတယ်။

# ချယ်လ်ဆီးအသင်းက နောက်ခံလူ အန်တိုနီယိုရူဒီဂျာကို စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိ



ချယ်လ်ဆီးအသင်းဟာ နောက်တန်းကစားသမား အန်တိုနီယိုရူဒီဂျာကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ဆွေးနွေးလျက်ရှိပြီး အန်တိုနီယိုရူဒီဂျာရဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း ကုန်ဆုံးဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

ဂျာမနီကြယ်ပွင့် အန်တိုနီယိုရူဒီဂျာဟာ ဇန်နဝါရီလအတွင်းက နည်းပြတူချယ်လ် ချယ်လ်ဆီးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့စဉ်ကတည်းက နည်းပြတူချယ်ရဲ့ အားထားရဆုံးကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ နောက်တန်းခံစစ်ကြောင်းမှာ အန်တိုနီယိုရူဒီဂျာဟာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းဟာလည်း လက်ရှိမှာ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၄ နေရာမှာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

နည်းပြတူချယ်ဟာ ချယ်လ်ဆီးနည်းပြဖြစ်လာပြီးနောက်ပိုင်း ၁၂ ပွဲကိုင်တွယ်ခဲ့ရာမှာ ရှုံးပွဲမရှိစံချိန်တစ်ရပ်ကိုရယူနိုင်ခဲ့ပြီး အဲဒီပွဲစဉ် ၁၂ ပွဲမှာ နောက်တန်းကစားသမား အန်တိုနီယိုရူဒီဂျာဟာ ရှစ်ပွဲအထိ ပါဝင်ပွဲထွက်ကစား ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နောက်တန်းကစားသမား အန်တိုနီယိုရူဒီဂျာရဲ့ ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သက်တမ်းဟာ လာမယ့် ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်တာကြောင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက အန်တိုနီယိုရူဒီဂျာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အဲဒီလို ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် ချယ်လ်ဆီးအသင်းနည်းပြ တူချယ်ကတော့ နောက်တန်းကစားသမား အန်တိုနီယိုရူဒီဂျာ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်ရှိနေရေးအတွက် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုသွားမယ်လို့ ဆိုပါတယ်။

# ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့က ဒိုင်ဘာလာအား ပြောင်းရွှေ့ကြေးပေါင် ၄၈ သန်းပေး၍ ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ



ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်ကြတဲ့ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ တိုက်စစ်မှူး ဒိုင်ဘာလာကို ပြောင်းရွှေ့ကြေးပေါင် ၄၈ သန်း(ယူရို ၅၅ သန်း) ပေးပြီးခေါ်ယူဖို့ ဆန္ဒရှိနေတာဖြစ်ပြီး တိုက်စစ်မှူး ဒိုင်ဘာလာရဲ့ လက်ရှိဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း နောက်ဆုံးနှစ်ထဲကို ရောက်ရှိနေပြီဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ ပေါ်တိုအသင်းကို အဝေးဂိုးစည်းမျဉ်းကြောင့် ရှုံးနိမ့်ကာ ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီးနောက် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားတချို့ကို ရောင်းထုတ်ဖို့ စီစဉ်လာတာဖြစ်ပါတယ်။

ဒါကြောင့် နည်းပြပီယာလိုရဲ့ လက်ထက်မှာ ခြေစွမ်းကောင်းမပိုင်ဆိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ဒိုင်ဘာလာအနေနဲ့ ဂျူဗင်တပ်အသင်းနဲ့ စာချုပ်သက်တမ်းကို အဆုံးသတ်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ဒိုင်ဘာလာဟာ ဒူးအရွတ်ဒဏ်ရာပြဿနာကြောင့် ဇန်နဝါရီလကတည်းက ဂျူဗင်တပ်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာဟာ အခုနှစ်ဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းနဲ့အတူ ပွဲစဉ် ၁၆ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ရာမှာ သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပြီး နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

# မန်ယူအသင်းနည်းပြ ဆိုးရှားက ကစားသမားလေးဦးအထိ ရောင်းချရန် စီစဉ်နေ



မန်ယူအသင်းနည်းပြ ဆိုးရှားဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ၎င်းရဲ့ ဘတ်ဂျက်ကို ပေါင်သန်း ၈၀ အထိတိုးမြှင့်ရရှိရေးအတွက် အင်္ဂလန်ကွင်းလယ်ကစားသမား လင်းဂတ်၊ စပိန်ကွင်းလယ်ကစားသမား ဂျူအန်မာတာ၊ ပေါ်တူဂီနောက်တန်းကစားသမား ဒါလော့နဲ့ အင်္ဂလန်နောက်တန်းကစားသမား ဖီးလ်ဂျုံးစ်စတဲ့ ကစားသမားလေးဦးအထိ ရောင်းချသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။

နည်းပြဆိုးရှားဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်အတွင်းကလည်း စမောလင်းကို ရိုးမားအသင်းကို ရောင်းချကာ အလက်ဇစ်ဆန်းချက်ဇ်ကို အင်တာမီလန်အသင်းသို့ ရောင်းချခဲ့တာဖြစ်ပြီး ကာဗာနီ၊ အဲလက်တယ်လက်စ်၊ ဒီယယ်လို၊ ဗွန်နီဗန်ဒီးဘိခ်နဲ့ ပယ်လက်စထရီတို့ကို စုစုပေါင်း ပေါင် ၇၅ သန်းအကုန်အကျခံ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

အဲဒီလို ကစားသမားခေါ်ယူမှုတွေ ပြုလုပ်ခဲ့တာကြောင့် နည်းပြဆိုးရှားရဲ့ မန်ယူအသင်းဟာ လက်ရှိအချိန်အထိ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့် ၄ စာရင်းဝင်နေဆဲဖြစ်ပြီး အခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာလည်း ကစားသမားတချို့ကို ရောင်းချကာ ကစားသမားသစ်တချို့ကို ခေါ်ယူဖို့ ပေါင်သန်း ၈၀ အထိ သုံးစွဲသွားဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

ငွေကြယ် – ရေးသားသည်

# အော်စကာဆန်ခါတင်စာရင်းမှာ ပါဝင်လာတဲ့ ယွန်ယူဂျန်



တောင်ကိုရီးယားရဲ့ ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်သူ ယွန်ယူဂျန်ဟာ လတ်တလောမှာ ထုတ်ပြန်ခဲ့တဲ့ ယခုနှစ်အတွက် အော်စကာဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်လာခဲ့ပါတယ်။ သူဟာ အော်စကာဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရတဲ့ ပထမဆုံးသော ကိုရီးယားအမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယွန်ယူဂျန်ဟာ ကိုရီးယားသရုပ်ဆောင်လောကမှာ ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးပါ။ သူဟာ လက်ရှိမှာ အသက် ၇၃ နှစ်အရွယ်ရှိပြီဖြစ်ကာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ရုပ်ရှင်နဲ့ ဇာတ်လမ်းတွဲပေါင်း ၁၀၀ ကျော်မှာ ပါဝင်သရုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။

ယွန်ယူဂျန်က သူ့အနေနဲ့ အော်စကာဆုဆန်ခါတင်စာရင်းဝင်ဖို့ရာ မျှော်လင့်ခဲ့ဖူးခြင်းမရှိပေမယ့် ယခုနှစ်မှာတော့ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် Minari အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုစာရင်းမှာ လျာထားခံခဲ့ရတာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်မှာ သူဟာ မြေးတွေကို စောင့်ရှောက်ဖို့အတွက် တောင်ကိုရီးယားကနေ အမေရိကန်ကို လာရောက်ခဲ့တဲ့ အဘွားတစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်တယ်လို့ သိရပါတယ်။

ယခုလို အော်စကာဆန်ခါတင်စာရင်းဝင်ခဲ့တာနဲ့ပတ်သက်ပြီး မတ် ၁၅ ရက်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ယွန်ယူဂျန်က သူ့အနေနဲ့ အော်စကာဆန်ခါတင်စာရင်းဝင်ကြောင်းကို သူငယ်ချင်းတစ်ဦးက ပြောပြတာကြောင့် သိခဲ့ရတာဖြစ်ကြောင်း၊ အဆိုပါသတင်းကြားချိန်မှာ သူဟာကနေဒါကနေ အလုပ်ကိစ္စနဲ့ တောင်ကိုရီးယားကို ပြန်လာပြီးနောက် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုခံယူနေတဲ့ ကာလအတွင်းဖြစ်ကြောင်းလည်း ဖြေကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ ယွန်ယူဂျန်နဲ့အတူတွဲဖက်ပါဝင်ထားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ စတီဗင်ယန်ကလည်း ယခုနှစ်အော်စကာဆုပေးပွဲမှာ အဆိုပါရုပ်ရှင်နှင့်ပင် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။ စတီဗင်ယန်ဟာလည်း အော်စကာဆုလျာထားစာရင်းမှာ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအတွက် ပါဝင်ခွင့်ရတဲ့ ပထမဆုံးသော အာရှ-အမေရိကန်လူမျိုး သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။

○



## နိုင်ငံခြား ဘာသာစကားတတ်ကျွမ်းမှုမရှိဘဲ ပွဲဦးထွက်ခွင့်ရမှာမဟုတ်ကြောင်း TWICE ပြောကြား

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE က အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်မှာ ပွဲဦးထွက်ခွင့်ရမယ့်အကြောင်းနဲ့ပတ်သက်ပြီး ရုပ်သံအစီအစဉ်တစ်ခုမှာ ဖြေကြားရာမှာတော့ နိုင်ငံခြားဘာသာစကားကို တတ်ကျွမ်းမှုမရှိမီ အေဂျင်စီအနေနဲ့ ပွဲဦးထွက်ကာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်ခွင့်ပြုမှာမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

TWICE အဖွဲ့ဝင်တွေဟာ လတ်တလောမှာ SBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ Legendary Stage အစီအစဉ်မှာ ပါဝင်ခဲ့ပါတယ်။ အဆိုပါ အစီအစဉ်တွေမှာ ဂျေဝိုင်ပီအင်တာတိန်းမန့်အနေနဲ့ ကေပေါ့ပ်တေးသံရှင်တွေကို ပွဲဦးထွက်လှုပ်ရှားစေတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး အဖွဲ့ဝင်တွေက ပြောကြားရာမှာ အကနဲ့ သီချင်းဆိုတဲ့အပိုင်းမှာ ပါရမီရှင်လို့ပြောရလောက်အောင် ထူးခြားနေသူဖြစ်ပေမယ့် နိုင်ငံခြားဘာသာစကား တတ်ကျွမ်းဖို့လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။

TWICE အဖွဲ့မှာ ကိုရီးယားလူမျိုးမဟုတ်တဲ့ အဖွဲ့ဝင်တွေလည်း ပါဝင်ပြီး အဆိုပါအဖွဲ့ဝင်တွေဟာလည်း ကိုရီးယားဘာသာစကားကို အချိန်ပေးကာ သင်ယူခဲ့ရကြောင်း၊ ကိုရီးယားလူမျိုးအဖွဲ့ဝင်တွေဟာလည်း တရုတ်ဘာသာစကားကဲ့သို့ အခြားသော နိုင်ငံခြားဘာသာစကားတစ်ခုကို တတ်ကျွမ်းကြောင်း အသိအမှတ်ပြုလက်မှတ် ရရှိမှသာ ပွဲဦးထွက်ခွင့်ရကြောင်း ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

# ဂရမ်မီဆုနဲ့ လွဲချော်ခဲ့ရတဲ့ BTS




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာ တေးဂီတထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ ဂရမ်မီဆုပေးပွဲမှာ ဆန်ခါတင်စာရင်းဝင်ခဲ့ပေမယ့် ဆုပေးပွဲညမှာတော့ ထူးချွန်ဆုနဲ့ လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။ တေးဂီတ ထူးချွန်ဆုပေးပွဲတွေအနက် ကမ္ဘာ့အကြီးကျယ်ဆုံးသော ဆုပေးပွဲတစ်ခုဖြစ်တဲ့ ဂရမ်မီဆုပေးပွဲရဲ့ ယခုနှစ်ဆုပေးပွဲမှာ အာရှတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ထူးချွန်ဆုနဲ့ လွဲခဲ့ရသလို အခြားသော လူမည်းတေးသံရှင်အချို့လည်း ဆုစာရင်းမှာ မပါဝင်တာကြောင့် ပရိသတ်တွေကတော့ ယခုနှစ်ဆုပေးပွဲဟာ မျှတမှုမရှိကြောင်း ပြောဆိုတာတွေလည်းရှိနေကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS ဟာ ယခုနှစ်ဆုပေးပွဲမှာ အကောင်းဆုံး ပေါ့ပ်တေးဂီတအဖွဲ့ဆုအတွက် လျာထားစာရင်းဝင်ခဲ့ပြီး ယင်းဆုကို လေဒီဂါဂါနဲ့ အရီရန်နာဂရန်းဒ်တို့က ဆွတ်ခူးသွားခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ အမေရိကန်ပေါ့ပ်ကြယ်ပွင့်နှစ်ဦးတွဲဖက်သီဆိုထားတဲ့ တေးသီချင်း Rain On Me ဟာ BTS ရဲ့ တေးသီချင်း Dynamite ကို ကျော်လွန်ကာ ထူးချွန်ဆု ဆွတ်ခူးသွားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

# ဂရမ်မီညမှာ စံချိန်သစ်တင်ခဲ့ကြတဲ့ တေလာဆွစ်နဲ့ ဘီယွန်းစေး

ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ တေလာဆွစ်နဲ့ ဘီယွန်းစေးတို့ဟာ လတ်တလော ပြုလုပ်ခဲ့တဲ့ ဂရမ်မီဆုပေးပွဲမှာ စံချိန်သစ်တွေ အသီးသီးရရှိခဲ့ကာ သူတို့ရဲ့ အောင်မြင်မှုရရှိခဲ့တဲ့ ညတစ်ညဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွက် ဂရမ်မီဆုပေးပွဲကို မတ် ၁၄ ရက် ညပိုင်းမှာ ပြုလုပ်ခဲ့တာပါ။ အဆိုပါ ဆုပေးပွဲမှာ အမေရိကန်ပေါ့ပ်တေးသံရှင် တေလာဆွစ်နဲ့ ဘီလီအဲလစ်ရှ်တို့ဟာ ထိပ်တန်းဆုတွေကို ဆွတ်ခူးနိုင်ခဲ့ပြီး တေလာဆွစ်ကတော့ တစ်နှစ်တာ တေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးခဲ့ကာ အဆိုပါဆုကို သုံးကြိမ်တိုင်ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော အမျိုးသမီးတေးသံရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် Folklore ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေဖြစ်ပွားနေတဲ့ ကာလအတွင်း ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး ယခုနှစ်ဂရမ်မီဆုပေးပွဲမှာတော့ တစ်နှစ်တာ တေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးခဲ့တဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။





ဘီယွန်းစေးကတော့ ဂရမ်မီညမှာ ထူးချွန်ဆုတွေ အများဆုံးသိမ်းပိုက်နိုင်ခဲ့တဲ့ အမျိုးသမီး တေးသံရှင်တစ်ဦးပါ။ ဘီယွန်းစေးကတော့ ထူးချွန်ဆုလေးဆု ဆွတ်ခူးနိုင်ခဲ့တာကြောင့် သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ဂရမ်မီဆုပေါင်း ၂၈ ဆု ရရှိခဲ့ကာ ဂရမ်မီဆုအများဆုံး ရရှိခဲ့တဲ့ အမျိုးသမီးတေးသံရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ် ဂရမ်မီဆုပေးပွဲမှာ တစ်နှစ်တာ တေးသီချင်းဆုကိုတော့ အာရန်ဘီတေးသံရှင်တစ်ဦးဖြစ်သူ H. E. R ရဲ့ တေးသီချင်း I Can't Breathe က ဆွတ်ခူးခဲ့ပါတယ်။ အဆိုပါ တေးသီချင်းဟာ လူမည်းအမျိုးသားတစ်ဦး ဖြစ်တဲ့ ဂျော့ဖလွိုက် အမေရိကန်ရဲတစ်ဦးကြောင့် ကွယ်လွန်ခဲ့ပြီးနောက် Black Lives Matter လှုပ်ရှားမှုတွေအတွက် ရည်ရွယ်ရေးသားခဲ့တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပေါ့/ကိုင် သောကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ် အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှု အပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်း ရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန်လိုပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရမှုပိုကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက် ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
- ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါ ရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်မျိုးမျိုးသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို (၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ပေါ့တယ့်ယူအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယ တစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ် ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည် ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ယာယီမှတ်ပုံတင် ခွင့်ပြု ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ယာယီတားဆေး တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါ သလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ ရှိခြင်း၊ ယားယံခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ပေါ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာရည်/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုး ကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက် အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပုလေး(ရွှေတောင်)

## အသက်(၉၂)နှစ်

ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ အုန်းပင်ဇင်းလမ်းနေ (ဦးသန်းကြည်)၏ဇနီး၊ ဦးမြင့်ကြူ-ဒေါ်စန်းစန်းနွယ်၊ ဦးလှဆောင်-ဒေါ်သိန်းရီ၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်စိုးရီ(ပန်းလှိုင်ဆေးရုံ)၊ ဒေါ်တိုးတိုးမော်(ဆည်မြောင်း)၊ ဒေါ်သင်းသင်းဆွေ (တိုင်းပညာရေးမှူးရုံး-ပြည်မြို့)၊ ဦးသန်းအေး-ဒေါ်ဝင်းဝင်းစန်း၊ ဦးသန်းဇော်ထွေးတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၃-၂၀၂၁ ရက် ညနေ ၅:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ရှစ်မိုင်ခွဲ၊ ဆည်မြောင်းလမ်း၊ ဆည်မြောင်းဝင်း၊ အမှတ်(၁၁/B)နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးအေးကြည်(ငြိမ်း)

**OTS(50)**

## အသက် (၇၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ တိုက်အမှတ် (5A), အခန်း(၄၀၁)နေ (ဦးစိန်-ဒေါ်ရင်မြရွှေ)တို့၏သား၊ ဗိုလ်မှူးမောင်မောင်စိုး(ငြိမ်း)-ဒေါ်ခင်ပပအေး၊ ဗိုလ်မှူးနေထွန်းဦး-ဒေါ်မျိုးမမဦး(ဒုတိယညွှန်ကြားရေးမှူး နေပြည်တော်ရှေ့နေချုပ်ရုံး)၊ ဗိုလ်မှူးဖြိုးကျော်ကျော်-ဒေါ်ဖြူပြာကြည်၊ ဗိုလ်ကြီးဇေယျာထွန်း-ဒေါ်ရွှေဇင်မြင့်(လုပ်ငန်းအရာရှိ-ဆေးဝါး-ဟသ်ာတဆေးရုံကြီး)တို့၏ဖခင်၊ မြေး ၄ယောက်တို့၏ ဘိုးဘိုး၊ မိတ္ထီလာမြို့နေ ဦးသန်းဌေး-ဒေါ်ခင်အေးကြူတို့၏ အကို၊ ဒေါ်ခင်ကြူ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးအေးကြည်(ငြိမ်း)သည် ၁၆-၃-၂၀၂၁ ရက်(အင်္ဂါနေ့)ညနေ ၃:၃၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၅၀၀ မိတ္ထီလာ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၁(ကြာသပတေးနေ့) ညနေ ၃:၀၀ နာရီတွင် အောင်မြင်သာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၂၁(တနလ်ာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်သွားမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မြင့်

## အသက်(၇၉)နှစ်

မွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဗညားစန်း-ဒေါ်သက်သက်ဆွေ ၏ဖခင်ဖြစ်သူ ဦးကျော်မြင့် အသက်(၇၉)နှစ်သည် ၁၄-၃-၂၀၂၁ (တနင်္ဂနွေနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I CITYရှိနေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မွန်လုပ်ငန်းရှင်များအသင်း**




## မတည်ငွေရင်းလျှော့ချကြောင်းကြေညာခြင်း

ကျွန်တော်များ SEIKO STAR COMPANY LIMITED ၏ မတည်ငွေရင်းပမာဏအား ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန် ၁၀၀ သို့ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**SEIKO STAR COMPANY LIMITED**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းကျန်(သူဌေးကွင်း)

## အသက် (၈၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ လမ်းသွယ်(၂)၊ အမှတ် (၉)နေ (ဦးစံအိ-ဒေါ်စောရီ) တို့၏သမီး၊ (ဦးစိန်-ဒေါ်နှင်းအိ)တို့၏ချွေးမ၊ (ဦးကျင်ဆွယ်)၏ဇနီး၊ ဦးတင်မောင်-ဒေါ်ဝင်း၊ (ဦးသောင်းမြင့်)-ဒေါ်ပြုံးရီ၊ (ဦးမြင့်စိုး)-ဒေါ်ခင်အေးစန်း၊ ဦးကျော်ဆွေ-ဒေါ်မြမြအေး၊ ဦးဌေးလွင်-ဒေါ်သန္တာ၊ ဦးမြင့်ကို-ဒေါ်တင်တင်အေး၊ ဦးမြင့်နိုင်-ဒေါ်အတာ၊ ဒေါ်ကျင်ဌေး၊ ဦးဝင်းဇော်-ဒေါ်နီလာမြင့်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး (၁၆)ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘွားဖြစ်သူသည် ၁၅-၃-၂၀၂၁ (တနလ်ာနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၂၁ (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီ မှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှိုင်ကြည် (တင်လှိုင်-ရိုးမ)

### စာရေးဆရာ/သတင်းစာဆရာ

### လုပ်သားပြည်သူ့နေ့စဉ်(ငြိမ်း)၊ သမဝါယမသတင်းလွှာ(ငြိမ်း)

## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးချစ်လှိုင်-ဒေါ်တင်မြ)တို့၏သား၊ (ဦးတင်လှိုင်-ဒေါ်ခင်မြင့်)တို့၏မောင်၊ (ဒေါ်ခင်စော)၊ (ဦးရဲမြင့်)-ဒေါ်ခင်ဥမ္မာတို့၏အစ်ကို၊ ဦးမြင့်ဦး-ဒေါ်မိုးမိုးကြည်၊ ဦးမိုးကျော်-ဒေါ်နှင်းဝါ၊ ဦးမိုးဇော်-ဒေါ်ခင်နွယ်ဦး၊ ဦးမျိုးမင်းဦး-ဒေါ်မိုးမိုးအေးတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး၊ သာကေတမြို့နယ်၊ အမှတ်(၅၂၁/က)၊ အောင်ရတနာလမ်း၊ (၇)အရှေ့ရပ်ကွက်နေ ဒေါ်ခင်နန်းမြင့် (EC သာကေတမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)၏ခင်ပွန်းသည် ၁၆-၃-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၁ ရက် နံနက် ၁၁ နာရီ ကျီစုသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတိတိ ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၃-၂၀၂၁ ရက် နံနက်ပိုင်းတွင် သာကေတ အမှတ်(၅၂၁/က)၊ အောင်ရတနာလမ်း၊ (၇) အရှေ့ရပ်ကွက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်စိန်(ကျီးသဲ)

### မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း

### အကြီးတန်းအကောက်ခွန်အရာရှိ(ငြိမ်း)

## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄၇)နေ (ဦးဖိုးစစ်-ဒေါ်မြတင်)တို့၏သား၊ (ဒေါ်ခင်ဝင်းမြင့်)၏ခင်ပွန်း၊ (ဦးအောင်ကျော်ဦး)-ဒေါ်စုစုလှိုင်၊ (ဦးနေမျိုးမြတ်)-ဒေါ်ချောပဘာ၊ ဦးခင်မောင်ဆင့်-ဒေါ်သန္တာအောင်၊ ဒေါ်မာလာအောင်တို့၏ဖခင်၊ မနန်းအိအိဝေ၊ မပြုံးမေတင့်၊ မောင်အောင်ကျော်ဇော၊ မောင်သန့်ညီညီတို့၏အဘိုး၊ Jayden ၏ဘိုးဘိုးကြီး သည် ၁၆-၃-၂၀၂၁(အင်္ဂါနေ့)၊ နံနက် ၈:၃၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## အန္တိမ အဂ္ဂိစျာပန ဖိတ်ကြားလွှာ

## ဘဒ္ဒန္တပဒုမ

## သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၂) ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ လေထီးလမ်း၊ အသောကာရာမကျောင်းတိုက်(ကွင်းကျောင်း)၏ ဦးစီးပဓာနနာယက သာသနဓဇသီရိ ပဝရဓမ္မာစရိယ မဇ္ဈိမနိကာယပါဠိပါရဂူ နိုင်ငံတော်ဝိနည်းဓိုရ်၊ မြို့နယ်သြဝါဒါစရိယဘဒ္ဒန္တပဒုမ မဟာထေရ်မြတ်သည် (၁၃၈၂ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၃ရက်) (ကြာသပတေးနေ့) ည ၉:၅၀ နာရီတွင် ခန္ဓာချုပ်ငြိမ်းကာ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) ၁၉-၃-၂၀၂၁ (သောကြာနေ့)တွင် မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါသောကြောင့် ရပ်နီး/ရပ်ဝေးမှ တပည့် ရဟန်းရှင် လူအပေါင်းတို့အား လေးစားစွာဖြင့် အသိပေး အကြောင်းကြား ဖိတ်ကြားအပ်ပါ သည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ၊ မှော်ဘီမြို့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုမန

### သုခဝတီကျောင်းတိုက်၊ ထန်းတောကြီးရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

## သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆည်ကြီးအုပ်စု၊ ထန်းတောကြီးကျေးရွာ၊ သုခဝတီကျောင်းတိုက်၏ ဦးစီးပဓာန နာယက ကျေးဇူးတော်ရှင် ဘဒ္ဒန္တသုမနသည် ၈-၃-၂၀၂၁ (တနလ်ာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျေးဇူးတော်ရှင် ဘဒ္ဒန္တသုမန၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား သုခဝတီကျောင်းတိုက် ဓမ္မာရုံတွင် တပည့်ဒါယကာ၊ ဒါယိကာမများ ပူဇော်ခံရန်အတွက် ခေတ္တယာယီထားရှိပြီး (၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်) ၉-၄-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထန်းတောကြီးကျေးရွာသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**




## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်ကုန်းကျေးရွာအုပ်စု၊ ထိန်ကုန်းကျေးရွာနေ ဦးလှမြင့်နှင့် (ဒေါ်ကျင်ငွေ)တို့၏သမီးဖြစ်သူ မသီတာ(ခ)မသီတာဝင်းသည် မိသားစုအား စိတ်ဆင်းရဲခြင်း၊ စိတ်သောကရောက်ရှိစေခြင်းများ အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို တာဝန်ယူမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူစိန် (အထက်တန်းရှေ့နေ)(စဉ်-၃၈၈၆၃)**
**အစုကြီးကျေးရွာ၊ အစုကြီးကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၁၃၇၇၉၂၊ ၀၉-၉၆၁၃၀၁၃၅၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ ဦးဘချိုလမ်းနှင့် မဟော်သဓာလမ်းထောင့်၊ မြေကွက်အမှတ်-၁၃၄၂၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးကြည်စိန်(TKA-၀၀၄၈၀၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နှစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်သူထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော ဦးဝင်းကြိုင် [၁၄/ဝခမ(နိုင်)၂၃၅၈၉၃]မှ အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၀၇၂၈၀**

## သွေးသည် အသက်



ကြေးမုံ ယနေ့ ဖတ်စရာ

**တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် မော်လ်ဒိုက်နိုင်ငံ အတည်ပြု**

စာမျက်နှာ » ၁၃

**ရေနွေးကြမ်းတစ်ခွက်က အစာအိမ်အတွက် အကျိုးပြု**

စာမျက်နှာ » ၁၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၇

**ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့က ဒိုင်ဘာလာအား ပြောင်းရွှေ့ကြေးပေါင် ၄၈ သန်းပေး၍ ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ**

စာမျက်နှာ » ၂၈

**ဂရမ်မီညမှာ စံချိန်သစ်တင်ခဲ့ကြတဲ့ တေလာဆွစ်နဲ့ ဘီယွန်းစေး**

စာမျက်နှာ » ၂၉

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆဋ္ဌမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်လျက်ရှိ

ပဲခူး မတ် ၁၆

ပဲခူးမြို့ရှိ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ဂေါပကအဖွဲ့မှဦးဆောင်၍ ဆဋ္ဌမအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီးအား စတင်တည်ထားကိုးကွယ်ခဲ့သည့် မဟာသက္ကရာဇ်(၁၀၉)ခုနှစ်မှ စတင်ရေတွက်သော် ယခုအချိန်တွင် သက်တမ်း ၂၆၀၀ ကျော်နေပြီဖြစ်ပြီး သမိုင်းစဉ်တစ်လျှောက်မင်းနှင့်ပြည်သူတို့ ယနေ့ထိတိုင် စဉ်ဆက်မပြတ် ထိန်းသိမ်းပြုပြင်ခဲ့သည်မှာ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးသည့်စိတ်၊ ဘာသာသာသနာကိုထိန်းသိမ်းစောင့်ရှောက်သောပင်ကိုအသိစိတ်တို့ကြောင့်ပင် ဖြစ်ပေသည်။

သမိုင်းဝင်ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် သက်တမ်းရှည်ကြာလာပြီဖြစ်ရာ မျက်မှောက်ခေတ်တွင် အစဉ်အမြဲရွှေရောင်ဝင်း၍ သစ်လွင်တောက်ပပြီး ဘုရားဖူးပြည်သူများစိတ်ချမ်းမြေ့ကြည်လင်စွာဖြင့် ကြည်ညိုသဒ္ဓါပွားနိုင်စေရန်အတွက် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က အကြောင်းအမျိုးမျိုးကြောင့် မဆောင်ရွက်နိုင်ခဲ့သည်မှအပ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းကို (၅)နှစ်တစ်ကြိမ် ဆောင်ရွက်ရန် သတ်မှတ်ထားရှိရာ ၁၈၉၈ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၀၄ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၀ ပြည့်နှစ်တွင် စတုတ္ထအကြိမ်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁



# ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဘင်ဇီမာက စာချုပ်သစ်ချုပ်ဆိုရန် အသင့်ရှိနေဟုဆို

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘင်ဇီမာဟာ ဘာနေဗျူး အနေနဲ့ ကမ်းလှမ်းလာပါက စာချုပ်သစ်ချုပ်ဆိုဖို့ ချုပ်ဆိုဖို့ အသင့်ရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။




အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဘင်ဇီမာရဲ့ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက တစ်နှစ်သာ ကျန်ရှိတော့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းမှာ ဘာနေဗျူးကနေ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာရဖို့ ရှိနေတာဖြစ်ပါတယ်။

အသက်အရွယ်ရနေပြီ ဖြစ်ပေမယ့် တိုက်စစ်မှူး ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အရေးပါတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေတာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ သွင်းဂိုး ၂၀ အထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူး ဘင်ဇီမာက ကမ္ဘာ့အကောင်းဆုံးအသင်းတွေထဲက တစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ အနာဂတ်ဆက်ရှိနေဖို့ မျှော်လင့်ထားတယ်လို့ အတ္တလန္တာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်မတိုင်မီ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်မှာ ပြောကြားခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ တိုက်စစ်မှူး ဘင်ဇီမာကို စာချုပ်သစ်ချုပ်ဆိုဖို့ လက်ရှိအချိန်အထိ ပြောကြားထားခြင်းမရှိဘဲ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ ဒေါ့မွန်အသင်းမှ နော်ဝေတိုက်စစ်မှူး ဟာလန်းတို့ကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ ငွေကြယ်

## ထူးခြားသည့် နေ့အပူချိန်များ

၁၆-၃-၂၀၂၁

ချောက်
၄၀ ဒီဂရီစင်တီဂရိတ်

မကွေး
၄၀ ဒီဂရီစင်တီဂရိတ်

ဘော်လခဲ
၄၀ ဒီဂရီစင်တီဂရိတ်

ရွှေဘို
၃၉ ဒီဂရီစင်တီဂရိတ်

မုံရွာ
၃၉ ဒီဂရီစင်တီဂရိတ်

ရမည်းသင်း
၃၉ ဒီဂရီစင်တီဂရိတ်

ပြည်
၃၉ ဒီဂရီစင်တီဂရိတ်